MINISTRY OF
Sports and Youth Affairs
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
သတင်းလွှာ
Monthly Newsletter Volume 1, No, 5, September 2022

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနား တက်ရောက်




နေပြည်တော်၊ စက်တင်ဘာလ(၂)ရက်။

"၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ" ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ ညနေ(၃)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးထွန်း၊ ဒေါက်တာမိုးဇော်ထွန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးလှိုင်၊ ဒေါက်တာစိုးဝင်း၊ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့်ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်ဘောလုံးအားကစား ဝါသနာရှင်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့ကြပါသည်။

ယနေ့ ဗိုလ်လုပွဲ ပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေး ဝန်ကြီးဌာနအသင်းကို (၁)ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ပထမတံခွန်စိုက်ဒိုင်းဆုအား ဆွတ်ခူးရရှိခဲ့ပါသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားအား ဆက်လက် ကျင်းပခဲ့ရာ အကောင်းဆုံး ဂိုးသမားဆု ရရှိခဲ့သည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၁၈) ဟိန်းထက်စိုးနှင့် အကောင်းဆုံး နောက်တန်းအားကစားသမားဆုရရှိခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၂၅)အောင်ဇင်ဖြိုး တို့ကို သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း မှ လည်းကောင်း၊ အကောင်းဆုံးအလယ်တန်းအားကစားသမားဆုရရှိခဲ့သည့် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းမှ ကျောနံပါတ်(၇) ကျော်စိုးဦး၊ အကောင်းဆုံးရှေ့တန်း အားကစားသမားဆု ရရှိခဲ့သည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာနအသင်းမှ ကျောနံပါတ်(၂၂)

စာမျက်နှာ(၂)သို့









▶ မျက်နှာဖုံးသတင်း …မှ စာဆက်

စောနေမျိုးထွန်းနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု ရရှိခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းမှ ကျောနံပါတ်(၁၁)မင်းမော်ဦး တို့ကို သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးအေးထွန်း မှလည်းကောင်းတစ်ဦးချင်း အကောင်း ဆုံးဆုများနှင့် ငွေသားဆုများအား အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။

ဆက်လက်၍ စတုတ္ထဆု ရရှိခဲ့



အသင်းကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်မှ တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ်သိန်း(၂၀)အားလည်းကောင်း၊ ပထမတံခွန်စိုက်ဒိုင်းဆု ရရှိခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံမှ တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆု ကျပ်သိန်း(၃၀)နှင့် တံခွန်စိုက်ဒိုင်းဆု





သည့် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းကို အားကစား နှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာစိုးဝင်းမှ ငွေသား ကျပ် (၁၀)သိန်းအားလည်းကောင်း၊ တတိယဆု ရရှိခဲ့သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်မှတစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆု ကျပ်(၁၅) သိန်းအားလည်းကောင်း၊ ဒုတိယဆု ရရှိခဲ့သည့် ကာကွယ်ရေးဝန်ကြီးဌာန အားလည်းကောင်း အသီးသီး ပေးအပ် ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိပါ သည်။ ■

---



## ကြက်တောင်အားကစားနည်းဆောင်ပုဒ်

"We Live in a Family"
မိသားစုသဖွယ်နေထိုင်ကြမည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ နေပြည်တော်တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့်လက်ရွေးစင်အားကစားသမားများ နေ့လယ်စာ စားသုံးနေမှုအား လိုက်လံကြည့်ရှုစစ်ဆေး





● နေပြည်တော်၊ စက်တင်ဘာလ(၂)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း၌ စခန်းဝင် လေ့ကျင့်လျက်ရှိသည့် လက်ရွေးစင်အားကစားသမားများ Cluster(9)ရှိ စားရိပ်သာတွင် နေ့လယ်စာ စားသုံးနေမှုများကို လိုက်လံ ကြည့်ရှု စစ်ဆေးခဲ့ပြီး အားကစားသမားများအား Nutrition အာဟာရ ညီညွတ်မျှတ ပြည့်ဝစွာ ချက်ပြုတ် ကျွေးမွေးနိုင်ရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။




ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် အားကစားဆေးဘက်ဌာနခွဲမှ အရာထမ်း/အမှုထမ်းများအား တွေ့ဆုံခဲ့ပြီး ဝန်ထမ်းများတစ်ဦးနှင့်တစ်ဦး အထက်အောက် အပြန်အလှန် လေးလေးစားစား ပြောဆိုဆက်ဆံသွားကြရန်လိုကြောင်း၊ မိသားစုသဖွယ် ညီအစ်ကိုမောင်နှမ စိတ်ဓာတ်ထားရှိပြီး အချင်းချင်း ကူညီရိုင်းပင်း၍ မိမိတို့အားပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်နှင့် အခက်အခဲများ၊ လိုအပ်ချက်များရှိပါက အဆင့်ဆင့်သတင်းပို့၍ ဆောင်ရွက် လုပ်ကိုင်သွားကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရပါသည်။ ■

## လမ်းလျှောက်ခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ

- ခန္ဓာကိုယ်နှင့် စိတ်ဓာတ် ကြံ့ခိုင် ကျန်းမာလာစေသည်။
- သက်လုံကောင်း၍ အမောခံနိုင်သည်။
- အဆီလျော့ကျ၍ အဝမလွန်အောင် ထိန်းပေးနိုင်သည်။
- ဦးနှောက်နှင့်အာရုံကြော အားကောင်း၍ ဉာဏ်ရည်ထက်မြက်စေသည်။
- ကိုယ်ခံစွမ်းအား မြင့်တက်စေပြီး ရောဂါများကို ကာကွယ်နိုင်သည်။
- အကြော အချဉ် အရွတ်များကို ပျော့ပြောင်းစေ၍ လူကို ဖြတ်လတ်ပေါ့ပါးစေနိုင်သည်။
- သွေးလည်ပတ်မှု ကောင်းမွန်ပြီး အိပ်ပျော်စားဝင်စေသည်။
- စိတ်ဖိစီးမှု လျော့နည်းစေ၍ ကြည်လင်လန်းဆန်းစေသည်။
- နေ့စဉ်ပုံမှန် နာရီဝက်ခန့် လမ်းလျှောက်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ဘဝကို ပိုင်ဆိုင်စေသည်။



# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အလေးမနည်းပြသင်တန်း အမှတ်စဉ်(၁/၂၀၂၂) သင်တန်းဖွင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော်၊ စက်တင်ဘာလ(၅)ရက်။

အလေးမအားကစားနည်းဖွံ့ဖြိုး တိုးတက်စေရန်၊ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန် နှင့် အားကစားပြိုင်ပွဲများတွင် လက်ရှိကျင့်သုံးလျက်ရှိပြီး အချိန်နှင့်တစ်ပြေးညီ တိုးတက်ပြောင်းလဲနေသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း/စည်းကမ်းများကို အချိန်တိုအတွင်း သိရှိလေ့လာနိုင်စေရန် ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် "အလေးမနည်းပြသင်တန်း အမှတ်စဉ်(၁/၂၀၂၂) သင်တန်းဖွင့်ပွဲအခမ်းအနား" ကို ယနေ့နံနက် (၉း၀၀)နာရီ အချိန်တွင် နေပြည်တော်အားကစား လေ့ကျင့်ရေးစခန်းရှိ Multipurpose Hall ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။





ဦးစွာ သင်တန်းသား/သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်ဂါရဝပြုခဲ့ကြပြီးနောက် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် အလေးမအဖွဲ့ချုပ်ကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ၁၉၄၆ ခုနှစ်၊ မေလ(၅)ရက်နေ့တွင် စတင် ဖွဲ့စည်းခဲ့ကြောင်း၊ အလေးမအဖွဲ့ချုပ်သည် စတင်ဖွဲ့စည်းခဲ့ချိန်မှစ၍ အိုလံပစ်အားကစားပြိုင်ပွဲ၊ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲ၊ အာရှချန်ပီယံပြိုင်ပွဲ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲများနှင့် အခြားသော အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ကာ ဆုတံဆိပ်များ မလွတ်တမ်း ရယူပေးနိုင်ခဲ့ပြီး သက်တမ်းကြာရှည်စွာဖြတ်သန်း၍ နိုင်ငံ့ဂုဏ်ဆောင်ပေးခဲ့သည့် အားကစားအဖွဲ့ချုပ် တစ်ခုဖြစ်သည်ကို မှတ်တမ်းများအရ သိရှိခဲ့ရပါကြောင်း၊ အလေးမအားကစားနည်းအနေဖြင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် (၉၁)ခု၊ ငွေတံဆိပ် (၆၂)ခု၊ ကြေးတံဆိပ် (၆၅)ခု၊ စုစုပေါင်း ဆုတံဆိပ်(၂၁၈)ခုအား မြန်မာနိုင်ငံအတွက် ဆွတ်ခူးရယူပေးနိုင်ခဲ့ပြီး စဉ်ဆက်မပြတ် အောင်မြင်မှုများ ရရှိခဲ့သည့် အားကစားနည်း (၁)နည်း ဖြစ်ပါကြောင်း၊ မြန်မာ့အားကစားလောက အောင်မြင်တိုးတက်စေရန် နိုင်ငံတော်မှ အားကစားသမားများအား စနစ်တကျ စခန်းသွင်း လေ့ကျင့်ပေးနိုင်ရေးအတွက် အားကစားကွင်း/အားကစားရုံများ၊ အထောက်အကူပြု အားကစားအသုံးအဆောင်ပစ္စည်းများကို နှစ်စဉ်နှစ်တိုင်း ပိုမိုပံ့ပိုးထောက်ပံ့ပေးလျက်ရှိသည့်အတွက် အားကစားအဖွဲ့ချုပ်များအနေဖြင့်လည်း မျိုးဆက်သစ်အားကစားသမားများမှသည် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားများအဖြစ် ထွက်ပေါ်လာစေရေးအတွက် ပြုစုပျိုးထောင်လေ့ကျင့် ပေးသွားရန် အလေးထားဆောင်ရွက်သွားကြစေလိုကြောင်း၊ မိမိသင်ကြား လေ့ကျင့်ပေးမည့် အားကစားသမားများကို နည်းစနစ်ပိုင်းများသာမက စည်းမျဉ်း/စည်းကမ်းများ၊ နည်းဥပဒေများ၊ အားကစားသမားကောင်းတစ်ဦးတွင် ထားရှိရမည့် စိတ်ဓာတ်၊ စည်းကမ်းလိုက်နာမှုတို့ကိုပါ သင်ကြားပေးသွားရမည်ဖြစ်ပြီး အင်အားဖြစ်စေမည့် အစာအာဟာရများ စားသုံးတတ်စေရန်နှင့် တားမြစ်ဆေးဝါး၏ ဆိုးကျိုးများကို နားလည်သဘောပေါက်ပြီး ရှောင်ကြဉ်နိုင်စေရန် အတွက် အထူးလေ့ကျင့် သင်ကြားပေးသွားရန်လိုကြောင်း၊ သင်တန်းသား/သင်တန်းသူများအနေဖြင့် မိမိတို့တာဝန်ကျရာ ဒေသ အသီးသီးမှ မျိုးဆက်သစ် အလေးမအားကစားသမားများအား ရှာဖွေ၊ စည်းရုံး၊ စုဆောင်းပြီး လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် ယခုသင်တန်းတွင် စာတွေ့/လက်တွေ့ သင်ကြားပို့ချပေးမည့်သင်ခန်းစာများကို စိတ်ပါဝင်စားစွာဖြင့် ထိထိမိမိလေ့လာ သင်ယူမှတ်သား၍ ပြန်လည်အသုံးချပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် မျိုးဆက်သစ် အလေးမ အားကစားသမားများ ထွက်ပေါ်လာစေရန် ပြုစုပျိုးထောင်ပေးနိုင်သည့် နည်းပြဆရာကောင်းများ ဖြစ်အောင် ကြိုးစားအားထုတ်၍ သင်ယူလေ့လာသွားကြရန် တိုက်တွန်း







>>>>

မှာကြားလိုကြောင်း ပြောကြား ခဲ့ပါသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးလှိုင်၊ ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးထွန်းမြင့်ဦး၊ ဦးနေဝင်း၊ ဒုတိယအမြဲတမ်း အတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အလေးမအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် သင်တန်းသား/ သင်တန်းသူများ တက်ရောက်ခဲ့ကြပါသည်။ သင်တန်းကာလအဖြစ် စက်တင်ဘာလ(၅)ရက်နေ့မှ စက်တင်ဘာလ(၉)ရက်နေ့အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ သင်တန်းနည်းပြဆရာ(၆)ဦးတို့ဖြင့် သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသား/သင်တန်းသူ(၂၆)ဦး တက်ရောက်သင်ကြားသွားမည် ဖြစ်ကြောင်း သိရှိရပါသည်။





ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် Training Hall No(3) တွင် ပိုက်ကျော်ခြင်းအားကစားသမားများနှင့် တိုက်ကွမ်ဒိုအားကစားသမားများ၏ လေ့ကျင့်နေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ပြီးနောက် အားကစားသမားများအား ကျန်းမာရေးအထူးဂရုစိုက်ကြရန်နှင့် သတ်မှတ်ထားသည့်အမှတ်ရနိုင်မည့်နေရာများ၊ ကန်ချက်များကို သိရှိနားလည်ပြီး စနစ်တကျ မှန်မှန်ကန်ကန် လေ့ကျင့်နိုင်ရန်အတွက် လိုအပ်သည့် လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းများအား ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိ(C)ရုံ၌ ခန့်တည်ကြည်ကုမ္ပဏီနှင့် ဝဏ္ဏသိဒ္ဓိ(A)ရုံ၌ မဏိကမ္ဘာကုမ္ပဏီတို့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်မီးကြိုးကြိုးခင်း ပြုပြင်နေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပြီး ကုမ္ပဏီမှတာဝန်ရှိသူများအား သတ်မှတ်ထားသည့်ကာလအတွင်း အချိန်မီပြီးစီးစေရေးနှင့် သတ်မှတ် စံချိန်၊ စံညွှန်း၊ အရည်အသွေးကောင်းမွန်ပြီး စေတနာထား၍ လုပ်ကိုင်ဆောင်ရွက်ပေးသွားရန် လမ်းညွှန်မှာကြားခဲ့ပြီး အခက်အခဲများရှိပါက ပေါင်းစပ်ကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် လူငယ်ရေးရာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည့် အခမ်းအနားတက်ရောက်

● နေပြည်တော်၊ စက်တင်ဘာလ(၂၁)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် လူငယ်ရေးရာဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်(၁၁)နာရီခွဲအချိန်တွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ လူငယ်ရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စု ဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် လူငယ်ရေးရာလုပ်ငန်းကိစ္စရပ်များကို ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် လူငယ်ရေးရာဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်နေသည်ကို တွေ့မြင်ရပါကြောင်း၊ ဝန်ထမ်းများအားလုံးသည် ပြည်သူ့ဝန်ထမ်းများဖြစ်ပြီး၊ မိမိတို့၏ ခံယူချက်၊ အသိစိတ်ဓာတ်၊ ဝါသနာတို့ဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရာတွင် နိုင်ငံနှင့် လူမျိုးအပေါ် သစ္စာစောင့်သိကြရမည် ဖြစ်ကြောင်း၊ ခေတ်နှင့်အညီပြောင်းလဲတိုးတက်လာသော နည်းပညာများကို လေ့လာကြရန်လိုအပ်ပြီး၊ အထူးသဖြင့် အသိပညာဗဟုသုတတိုးပွားစေပြီး လူငယ်များနှင့် သက်ဆိုင်သော စာအုပ်စာပေများကို အစဉ်အမြဲ ဖတ်ရှုလေ့လာမှတ်သားကြရန် လိုကြောင်း၊ လူငယ်ရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ရင်ဘောင်တန်း ဆက်သွယ်ဆောင်ရွက်နေရသည့်အတွက် အခြားသူများထက် ဘာသာစကား၊ နိုင်ငံတကာအတွေ့အကြုံများနှင့် လုပ်ငန်းတာဝန်များကို ကျွမ်းကျင်အောင် ပိုမိုထမ်းဆောင်နိုင်ရန် လိုအပ်ကြောင်း၊ မိမိတာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် စိတ်စေတနာ အပြည့်အဝဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှအကောင်းဆုံးဆောင်ရွက်သွားကြရန်လိုကြောင်း၊ သို့မှသာ ပြီးပြည့်စုံသော ရုံးလုပ်ငန်းများကို ဆောင်ရွက်လာနိုင်မည်ဖြစ်ပြီး မိမိအဖွဲ့အစည်းလည်း အောင်မြင်တိုးတက်လာမှာ ဖြစ်ကြောင်း။ ဝန်ထမ်းတစ်ဦးသည် နောက်လိုက်ကောင်းဖြစ်မှ ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ ခေါင်းဆောင်





စာမျက်နှာ(၆)သို့

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးမင်းသိန်းဇံ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများအား ကြည့်ရှုစစ်ဆေး

● နေပြည်တော်၊ စက်တင်ဘာလ(၂၈)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမောင်မောင်သန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ မွန်းလွဲ(၁) နာရီခွဲအချိန်တွင် ရောဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်သို့ ရောက်ရှိခဲ့ရာ ပန်းတနော်မြို့နယ် အားကစားကွင်း/အားကစားရုံတို့အား

>>>





စာမျက်နှာ(၅) ...မှ စာဆက်

ကောင်းတစ်ဦးဖြစ်လာစေရန် လိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ်များနှင့် ရှိသင့်ရှိထိုက်သည့် ပင်ကိုအရည်အသွေးနှင့်အရည်အချင်းများ ပြည့်ဝအောင် ကြိုးစားအားထုတ် သွားကြရန် လိုကြောင်း၊ တပည့်သားသမီး လက်အောက်ငယ်သားများအပေါ် မိသားစုစိတ်ဓာတ်ထားရှိပြီး အပြန်အလှန်ကူညီရိုင်းပင်း ဆက်ဆံသွားရန် လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲပြဿနာများကို ဘဝသင်ခန်းစာအဖြစ်မှတ်ယူပြီး ပိုမို ကောင်းမွန်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ရောဂါကို တားဆီးကာကွယ်နိုင်စေရန် ဝန်ထမ်းများ အားလုံး Mask တပ်ဆင်ခြင်း၊ လက်သန့်ဆေးရည်များ သုံးခြင်းနှင့် လူစုလူဝေးများသော နေရာဒေသများသို့ ရှောင်ကြဉ်ကြရန် လိုကြောင်းနှင့် မိမိနှင့်မိသားစုကိုဗစ်-၁၉ ရောဂါကူးစက်မခံရအောင် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော ကိုဗစ်-၁၉ရောဂါ ထိန်းချုပ် ကာကွယ်ရေးစည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာပြီး ကျန်းမာရေးကို အထူးဂရုစိုက်ကြရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက အမှာစကား ပြောကြားရာတွင် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ဦးစီးဌာနအနေဖြင့် လူငယ်ရေးရာလုပ်ငန်းဆောင်ရွက်ချက်များကို ဆထက်ထမ်းပိုး ပိုမို ကြိုးစားဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းမှ လူငယ်ရေးရာဦးစီးဌာန၏ လက်ရှိဆောင်ရွက်နေသောလုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများအား Power-point Presentation ဖြင့် ရှင်းလင်းတင်ပြခဲ့မှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း၊ လူငယ်ရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမင်းညွှန့်၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။























လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ဘောလုံးအားကစားကွင်း စိမ်းလန်းစိုပြေစေရေးနှင့် သန့်ရှင်းသာယာလှပစေရေး၊ အားကစားလောကတိုးတက်စေရေးအတွက် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးနိုင်ရေး၊ ပြည်သူများ စိတ်လက်ပေါ့ပါးစွာ လာရောက်လေ့ကျင့်ကစားနိုင်စေရေးနှင့် အားကစားပြိုင်ပွဲများအား အဆင့်အတန်းမြင့်မြင့် လာရောက်ကြည့်ရှုအားပေးနိုင်စေရေး၊ မျိုးဆက်သစ်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးအတွက် လိုအပ်သည့် အားကစား အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အားကစားကွင်းနှင့် မိုးလုံလေလုံ အားကစားရုံများ ရေရှည်တည်တံ့စေရေးနှင့် နောင်တည်ဆောက်မည့် အားကစားကွင်း/အားကစားရုံများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အဆင့်မီစွာ တည်ဆောက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းကုန်းမြို့နယ်သို့ ရောက်ရှိပြီး မြို့နယ် အားကစားခန်းမအား လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ရာ (၂၀၂၃-၂၀၂၄) ဘဏ္ဍာနှစ်၊ ပြည်ထောင်စု ဘတ်ဂျက်တွင် အားကစားခန်းမအား အကြီးစားပြင်ဆင် ဆောင်ရွက်နိုင်ရေးအတွက် လျာထားရေးဆွဲသွားရန်၊ အားကစားခန်းမ ရေရှည် တည်တံ့ခိုင်မြဲစေရေး စနစ်တကျထိန်းသိမ်းစောင့်ရှောက်သွားရန်နှင့် ဝန်ထမ်းများအနေဖြင့် အခက်အခဲများ၊ လိုအပ်ချက်များရှိပါက တာဝန်ရှိသူများမှတစ်ဆင့် အချိန်မရွေး တင်ပြနိုင်ပြီး လိုအပ်သည်များကို ပံ့ပိုးကူညီ ဖြည့်ဆည်း ဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်ကန်ကြီးထောင့်မြို့နယ်သို့ ဆက်လက် ထွက်ခွာခဲ့ပြီး မြို့နယ်မိုးလုံလေလုံအားကစားရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ရာ အားကစားရုံ ရေရှည်တည်တံ့ခိုင်မြဲစေရေး စနစ်တကျ ထိန်းသိမ်းထားရှိရန်လိုကြောင်း၊ မျိုးဆက်သစ်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ဒေသတွင်းအားကစားပြိုင်ပွဲများကျင်းပရာတွင် ကြက်တောင်အားကစားနည်းနှင့် ပိုက်ကျော်ခြင်း အားကစားနည်းတို့အတွက် လိုအပ်သော အားကစားအထောက်အကူပြုပစ္စည်းများအား ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း မှာကြားခဲ့ပြီးနောက် ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဝန်ထမ်းများ အချင်းချင်း မိသားစုစိတ်ဓာတ်ဖြင့် အပြန်အလှန်ကူညီရိုင်းပင်းပြီး စည်းစည်းလုံးလုံး နေထိုင်သွားကြရန်၊ ကျန်းမာရေးကို အထူးဂရုစိုက်ကြရန်နှင့် အခြားအခက်အခဲများရှိပါကလည်း မိမိတို့အနေဖြင့် တတ်နိုင်သမျှ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြား

စာမျက်နှာ(၈)သို့

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ရေကြည်မြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ဓနုဖြူမြို့နယ်များရှိ အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော်၊ စက်တင်ဘာလ(၂၉)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ရောဝတီတိုင်း သိမ်းပေးရန်နှင့် အားကစားခန်းမအတွင်း မှောင်မနေစေရန်၊ ခိုငှက်များ မဝင်ရောက်နိုင်အောင် စနစ်တကျ ကာရံသွားရန်၊ ကြမ်းခင်းများ ရေရှည် ခိုင်ခံ့မှုရှိစေရန်အတွက် လေဝင်ပေါက်များ စနစ်တကျ ထားရှိရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများအားလုံး ကျန်းမာရေးနှင့် လုံခြုံရေး အထူးဂရုစိုက်ကြရန် လိုကြောင်း၊ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် မိသားစုစိတ်ဓာတ်





ဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက်(၈)နာရီခွဲအချိန်တွင် ရေကြည်မြို့နယ် ဘောလုံးအားကစားကွင်းနှင့် မိုးလုံလေလုံအားကစားခန်းမ အကြီးစားပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ဘောလုံး အားကစားကွင်း စိမ်းလန်းစိုပြေစေရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရေမဝပ်စေရေးအတွက် မြက်များ မကြာခဏ ရိတ်



ထားရှိ၍ အပြန်အလှန်လေးစားမှုရှိပြီး စည်းလုံးညီညွတ်စွာ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပညာဝမ်းစာပြည့်ဝအောင် အမြဲတမ်း စာအုပ်စာပေများများ ဖတ်ရှု၍ လေ့လာမှတ်သားသင်ယူကြရန် လိုကြောင်း၊ ဒါမှသာ အသိပညာ၊ အတတ်ပညာတိုးပွား၍ ဗဟုသုတနှင့်ပြည့်စုံပြီး အရာရာကို ဝေဖန်ပိုင်းခြားနိုင်သည့် လူတော်လူကောင်းများ ဖြစ်လာနိုင်မည်

>>>

စာမျက်နှာ(၇) ...မှစာဆက်

ခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘောလုံးအားကစားကွင်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး အားကစားကွင်း ရေရှည်တည်တံ့စေရေးနှင့် သန့်ရှင်းသာယာမှုရှိစေရေးအတွက် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ ပြည်သူများ စိတ်လက်ပေါ့ပါးစွာ လာရောက်၍ အား



ကစား လေ့ကျင့်နိုင်ရေးအတွက် ကြိုတင်စီစဉ် ဆောင်ရွက်ထားရန် လိုကြောင်း ဝန်ထမ်းများကို မှာကြား၍ ဘောလုံးကွင်း ပွဲကြည့်စင် အသစ်တည်ဆောက်မည့် မြေနေရာနှင့် အားကစားနှင့်ကာယပညာသိပ္ပံ တည်ဆောက်မည့်မြေနေရာတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။





















ဖြစ်ကြောင်း၊ အားကစားလောကဖွံ့ဖြိုးတိုးတက်အောင် ကျရာအခန်းကဏ္ဍမှနေ၍ ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှကြိုးစား ဆောင်ရွက်သွားကြရန် လိုကြောင်း၊ အခက်အခဲလိုအပ်ချက်များရှိပါက အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျုံပျော်မြို့နယ်မိုးလုံလေလုံအားကစားရုံနှင့်ဘောလုံးအားကစားကွင်းတို့အား ကြည့်ရှု စစ်ဆေးခဲ့ပြီး အားကစားရုံရေရှည်တည်တံ့စေရေး ထိန်းသိမ်းစောင့်ရှောက် သွားရန်လိုကြောင်း၊ ခိုငှက်များ မဝင်အောင်စနစ်တကျ ကာရံထားရန်၊ မှန်များပိတ်ထားရန်နှင့် ဘောလုံးကွင်း စိမ်းလန်းစိုပြေစေရေးအတွက် သန့်ရှင်းရေးအမြဲပြုလုပ်ထားရန်၊ Score Board အသစ်၊ Inner Fencing နှင့် အဝင်ဂိတ်တံခါးများ ပြုလုပ်ပေးသွားမည်ဖြစ်ပြီး လိုအပ်သည့် အားကစားအထောက်အကူပြုပစ္စည်းများလည်းထောက်ပံ့ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအားလုံး အခက်အခဲများရှိပါက တင်ပြနိုင်ကြောင်း၊ မိမိအနေဖြင့် အတတ်နိုင်ဆုံးကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဓနုဖြူမြို့နယ်ပြည်သူ့အားကစားကွင်းရှိ ဘောလုံးအားကစားကွင်းအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဘောလုံးကွင်းစိမ်းလန်းစိုပြေစေရေး၊ သန့်ရှင်း သာယာမှုရှိစေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် ဝန်ထမ်းများ၏အခက်အခဲများအား အတတ်နိုင်ဆုံးဖြည့်ဆည်းကူညီဆောင်ရွက်ပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

# ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး စစ်တုရင်ပြိုင်ပွဲသို့ဝင်ရောက် ယှဉ်ပြိုင်မည့်ရောဝတီတိုင်းဒေသကြီး အသင်းအား ဩဝါဒခံယူခြင်းနှင့်အောင်နိုင်ရေး အလံပေးအပ်ပွဲ အခမ်းအနား ကျင်းပ

ရောဝတီတိုင်း၊ စက်တင်ဘာလ(၁)ရက်။

၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးစစ်တုရင်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရောဝတီတိုင်းဒေသကြီး အသင်းအား ဩဝါဒခံယူခြင်းနှင့် အောင်နိုင်ရေး အလံပေးအပ်ပွဲအခမ်းအနားကို ယနေ့နေ့လယ်(၁၄း၀၀)နာရီအချိန်တွင် ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)တွင် ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားသမားများ တက်ရောက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဩဝါဒအမှာ စကားပြောကြားကာ ချီးမြှင့်ထောက်ပံ့ငွေကျပ်(၈)သိန်းအား ပေးအပ်ခဲ့ပါသည်။



ယနေ့ နံနက်(၀၈း၃၀)နာရီအချိန်တွင် ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ပုသိမ်မြို့ ကိုးသိန်းအားကစားခန်းမတွင်ပြည်နယ်နှင့်တိုင်းဒေသကြီး စစ်တုရင်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီး စစ်တုရင်အသင်းလေ့ကျင့်နေမှုများအား လာရောက်ကြည့်ရှုကာ အားပေးစကားပြောကြားခဲ့ကြောင်း သိရှိရသည်။ ■







# မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌဖလား ခရိုင်ပေါင်းစုံ အသက်(၁၆)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲနှင့် အသက်(၁၈)နှစ်အောက်(အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

မန္တလေး၊ စက်တင်ဘာလ(၁၅)ရက်။

မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ ဖလား ခရိုင်ပေါင်းစုံ အသက်(၁၆)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲနှင့် အသက်(၁၈)နှစ်အောက်(အမျိုးသမီး)ဘောလုံး







ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေ(၃း၃၀)အချိန်တွင် မန္တလေးမြို့ အောင်မြေမန္တလာ အားကစားကွင်းတွင် ကျင်းပပြုလုပ်ရာ အခိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးမောင်ကို၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး ဘောလုံး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးစောငြိမ်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပါသည်။

ရွေးဦးစွာဗိုလ်လုပွဲပြိုင်ပွဲများကို ကျင်းပပြုလုပ်ရာ အသက်(၁၈)နှစ်အောက်(အမျိုးသမီး)ဘောလုံးပြိုင်ပွဲတွင် ကျောက်ဆည်ခရိုင်အသင်းနှင့် ရမည်းသင်းခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကျောက်ဆည်ခရိုင်အသင်းမှ (၁)ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ အသက်(၁၆)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲတွင် အောင်မြေသာစံခရိုင်အသင်းနှင့် မဟာအောင်မြေခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အောင်မြေသာစံခရိုင်အသင်းမှ (၂)ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရ ဗိုလ်စွဲခဲ့ကြပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ပါသည်။

အဆိုပါ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ မန္တလေးတိုင်း ဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်ဦးမောင်ကိုမှ အသက်(၁၆)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲ ပထမဆုရ အောင်မြေသာစံခရိုင်အသင်းနှင့် အသက်(၁၈)နှစ်အောက်(အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ပထမဆုရ ကျောက်ဆည်ခရိုင်အသင်းမှ အားကစားသမားများအား တစ်ဦးချင်း ဆုတံဆိပ်၊ ပထမ တံခွန်စိုက် ဆုဖလားနှင့် ငွေသားဆု ကျပ်(၁၀)သိန်းတို့ကိုလည်းကောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းမှ အသက်(၁၆)နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုရရှိသော မဟာအောင်မြေခရိုင်အသင်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်မှ အသက်(၁၈)နှစ်အောက်(အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဒုတိယဆုရ ရမည်းသင်းခရိုင်အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့်

>>>>

# ၂၀၂၂ ခုနှစ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ရိုးရာလှေလှော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

● ကရင်၊ စက်တင်ဘာလ(၁၀)ရက်။

၂၀၂၂ ခုနှစ်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ရိုးရာလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်









(၈း၀၀)နာရီအချိန်တွင် ကျင်းပ ပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ရိုးရာလှေလှော် ဆပ်ကော်မတီဝင်များ၊ အားကစား ဝါသနာရှင်များ၊ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအခမ်းအနားတွင် ဆုများချီးမြှင့်ရာ၌ ရေပြင်သက်ကယ်အဖွဲ့ ဂုဏ်ပြုငွေအား ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်မှလည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်း ဒုတိယဆုရရှိသော လှာကမြင်အသင်း နှင့် တတိယဆုရရှိသောအမှတ်(၅)အသင်းတို့အား ကရင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်စိုးမှလည်းကောင်း၊ ပထမဆုရရှိသော ထုံးအိုင်အသင်းအား ကရင်ပြည်နယ် ဥပဒေချုပ် ဦးရဲလွင်မှလည်းကောင်း၊ အမျိုးသားတစ်ဦးချင်း



ဒုတိယဆုရရှိသောအမှတ်(၄)အသင်းနှင့် တတိယဆုရရှိသော ဝင်းကျန်အသင်းတို့အား ကရင်ပြည်နယ် အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုမှလည်းကောင်း၊ ပထမဆုရရှိသော မုက္ကဒီအသင်းအား ကရင်ပြည်နယ်အစိုးရအဖွဲ့ လမ်းပန်း ဆက်သွယ်ရေးရာဝန်ကြီး ရဲမှူးကြီးခင်ဇော်မှလည်းကောင်း၊ အမျိုးသမီး(၃)တက်လှော် ဒုတိယဆု ရရှိသော မြဝတီအသင်းနှင့် တတိယဆုရရှိသော လှာကမြင်အသင်းတို့အား ကရင်ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးစိုးလွင်မှလည်းကောင်း၊ ပထမဆုရရှိသော ကော့ကရိတ်အသင်းအား ကရင်ပြည်နယ် အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းမှလည်းကောင်း၊ အမျိုးသား (၃)တက်လှော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသောအမှတ်(၉)အသင်းနှင့် တတိယဆုရရှိသော ကော့ကရိတ်အသင်းတို့အား ကရင်ပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်မှလည်းကောင်း၊ ပထမဆုရရှိသော မြဝတီအသင်းအား ကရင်ပြည်နယ် အစိုးရအဖွဲ့လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်မှလည်းကောင်း၊ အမျိုးသမီး(၅)တက်လှော်ပြိုင်ပွဲတွင် ပထမဆုရရှိသော မြဝတီအသင်း၊ ဒုတိယဆုရရှိသော ကော့ကရိတ်အသင်းနှင့် တတိယဆု ရရှိသော လှာကမြင်အသင်းတို့အား ကရင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းမှလည်းကောင်း၊ အမျိုးသား(၅)တက်လှော်ပြိုင်ပွဲတွင် ပထမဆု ရရှိသော မြဝတီအသင်း၊ ဒုတိယဆု ရရှိသော ကော့ကရိတ်အသင်းနှင့် တတိယဆုရရှိသော မိကရင်အသင်းတို့အား ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးမှ လည်းကောင်း အသီးသီးဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ ■



▶▶

ငွေသားဆု ကျပ်(၇၅၀၀၀၀/-)စီကို လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းမှ အကောင်းဆုံးအားကစားသမားဆုရရှိသော အားကစားသမားများကို ဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၁)သိန်းစီကို လည်းကောင်း၊ ပူးတွဲတတိယဆုရရှိသည့် ခရိုင်အသင်းများကို တာဝန်ရှိသူများမှ တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆု ကျပ်(၅)သိန်းစီကို လည်းကောင်း အသီးသီး ချီးမြှင့်ပေးခဲ့ပြီး ဆုရရှိသော အသင်း(၈)သင်းအား တစ်သင်းလျှင် ကျပ်(၅)သိန်းစီဖြင့် စုစုပေါင်း ကျပ်သိန်း(၄၀)ကို မန္တလေးတိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးစောငြိမ်းမှ ထပ်လောင်းချီးမြှင့်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ၂၀၂၂ ခုနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ် ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကျင်းပ

ကရင်၊ စက်တင်ဘာလ(၁၆)ရက်။

၂၀၂၂ ခုနှစ် ကရင်ပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ် ဝန်ကြီးချုပ် ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၆) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်ကို ယနေ့ ညနေ(၃း၀၀) နာရီအချိန်တွင် ဘားအံမြို့ အောင်သံလွင် အားကစားကွင်းတွင် ကျင်းပ















ပြုလုပ်ခဲ့ပြီး အခမ်းအနားသို့ ကရင်ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ်၊ ကရင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်နယ်ဘောလုံးဆပ်ကော်မတီဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြပါသည်။ ဗိုလ်လုပွဲ ပွဲစဉ်တွင် ကော့ကရိတ်မြို့နယ် နှင့် လှိုင်းဘွဲ့မြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကော့ကရိတ်မြို့နယ် ဘောလုံးအသင်းမှ(၃)ဂိုး(၂)ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲ သွားခဲ့ပါသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ကြက်ခြေနီတပ်ဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကို ကရင်ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်မှ လည်းကောင်း၊ ဒိုင်လူကြီးအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကို ပြည်နယ်ဘောလုံးဆပ်ကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဦးအေးလွင်မှလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ဗိုလ်လုပွဲနေ့ အကောင်းဆုံး အားကစားသမားဆုကို ပြည်နယ်ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ညိုမှ ချီးမြှင့်ခဲ့ပါသည်။ တတိယ ဆုရရှိသော ဘားအံမြို့နယ် အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ကရင်ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်စိုးမှ လည်းကောင်း ၊ ဒုတိယဆုရရှိသော လှိုင်းဘွဲ့မြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကိုကရင်ပြည်နယ်ဥပဒေချုပ် ဦးရဲလွင်မှလည်းကောင်း၊ ပထမဆု ရရှိသော ကော့ကရိတ်မြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ကရင်ပြည်နယ်အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုမှ လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပြီး နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုများအား ဆက်လက်ချီးမြှင့်ရာ အကောင်းဆုံး ဂိုးသမားဆုကို လှိုင်းဘွဲ့အခြေချစစ်ဗျူဟာ ဗျူဟာမှူး ဗိုလ်မှူးကြီး စံထူးကျော်မှလည်းကောင်း၊ နောက်တန်းအကောင်းဆုံး အားကစားသမားဆုကို ကရင်ပြည်နယ် အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီး ရဲမှူးကြီး ခင်ဇော်မှ လည်းကောင်း၊ အလယ်တန်း အကောင်းဆုံးအားကစားသမားဆုကို ကရင်ပြည်နယ် အစိုးရအဖွဲ့လူမှုရေးရာဝန်ကြီး ဦးစိုးလွင်မှလည်းကောင်း၊ ရှေ့တန်း အကောင်းဆုံး အားကစားသမားဆုကို ကရင်ပြည်နယ်အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းမှ လည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုကို ကရင်ပြည်နယ် အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်မှ လည်းကောင်း၊ တတိယဆုရရှိသော ဘားအံမြို့နယ်အသင်းအား ဆုကလပ်နှင့်ငွေသားဆုကျပ်(၅)သိန်းကို ကရင်ပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်မှလည်းကောင်း၊ ဒုတိယဆုရရှိသောလှိုင်းဘွဲ့မြို့နယ်အသင်းအား ဆုကလပ်နှင့် ငွေသားဆုကျပ်(၇)သိန်းကို ကရင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းမှ လည်းကောင်း၊ ပထမဆုရရှိသော ကော့ကရိတ်မြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကျပ်(၁၀) သိန်းကို ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးမှ လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

# ၂၀၂၂ ခုနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အခြေခံပညာအထက်တန်းကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ နှင့် ဆုပေးပွဲ အခမ်းအနားကျင်းပ

● မွန်၊ စက်တင်ဘာလ(၁၀)ရက်။

၂၀၂၂ ခုနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အခြေခံပညာအထက်တန်းကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ နှင့် ဆုပေးပွဲ အခမ်းအနားကို ယနေ့ ညနေ(၃)နာရီ အချိန်









၌ ကျောင်းသား အားကစားကွင်းတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ရှေးဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် အ-ထ-က(၆) နှင့် အ-ထ-က ကွေ့ဝမ်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အ-ထ-က ကွေ့ဝမ်းအသင်းမှ ၄ ဂိုး ၃ ဂိုးဖြင့် အနိုင်ရရှိပြီး ပထမ တံခွန်စိုက်ဒိုင်းဆုကြီးကို ဆွတ်ခူးခဲ့ပါသည်။

အဆိုပါပြိုင်ပွဲတွင် ပထမ တံခွန်စိုက်ဒိုင်းဆု ရရှိသော အ-ထ-က ကွေ့ဝမ်းအသင်းအား တစ်ဦးချင်းဆု၊ ငွေသားဆုကျပ်(၁၀)သိန်းနှင့် တံခွန်စိုက်ဒိုင်းဆုကြီးကို မွန်ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း မှလည်းကောင်း၊ ဒုတိယဆုရရှိသော အ-ထ-က(၆)အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုကို မွန်ပြည်နယ် အစိုးရအဖွဲ့လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးမှလည်းကောင်း၊ ပူးတွဲတတိယဆုရရှိသော အ-ထ-က(၉)အသင်းအား ငွေသားဆုကို မွန်ပြည်နယ် အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးမှလည်းကောင်း၊ အ-ထ-က တရနာအသင်းအား ငွေသားဆုကို သယံဇာတရေးရာဝန်ကြီးမှလည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုကို မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးမှလည်းကောင်း၊ ရှေ့တန်းအကောင်းဆုံးဆုကို မွန်ပြည်နယ် အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီးမှလည်းကောင်း၊ အလယ်တန်းအကောင်းဆုံးဆုကို ပြည်နယ် ဥပဒေချုပ်မှလည်းကောင်း၊ နောက်တန်းအကောင်းဆုံးဆုကို မွန်ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူးမှ လည်းကောင်း၊ ဂိုးသမားအကောင်းဆုံးဆုကို ပြည်နယ်ဘောလုံးဆပ်ကော်မတီ ဥက္ကဋ္ဌမှလည်းကောင်း၊ အတိုးတက်ဆုံးအားကစားသမားဆုကို ပြည်နယ် ဘောလုံးဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌမှလည်းကောင်း၊ ပြိုင်ပွဲနေ့စဉ်အကောင်းဆုံးဆုကို စုန်ရေကုမ္ပဏီမှလည်းကောင်း ချီးမြှင့် ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။ ■






## စက်ဘီးအားကစားနည်းဆောင်ပုဒ်

"နလုံးရောဂါကင်းစေဖို့ စက်ဘီးစီးကြစို့"
"စိတ်လည်းချမ်းသာ ကိုယ်လည်းကျန်းမာ စက်ဘီးစီးကြပါ"



# နိုင်ငံတကာနှင့်တိုင်းဒေသကြီး/ပြည်နယ်အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့်အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ပဲခူး၊ စက်တင်ဘာလ(၆)ရက်။

နိုင်ငံတကာနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်(၉:၀၀)အချိန်တွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်





များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများနှင့် ပဲခူးတိုင်းဒေသကြီးမှ ဆုတံဆိပ်ရ အားကစားသမားများ၊ အုပ်ချုပ်သူ၊ နည်းပြများ တက်ရောက်ခဲ့ပါသည်။






ထို့နောက် အခမ်းအနားကို ဆက်လက် ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ဦးမျိုးဆွေဝင်းမှ ဂုဏ်ပြုအမှာစကား ပြောကြားပြီး တာဂျစ်ကစ္စတန်နိုင်ငံတွင် ကျင်းပပြုလုပ်မည့် တင်းနစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မာဃတင်းနစ် အကယ်ဒမီ(ပဲခူးမြို့)မှ ကစားသမား (၃)ဦးအား ထောက်ပံ့ငွေ ကျပ်သိန်း (၂၀)နှင့် (၁၁)ကြိမ်မြောက်အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် ရွှေ တံဆိပ်(၂)ခု၊ ကြေးတံဆိပ်(၁)ခုရ မောင်စိုးပေအား ဂုဏ်ပြုလွှာ/ဂုဏ်ပြုငွေ ကျပ်(၂၇)သိန်းနှင့် ရွှေတံဆိပ်(၁)ခု၊ ငွေတံဆိပ်(၁)ခု၊ ကြေးတံဆိပ်(၁)ခုရ မောင်ကျော်ကျော်ဝင်းအား ဂုဏ်ပြုလွှာ/ ဂုဏ်ပြုငွေ ကျပ်(၂၂)သိန်းအားလည်း ကောင်း၊ တိုင်းဒေသကြီးတရား လွှတ်တော် တရားသူကြီးချုပ်၊ ဝဏ္ဏ ကျော်ထင် ဒေါ်လွင်လွင်အေးကျော်မှ (၁၁)ကြိမ်မြောက်အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်(၁)ခု၊ ငွေတံဆိပ်(၁)ခုရ မောင်ဇော်မင်းလွင် အား ဂုဏ်ပြုလွှာ/ဂုဏ်ပြုငွေ ကျပ် (၁၇)သိန်းနှင့်တိုင်းဒေသကြီးနှင့်ပြည် နယ် ဂျူဒိုအားကစားပြိုင်ပွဲတွင် ရွှေ တံဆိပ်(၁)ခုရ မောင်ကောင်းသန့်ထက် အား ဂုဏ်ပြုလွှာ/ဂုဏ်ပြုငွေ ကျပ် (၃)သိန်းအားလည်းကောင်း၊ လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်မှ (၁၁)ကြိမ် မြောက် အာဆီယံမသန်စွမ်းအားကစား ပြိုင်ပွဲတွင် ငွေတံဆိပ်(၁)ခု၊ ကြေး တံဆိပ်(၁)ခုရ မောင်စိုးသန်းအား ဂုဏ် ပြုလွှာ/ဂုဏ်ပြုငွေ ကျပ်(၁၂)သိန်း၊ ငွေတံဆိပ်(၁)ခု၊ ကြေးတံဆိပ်(၂)ခုရ မောင်အောင်ထွန်းလင်းအား ဂုဏ်ပြု လွှာ/ဂုဏ်ပြုငွေ ကျပ်(၁၇)သိန်းနှင့် ကြေးတံဆိပ်(၁)ခုရ မောင်အောင်မြင့် မြတ်အား ဂုဏ်ပြုလွှာ/ဂုဏ်ပြုငွေ ကျပ်(၅)သိန်းအားလည်းကောင်း၊ စီးပွား ရေးရာဝန်ကြီး ဦးတင်ဦးမှ (၁၁)ကြိမ် မြောက် အာဆီယံမသန်စွမ်းအားကစား ပြိုင်ပွဲတွင် ကြေးတံဆိပ်(၁)ခုရ မောင်လင်းအား ဂုဏ်ပြုလွှာ/ဂုဏ်ပြု ငွေကျပ်(၅)သိန်း၊ ကြေးတံဆိပ်(၂)ခုရ မောင်မင်းဇော်ဝင်းအား ဂုဏ်ပြုလွှာ/ ဂုဏ်ပြုငွေကျပ်(၁၀)သိန်းနှင့် ကြေး တံဆိပ်(၁)ခုရ မစိန်ဖော့အားဂုဏ်ပြု လွှာ/ဂုဏ်ပြုငွေ ကျပ်(၅)သိန်းအား လည်းကောင်း၊ သယံဇာတရေးရာ ဝန်ကြီး ဦးတင်သိန်းမှ (၁၁)ကြိမ် မြောက် အာဆီယံမသန်စွမ်းအားကစား ပြိုင်ပွဲတွင် ကြေးတံဆိပ်(၁)ခုရ မောင်စိုးဝင်းအား ဂုဏ်ပြုလွှာ/ဂုဏ်ပြု ငွေ ကျပ်(၅)သိန်းနှင့် ကြေးတံဆိပ် (၁)ခုရ မောင်ရဲမင်းထွန်းအား ဂုဏ် ပြုလွှာ/ဂုဏ်ပြုငွေ ကျပ်(၅)သိန်းအား လည်းကောင်း၊ လမ်းပန်းဆက်သွယ် ရေးဝန်ကြီး ရဲမှူးကြီးကျော်ထွဋ်မှ ထိုင်း နိုင်ငံ၊ ဘန်ကောက်မြို့တွင် ကျင်းပ ပြုလုပ်သည့် လူငယ်တင်းနစ်ပြိုင်ပွဲတွင် အသင်းလိုက် ကြေးတံဆိပ်(၁)ခုရ ရှိသည့် မာဃတင်းနစ်အကယ်ဒမီ (ပဲခူးမြို့)မှ ကစားသမား(၃)ဦးအား ဂုဏ်ပြုလွှာ/ဂုဏ်ပြုငွေ ကျပ်(၃)သိန်း နှင့် တိုင်းဒေသကြီး/ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကြေးတံဆိပ် (၁)ခုရ အမျိုးသားအသင်းအား ဂုဏ်ပြု လွှာ/ဂုဏ်ပြုငွေ ကျပ်(၆)သိန်းအား လည်းကောင်း၊ တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောလင်းအောင်မှ တိုင်း ဒေသကြီးနှင့်ပြည်နယ်ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ကြေးတံဆိပ်(၁)ခုရ အမျိုး သမီးအသင်းအား ဂုဏ်ပြုလွှာ/ ဂုဏ် ပြုငွေ ကျပ်(၂)သိန်း(၅)သောင်းနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဂျူဒိုပြိုင်ပွဲ တွင် ကြေးတံဆိပ်(၁)ခုရ အမျိုးသား အသင်းအား ဂုဏ်ပြုလွှာ/ဂုဏ်ပြုငွေ ကျပ်(၃)သိန်းအား လည်းကောင်း၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ ဦးခင် မောင်တင့်မှ တိုင်းဒေသကြီးနှင့်ပြည် နယ်ဂျူဒိုပြိုင်ပွဲတွင် ကြေးတံဆိပ်(၁)ခုရ အမျိုးသမီးအသင်းအား ဂုဏ်ပြုလွှာ/ ဂုဏ်ပြုငွေ ကျပ်(၃)သိန်းနှင့် ကြက်တောင်(၂)ယောက်တွဲ ပြိုင်ပွဲ တွင် ကြေးတံဆိပ်(၁)ခုရ အမျိုးသမီး အသင်းအား ဂုဏ်ပြုလွှာ/ဂုဏ်ပြုငွေ ကျပ်(၁)သိန်းအားလည်းကောင်း၊ တိုင်း ဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဦးအေးမောင်ကြည်မှ ကြက်တောင် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ကြေးတံဆိပ်(၁)ခုရ အမျိုးသမီးအသင်း အား ဂုဏ်ပြုလွှာ/ဂုဏ်ပြုငွေ ကျပ်(၃) သိန်း(၅)သောင်းနှင့် အုပ်ချုပ်သူ/ နည်းပြများအား ဂုဏ်ပြုလွှာ/ဂုဏ်ပြု ငွေကျပ်(၁၅)သိန်းအားလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။

ယင်းနောက် နိုင်ငံ့/တိုင်းဒေသ ကြီး ဂုဏ်ဆောင် အားကစားသမား များကိုယ်စား အားကစားသမား(၁) ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ပြီး အမှတ်တရစုပေါင်း မှတ်တမ်းဓာတ်ပုံ ရိုက်ကူးခဲ့ပါသည်။

အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနား တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ နိုင်ငံ့/တိုင်းဒေသကြီး ဂုဏ်ဆောင် အားကစားသမားများ၊ အုပ်ချုပ်သူ/ နည်းပြများအား စုစုပေါင်း ဂုဏ်ပြု ငွေကျပ်(၁၉၇)သိန်း ချီးမြှင့်ခဲ့ပါကြောင်း သိရှိရပါသည်။

■

# ၂၀၂၂ ခုနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား(တောင်ပိုင်းဇုန်) မြို့နယ်အလိုက် အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ











တောင်ကြီး၊ စက်တင်ဘာလ(၁၉)ရက်။

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ ရှမ်းပြည်နယ်အားကစားကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးကို ရည်ရွယ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏လမ်းညွှန်မှုနှင့်အတူ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၂၂ ခုနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဖလား(တောင်ပိုင်းဇုန်) မြို့နယ်အလိုက် အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ ယနေ့ညနေ(၁၅း၀၀)နာရီအချိန်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိခဲ့ရပြီး မွန်းလွဲ(၁၃း၀၀)နာရီအချိန်တွင် တတိယနေရာလုပွဲ ပွဲစဉ်အဖြစ် ဟိုပုံးမြို့နယ်အသင်းနှင့် မောက်မယ်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ဟိုပုံးမြို့နယ်အသင်းမှ မောက်မယ်မြို့နယ် အသင်းကို (၃)ဂိုး (၂)ဂိုးဖြင့် အနိုင်ရရှိသွားကာ ညနေ(၁၅း၀၀)နာရီအချိန်တွင် ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် တောင်ကြီးမြို့နယ်အသင်း နှင့် ဆီဆိုင်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး တောင်ကြီးမြို့နယ်အသင်းမှဆီဆိုင်မြို့နယ်အသင်းကို (၃)ဂိုး (၁)ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားကြောင်း သိရှိခဲ့ရပါသည်။

အဆိုပါပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်နယ်လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ ပြည်နယ်အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဥက္ကဋ္ဌ ဦးအောင်မြင့်၊ ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်တင်ကိုကို၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်း၊ အားကစားနှင့်ကာယ ပညာ သိပ္ပံ(တောင်ကြီး)၊ ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများမှ ကြည့်ရှုအားပေးခဲ့ကြပါသည်။

ပြိုင်ပွဲတွင် ဆုရရှိသွားသောအသင်းများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ် ချီးမြှင့်ခဲ့ကြကြောင်း သိရှိခဲ့ရပြီး အဆိုပါဘောလုံးပြိုင်ပွဲအား (၅-၉-၂၀၂၂)ရက်နေ့မှ (၁၉-၉-၂၀၂၂)ရက်နေ့ထိ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ရှမ်းပြည်နယ်(တောင်ပိုင်းဇုန်)အတွင်းရှိ မြို့နယ်များမှ အသင်းပေါင်း(၂၁)သင်းမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရှိခဲ့ရကာ ဆက်လက်ပြီး အဆိုပါဇုန်အလိုက်ပြိုင်ပွဲများကို (၅-၉-၂၀၂၂)ရက်နေ့တွင်တစ်ပြိုင်တည်း စတင်ခဲ့ကာ ရှမ်းပြည်နယ်(အရှေ့ပိုင်းဇုန်)တွင် ပထမနှင့် ဒုတိယရရှိသည့် အသင်းများဖြစ်သော တာချီလိတ်မြို့နယ်အသင်းနှင့်ကျိုင်းတုံမြို့နယ်အသင်းတို့သည်လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်းဇုန်)တွင် တတိယရရှိသောမဘိမ်းမြို့နယ်အသင်း၊ ဒုတိယရရှိသော ကျောက်မဲမြို့နယ်အသင်း၊ ပထမရရှိသော သိန္နီမြို့နယ်အသင်းတို့သည်လည်းကောင်း၊ ယခုတောင်ပိုင်းဇုန်မှ တတိယရရှိသော ဟိုပုံးမြို့နယ်အသင်း၊ ဒုတိယရရှိသော ဆီဆိုင်မြို့နယ်အသင်း၊ ပထမရရှိသော တောင်ကြီးမြို့နယ်အသင်းများအား အုပ်စု(၂)စုခွဲကာ ၂၆-၉-၂၀၂၂ ရက်နေ့တွင် ၂၀၂၂ ခုနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလားဇုန်အလိုက် အသက်(၁၆)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲကို ဆက်လက် ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

■

## ကျွမ်းဘားအားကစားနည်းဆောင်ပုဒ်

“အားကစားအားလုံး၏အခြေခံကျွမ်းဘား စံ”

“ခုန်ပျံကျော်လွှား ကျွမ်းဘားအားကစား”



# ၂၀၂၂ ခုနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား(ဇုန်)အလိုက် အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

● ရှမ်း၊ စက်တင်ဘာလ(၂၆)ရက်။

၂၀၂၂ ခုနှစ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား (ဇုန်)အလိုက် အသက်(၁၆)နှစ် အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ ညနေ (၁၅း၀၀)နာရီအချိန်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့ သစ်တော ရပ်ကွက်ရှိ ပြည်နယ်အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့် ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီး ဌာန ပြည်နယ်အားကစားနှင့်ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်း၊ အားကစား နှင့် ကာယ ပညာ သိပ္ပံ (တောင်ကြီး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူများ၊ ပြည်နယ်ဘောလုံး ဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲ ဝင်အသင်းများမှ နည်းပြများနှင့် အား ကစားသမားများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ တက် ရောက်ခဲ့ကြပါသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ်မှ အဖွင့်အမှာစကား ပြောကြားရာ၌ ယနေ့ ကျင်းပပြုလုပ်တဲ့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား (ဇုန်) အလိုက် အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ရှမ်း ပြည်နယ်အတွင်းရှိ ဇုန်(၃)ဇုန်မှတက် ရောက်လာသော ပထမ၊ ဒုတိယ၊ တတိယရရှိသောအသင်းများဖြစ်ကြ သော ရှမ်းပြည်နယ်(တောင်ပိုင်းဇုန်) မြို့နယ်(၂၁)မြို့နယ်မှ တက်ရောက် လာကြသော ပထမ၊ ဒုတိယ၊ တတိယ ရရှိသောအသင်း(၃)သင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်းဇုန်) မြို့နယ် (၁၉)မြို့နယ်မှ တက်ရောက်လာကြ သော ပထမ၊ ဒုတိယ၊ တတိယရရှိ သောအသင်း(၃)သင်းနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းဇုန်)မြို့နယ်(၉)မြို့နယ်မှ တက်ရောက်လာကြသော ပထမ၊ ဒုတိယ ရရှိသော အသင်း(၂)သင်း ၊ စုစုပေါင်းအသင်း(၈)သင်းဖြင့် ရှမ်း ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် (၁၆)နှစ်အောက်ဇုန်အလိုက် ဘောလုံး ပြိုင်ပွဲကို ထပ်မံကျင်းပပြုလုပ်ပြီး ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသ ကြီး အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲအတွက် ရှမ်းပြည်နယ်လက်ရွေးစင် အားကစား သမားများကို ရွေးချယ်သွားမှာဖြစ် ကြောင်း၊ ယနေ့ နိုင်ငံတော်မှ လူငယ်/ လူရွယ်များကို ဘက်စုံ/ထောင့်စုံမှ အရည်အသွေးမြှင့်တင်ပေးရန် အလေး ထား ဆောင်ရွက်ပေးနေပါကြောင်း၊ အရည်အသွေးပြည့်ဝသော လူငယ်အဖွဲ့ အစည်းများကို ပိုင်ဆိုင်ထားသည့်နိုင်ငံ များသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုး တိုးတက်လေ့ရှိပါကြောင်း၊ နိုင်ငံတော် ၏ အနာဂတ်တာဝန်ကို ပခုံးပြောင်း တာဝန်ယူကြမည့် လူငယ်/လူရွယ်များ ၏ ကျန်းမာကြံ့ခိုင်မှု၊ အရည်အချင်း ပြည့်ဝမှု၊ စိတ်ဓာတ်ရေးရာမြင့်မားမှု၊ စည်းကမ်းလိုက်နာမှုစသည်တို့ကို အား ကစားပြုလုပ်ခြင်းဖြင့် ပြောင်းလဲ ဖော် ဆောင်နိုင်စေမှာဖြစ်ပါကြောင်း၊ ယနေ့ အားကစားကဏ္ဍကိုကြည့်မယ်ဆိုရင် လေ့ကျင့်ရေးစွမ်းရည် ကောင်းမွန်သူ တွေသာ အောင်ပွဲဆင်နိုင်တာကို တွေ့ရှိရပါကြောင်း၊ ပြိုင်ပွဲမှာ "တရား သဖြင့်ယှဉ်ပြိုင်နိုင်အောင်ကြိုးပမ်း"ဆို တဲ့စိတ်ဓာတ်ထားရှိပြီး မိမိကိုယ်စားပြု မြို့နယ်အသင်း အနိုင်ရရှိအောင် တရား မျှတစွာ ယှဉ်ပြိုင်ကစားသွားကြစေ လိုကြောင်း၊ အားကစားသမားကောင်း စိတ်ဓာတ်များထားရှိပြီး အနိုင်အရှုံးသည် ပဓာနမကျဘဲ ယှဉ်ပြိုင်ခြင်းသည်သာ အဓိကဆိုတဲ့ခံယူချက်ထားရှိပြီး ယှဉ် ပြိုင်မှုတိုင်းကို သန့်ရှင်းစွာ အလေးထား ယှဉ်ပြိုင်ကြဖို့ အထူးမှာကြားလိုပါ ကြောင်း အစရှိသည်တို့ကို ပြောကြား ခဲ့ပါသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ရှမ်း ပြည်နယ် အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ် အစိုးရ အဖွဲ့ဝင် ဝန်ကြီးများမှ ပြိုင်ပွဲဝင် အား ကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကြပြီး ဘင်ခရာ အဖွဲ့နှင့်အကအဖွဲ့များအား ဂုဏ်ပြု ချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရပြီး ပထမနေ့ ပြိုင်ပွဲအဖွင့်ပွဲစဉ် တွင် ကျိုင်းတုံမြို့နယ်အသင်း နှင့် သိန္နီမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစား နေမှုများကို ကြည့်ရှုအားပေးခဲ့ကြပါ သည်။






၂၀၂၂ ခုနှစ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဖလား(ဇုန်)အလိုက် အသက်(၁၆)နှစ် အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ မြို့နယ်များမှ ပြိုင်ပွဲဝင်အသင်း(၈)သင်း ဖြင့် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမား အင်အားစုစုပေါင်း (၁၆၀)ဦးခန့် ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ပြီး ပြိုင်ပွဲကို (၂၆-၉-၂၀၂၂)ရက် နေ့မှ(၅-၁၀-၂၀၂၂)ရက်နေ့အထိ ပြည်နယ်အားကစားကွင်း၌ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရ သည်။

■

# ၂၀၂၂ ခုနှစ် ၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

● စစ်ကိုင်း၊ စက်တင်ဘာလ(၁၄)ရက်။

၂၀၂၂ ခုနှစ် ၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ရာ အဆိုပါအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်မှ အမျိုးသား ပထမ တံခွန်စိုက်ဆုရရှိသော မုံရွာမြို့နယ်၊ ဒုတိယတံခွန်စိုက်ဆုရရှိသော တတိယ တံခွန်စိုက်ဆုရရှိသော ကန့်ဘလူမြို့နယ်နှင့် အမျိုးသား/အမျိုးသမီး စုပေါင်းတံခွန်စိုက်ဆုရရှိသွား









ဖလား မြို့နယ်ပေါင်းစုံအသက်(၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်(၈)နာရီတွင် မုံရွာအားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည်။

ဆုပေးပွဲ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ အင်းတော်မြို့နယ်၊ တတိယ တံခွန်စိုက်ဆုရရှိသော ချောင်းဦးမြို့နယ်၊ အမျိုးသမီး ပထမ တံခွန်စိုက်ဆုရရှိသော အင်းတော်မြို့နယ်၊ ဒုတိယတံခွန်စိုက်ဆုရရှိသော ဟုမ္မလင်းမြို့နယ်၊ သော အင်းတော်မြို့နယ်တို့အား ဆုများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

# ၂၀၂၃ ခုနှစ်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ခမာရေကူးအဖွဲ့ချုပ် (KSF) ပြင်းပြင်းထန်ထန် လေ့ကျင့်လျက်ရှိ

● ရန်ကုန်၊ စက်တင်ဘာလ(၂၇)ရက်။

မကြာသေးမီက ကျင်းပပြီးစီး ခဲ့သော အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအဖွဲ့ချုပ်(SEAGF) ကောင်စီ အစည်းအဝေးတွင် ယခင်က ထည့်သွင်းခဲ့ပြီးသော ရေကူး၊ ဒိုင်ဗင်၊ Waterpolo တို့အပြင် အကူကိရိယာဖြင့် ရေကူးခြင်း(Finswimming) အားကစားနည်းကို ထပ်မံ ထည့်သွင်းခဲ့ပါသည်။ Finswimming သည် လက်ယက်/ခြေယက်ဆူးတောင်များ၊ အသက်ရှူကိရိယာ၊ ရေငုပ်မျက်မှန်စသည့်အထောက်အကူပစ္စည်းများဖြင့် ရေကူးခြင်းကို ဆိုလိုခြင်း ဖြစ်ပါသည်။

ခမာရေကူးအဖွဲ့ချုပ်(KSF)သည် ၂၀၂၃ ခုနှစ်၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်မည့်အားကစားနည်း အမျိုးအစား (၄)မျိုးအတွက် ဘက်စုံပြင်ဆင် လျက်ရှိပြီး ခမာရေကူးအဖွဲ့ချုပ်(KSF) အထွေထွေအတွင်းရေးမှူး Hem Kiry က အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရန်(၁၀)လသာ လိုတော့သည့် အချိန်တွင် မိမိတို့အနေဖြင့် ဆောင်ရွက်ရန် လုပ်ငန်းများစွာရှိနေပါကြောင်း၊ ကမ္ဘာ့ရေကူးအဖွဲ့ချုပ် (FINA) Level-2 ရေကူးနည်းပြသင်တန်းတွင် သင်တန်းသားများအား ပြောကြားခဲ့ခြင်းဖြစ်ပြီး အဆိုပါရေကူးသင်တန်းကို ကမ္ဘောဒီးယားပညာရေး၊ လူငယ်နှင့် အားကစားဝန်ကြီးဌာန၏ ဘဏ္ဍာငွေ အပါအဝင် အခြားပံ့ပိုးကူညီမှုများဖြင့် ဖွင့်လှစ်ခဲ့ကြောင်းသိရှိရသည်။



(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရေကူးနှင့် ဆက်စပ်သည့်အားကစားပြိုင်ပွဲများကို Morodok Techo အမျိုးသား အားကစားကွင်း၊ အိုလံပစ်အားကစားကွင်း၊ Battambang ရေကူးကန်နှင့် အခြားအားကစားကွင်း/ရုံများတွင် ကျင်းပရန် စီစဉ်ထားရှိပါသည်။

(အား/ကာဦးစီးဌာန၊ စီ/သုရုံးအဖွဲ့)

# ၂၀၂၂ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံအိမ်တွင်း လျှပ်စစ်သွယ်တန်းခြင်းသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ











● စစ်ကိုင်း၊ စက်တင်ဘာလ(၂၀)ရက်။

၂၀၂၂ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ နှင့် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံအိမ်တွင်း လျှပ်စစ်သွယ်တန်းခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်(၈း၀၀)နာရီအချိန် တိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဖွင့်ပွဲ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြပါသည်။

ယင်းသင်တန်းကို (၂၀-၉-၂၀၂၂) ရက်နေ့မှ (၄-၁၀-၂၀၂၂) ရက်နေ့အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

---

# ၂၀၂၂ ခုနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၀)မြို့နယ် အသက်(၁၈)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

● မွန်၊ စက်တင်ဘာလ(၂၇)ရက်။





၂၀၂၂ ခုနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၁၀)မြို့နယ် အသက်(၁၈)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ ညနေ(၃း၃၀) နာရီအချိန်တွင် ကျောင်းသား အားကစားကွင်း၌ ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုး၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ပြည်နယ် ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဗိုလ်လုပွဲ ပွဲစဉ်တွင် ကျိုက်မရောမြို့နယ်အသင်းနှင့် ဘီးလင်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ကျိုက်မရောမြို့နယ်အသင်းမှ (၁)ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပါသည်။

ဆက်လက်ပြီး ဆုပေးပွဲ အခမ်းအနားကို ကျင်းပရာ ပထမတံခွန်စိုက်ဒိုင်းဆုရရှိသော ကျိုက်မရောမြို့နယ် အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊

>>>

# ၂၀၂၂ ခုနှစ်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက်(၁၈)နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

● မကွေး၊ စက်တင်ဘာလ(၂၁)ရက်။

၂၀၂၂ ခုနှစ်၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အသက်(၁၈)နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နေ့လယ်(၃)နာရီအချိန်က မကွေးခရိုင်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအမျိုးသမီးအားကစားအဖွဲ့ နာယက ဒေါ်ဝင်းဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အားကစား ဝါသနာရှင် ပရိသတ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်က အဖွင့်အမှာစကား ပြောကြားရာတွင် အားကစားပြိုင်ပွဲများကို တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ပြည်သူတစ်ရပ်လုံး အားကစားကို စိတ်ပါဝင်စားလာစေရန်နှင့် လူငယ်လူရွယ်များ အားကစားကို ပိုမို စိတ်ဝင်စားလာပြီး မိမိတို့ ပတ်ဝန်းကျင်မှာ ကျယ်ကျယ်ပြန့်ပြန့် ကစားရာမှ တိုင်းဒေသကြီး ကိုယ်စားပြု အားကစားသမားများ ပေါ်ထွက်လာစေရန် ကျင်းပခြင်းဖြစ်ပြီး၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၈)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် အောင်မြင်မှုများ ရရှိစေရန် ရည်ရွယ်၍ အခြေခံရှိသော မြို့နယ်(၈)မြို့နယ်အား အခြေခံပညာ ဦးစီးဌာနနှင့် ပေါင်းစပ်ပြီး လူငယ်အားကစားသမားများအား စခန်းသွင်းလေ့ကျင့်လျက်ရှိပါကြောင်း၊ ပြေးခုန်ပစ်အားကစားနည်းသည် အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်အများဆုံးရရှိသည့် အားကစားနည်းတစ်ခုဖြစ်သည့်အပြင် "မြန်မြန်ပြေး ဝေးဝေးပစ် မြင့်မြင့်ခုန်" ဟူသော ဆောင်ပုဒ်အတိုင်း မြန်မြန်ပြေးနိုင်သူ၊ အဝေးဆုံးပစ်နိုင်သူ၊ မြင့်မြင့်ခုန်နိုင်သူများသာ ဆုတံဆိပ်များကို ပိုင်ဆိုင် ရယူနိုင်မည်ဖြစ်ပါကြောင်းနှင့် အားကစားသမားများအနေဖြင့်လည်း အောင်မြင်သောစိတ်ကို အခြေခံပြီး လုံ့လ ဝီရိယနှင့် မပြတ်တမ်း အားထုတ်မှု၊ ကြိုးစားသင်ယူမှုနှင့် ကျွမ်းကျင်မှုများကို ပေါင်းစပ်ပြီး ထူးချွန်ထက်မြက်သော ပြေးခုန်ပစ်အားကစား





စာမျက်နှာ(၂၀)သို့









>>

ငွေသားဆုကျပ်(၁၀)သိန်းနှင့် တံခွန်စိုက်ဒိုင်းဆုကို မွန်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းမှ လည်းကောင်း၊ ဒုတိယဆုရရှိသော ဘီးလင်းမြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ် နှင့်ငွေသားဆုကျပ်(၇)သိန်းကို မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်၏ ဇနီး ဒေါ်စန်းစန်းလွင်မှလည်းကောင်း၊ ပူးတွဲတတိယဆုရရှိသော ပေါင်မြို့နယ်အသင်းအား ငွေသားဆုကျပ်(၅)သိန်းကို ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးညီညီစိုးမှလည်းကောင်း၊ ကျိုက်ထိုမြို့နယ်အသင်းအား မွန်ပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်မှ လည်းကောင်း၊ အကောင်းဆုံးဆုရရှိသော အားကစားသမားများကို မွန်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးများ၊ ပြည်နယ်ဘောလုံး ဆပ်ကော်မတီ ဥက္ကဋ္ဌ နှင့် ဒုတိယ ဥက္ကဋ္ဌ တို့မှ ချီးမြှင့်ပေးခဲ့ကြောင်း သိရှိရသည်။ ■















စာမျက်နှာ(၁၉)…မှစာဆက်

သမားများ ဖြစ်လာသည်အထိ ကြိုးစားကြစေလိုကြောင်း ပြောကြားကာ၊ ပြေးခုန်ပစ်ပြိုင်ပွဲအား ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ၂၀၂၂ ခုနှစ်၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား အသက် (၁၈)နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်အဖြစ် အမျိုးသမီး လုံးတံပစ်ပြိုင်ပွဲ၊ အမျိုးသမီး တန်းမြင့်ခုန် ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ(၁၅၀၀) ပြေးခုန်ပစ်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ(၄၀၀)ပြေးခုန်ပစ်ပြိုင်ပွဲနှင့်



အမျိုးသား/အမျိုးသမီး လက်ဆင့်ကမ်းအပြေးပြိုင်ပွဲများ ကျင်းပဆောင်ရွက်နေမှုအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့မှ ကြည့်ရှုအားပေးသည်။

ထို့နောက်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး လင်းထွဋ်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးထွန်းခင်၊ တိုင်းဒေသကြီးအမျိုးသမီးအားကစားအဖွဲ့နာယက ဒေါ်ဝင်းဝင်းမြင့်နှင့် တာဝန်ရှိသူများက အမျိုးသမီး လုံးတံပစ်ပြိုင်ပွဲ၊ အမျိုးသမီး တန်းမြင့်ခုန် ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ(၁၅၀၀) ပြေးခုန်ပစ်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ (၄၀၀) ပြေးခုန်ပစ်ပြိုင်ပွဲနှင့် အမျိုးသား/အမျိုးသမီးလက်ဆင့်ကမ်းအပြေးပြိုင်ပွဲတို့တွင် ဆုရရှိသူများအား တစ်ဦးချင်း ဆုတံဆိပ်နှင့်ငွေသားဆုများအား အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။

| | | | |
|---|---|---|---|
| အသက်ရှည်ခြင်းတရား | လေရှူ | လမ်းလျှောက် | ရေပိုသောက် |
| | အဆီ | သကြား | ဆားလျှော့စား |
| | မေတ္တာစိတ်ကိုပွား | သက်ရှည်ကြောင်းတရား။ | |

# ၂၀၂၂ ခုနှစ်၊ ကချင်ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပြည်နယ်ဘော်လီဘောဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် မိုးရာသီဘော်လီဘောသင်တန်းအထိမ်းအမှတ် အသက်(၂၅)နှစ်အောက်(အမျိုးသား/အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

● ကချင်၊ စက်တင်ဘာလ(၁၀)ရက်။

၂၀၂၂ ခုနှစ်၊ ကချင်ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပြည်နယ်ဘော်လီဘောဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် မိုးရာသီဘော်လီဘောသင်တန်း အထိမ်းအမှတ် အသက်(၂၅)နှစ်အောက် (အမျိုးသား/အမျိုးသမီး)ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ ညနေ(၃း၀၀)နာရီအချိန်တွင် ပြည်နယ် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ကချင်ပြည်နယ် အစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီးဦးဝင်းရဲထွန်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ် အားကစားနည်းအလိုက် ဆပ်ကော်မတီဝင်များ တက်ရောက်ခဲ့ပါသည်။





ထို့နောက်ပြည်နယ်ဘော်လီဘောဆပ်ကော်မတီနှင့် ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုချီးမြှင့်ငွေအား ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဌေးကိုမှလည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ဒုတိယရရှိသော Hopeful Grace အသင်းအတွက် တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများအား ပြည်နယ်ဘော်လီဘောဆပ်ကော်မတီဝင် ဦးမြင့်ဦးမှလည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ဒုတိယရရှိသော လီဆူးလူငယ်အသင်းအတွက် တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများအား လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းအောင်မှလည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမရရှိသော ရာဒါကောင်း(A) အသင်းအတွက် တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆုများအားစက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနောင်မှလည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ပထမရရှိသော ပိုးဇာခြံအသင်းအတွက် တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများအား ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သူမှလည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမရရှိသော ရာဒါကောင်း(A) အသင်း နှင့် အမျိုးသားပြိုင်ပွဲတွင် ပထမရရှိသော ပိုးဇာခြံအသင်းအတွက် တံခွန်စိုက်ဆုဖလားတို့အား ကချင်ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းရဲထွန်း မှလည်းကောင်း အသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။



■

# ၂၀၂၃ ခုနှစ်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကမ္ဘောဒီးယားပိုက်ကျော်ခြင်းအသင်း ရွှေတံဆိပ်ဆုရရှိရန် မျှော်မှန်းထား

● ရန်ကုန်၊ စက်တင်ဘာလ(၂၇)ရက်။

ပိုက်ကျော်ခြင်းနှင့်ခြင်းလုံးအသင်းနည်းပြ Cheat Khemra က ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်း အားကစားနည်းမှ အနည်းဆုံး ရွှေတံဆိပ်ဆုတစ်ခုဆွတ်ခူးရန် မျှော်မှန်းထားပါကြောင်း၊ ကမ္ဘောဒီးယား ပိုက်ကျော်ခြင်းနှင့် ခြင်းလုံးအဖွဲ့ချုပ်သည် မိမိတို့အောင်မြင်မှုလျာထားချက်ကို ကြိုတင်မျှဝေ အလေးထားပြီး လေ့လာဆောင်ရွက်နေမှုများကို ပိုမိုမြင့်တင်တွန်းအားပေးလျက်ရှိပါကြောင်းနှင့် လေ့ကျင့်ရာတွင် နှစ်ယောက်တွဲနှင့် လေးယောက်တွဲပြိုင်ပွဲများကို အဓိကထား လေ့ကျင့်လျက်ရှိ၍ ၂၀၂၃ ခုနှစ်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ရယူနိုင်ရန် အလားအလာကောင်းများရှိပါကြောင်းနှင့်ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် လာမည့်အားကစားပြိုင်ပွဲများအတွက် ကမ္ဘောဒီးယားအားကစားသမားများ၏ စွမ်းဆောင်ရည် ပိုမို တိုးတက်မြင့်မားစေရန်အတွက် အဖွဲ့ချုပ်အနေဖြင့် ကမ္ဘောဒီးယား ပိုက်ကျော်ခြင်းအားကစားသမားများကို ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် လေ့ကျင့်မှုများ ပိုမို ပြုလုပ်နိုင်ရေး စီစဉ်ထားရှိပါကြောင်း သိရှိရသည်။



ဘာသာပြန်-

အား/ကာဦးစီးဌာန၊ စီ/သုံးအဖွဲ့

# ကနူးကယက်လှေများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပ

● ကချင်၊ စက်တင်ဘာလ(၁၉)ရက်။

ကနူးကယက်လှေများပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို (၁၉-၉-၂၀၂၂) ရက်နေ့ နေ့လယ်(၁း၃၀)နာရီအချိန်တွင် ပြည်နယ်ရုံး အပေါ်ထပ်အစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်ခဲ့ရာ ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီးဦးဝင်းရဲထွန်း တက်ရောက်ခဲ့ပါသည်။

ပထမဦးစွာ King Billad & Snooker Club ဦးဘရန်အောင်၏ ဇနီးမှ ကနူး ကယက်လှေများ ပေးအပ်လှူဒါန်းရခြင်းရည်ရွယ်ချက်အား ရှင်းလင်းတင်ပြပြီး ကနူးကယက် လှေ(၂) စီးအား ပေးအပ်လှူဒါန်းခဲ့ရာ ကချင်ပြည်နယ်အစိုးရအဖွဲ့လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းရဲထွန်းမှ လက်ခံရယူခဲ့ပါသည်။ ဆက်လက်ပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းရဲထွန်းမှ ဝမ်းမြောက် ဂုဏ်ယူစကားပြောကြားပြီး ကနူးကယက်လှေအလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ပါသည်။ ထို့နောက် ကချင်ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သူမှလည်း ကနူးကယက်လှေများ ပေးအပ် လှူဒါန်းခြင်းအပေါ် ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရှိရသည်။ ■







# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၂၈)မြို့နယ် အသက်(၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပပြုလုပ်

● ပဲခူး၊ စက်တင်ဘာလ(၂၉)ရက်။

၂၀၂၂ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဖလား (၂၈)မြို့နယ် အသက်(၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ပဲခူးမြို့ ဥသာမြို့သစ်ရှိ ပဲခူးခရိုင်အားကစားကွင်း၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အားကစားဝါသနာရှင်များမှ ကြည့်ရှုအားပေးခဲ့ပါကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပပြုလုပ်ရာ အမျိုးသမီး၊ အမျိုးသားမီတာ(၁၀၀)အပြေးပြိုင်ပွဲ၊ မီတာ(၄၀၀)လက်ဆင့်ကမ်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား အစိုးရအဖွဲ့ တာဝန်ရှိသူများမှ ဆုတံဆိပ်များနှင့် ငွေသားဆုများအား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သယံဇာတရေးရာဝန်ကြီးနှင့် စီးပွားရေးရာဝန်ကြီးတို့မှ အမျိုးသမီးတတိယ တံခွန်စိုက်ဆုရရှိသော ဒိုက်ဦးမြို့နယ်အသင်းအား ငွေသားဆုကျပ်(၃)သိန်း၊ ဒုတိယ တံခွန်စိုက်ဆုရရှိသော ရွှေတောင်မြို့နယ်အသင်းအား ငွေသားဆုကျပ်(၅)သိန်း၊ ပထမတံခွန်စိုက်ဆုရရှိသော ဖြူးမြို့နယ်အသင်းတို့အား တံခွန်စိုက် ≫≫























ဆုဖလားနှင့် ငွေသားဆုကျပ်(၇)သိန်း အားလည်းကောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်တို့မှ အမျိုးသား တတိယ တံခွန်စိုက်ဆုရရှိသော သဲကုန်းမြို့နယ်အသင်းအား ငွေသားဆုကျပ်(၃)သိန်း၊ ဒုတိယတံခွန်စိုက်ဆုရရှိသော ပြည်မြို့နယ်အသင်းအား ငွေသားဆုကျပ်(၅)သိန်း၊ ပထမတံခွန်စိုက်ဆုရရှိသော ဖြူးမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကျပ်(၇)သိန်း အားလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမျိုးသား/အမျိုးသမီး စုပေါင်း တံခွန်စိုက်ဆုရရှိသော ဖြူးမြို့နယ်အသင်းအား စုပေါင်းတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုကျပ်(၁၀)သိန်းအား ပေးအပ်ချီးမြှင့်ခဲ့ပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြကြောင်း သိရှိရသည်။

## အားကစား၏အကျိုးကျေးဇူးများ

(၁) ကျန်းမာခြင်း သုခမှုချမ်းသာရမည်။

(၂) မိသားစု အားလုံး ကျန်းမာပျော်ရွှင်စေမည်။

(၃) လူငယ်/မောင်မယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရမည်။

(၄) နာမကျန်းဖြစ်၍ ဆေးဝါးကုသခြင်းမှ ကင်းဝေးစေရမည်။

(၅) လုပ်ငန်းခွင်၌ လုပ်အားစွမ်းပကားဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်စေရမည်။

(၆) နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်နိုင်ရမည်။

# ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၆)ခရိုင် အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

● ဧရာဝတီ၊ စက်တင်ဘာလ(၂၄)ရက်။

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား (၆)ခရိုင် အသက်(၁၆)နှစ်အောက်အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ ညနေ(၃)နာရီတွင် ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း ဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ပါသည်။

နောက်ဆုံး ဗိုလ်လုပွဲ ပွဲစဉ်တွင် ပုသိမ်ဘောလုံး အကယ်ဒမီအသင်းနှင့် ပုသိမ်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပုသိမ်ခရိုင်အသင်းမှ အကယ်ဒမီအသင်းအား (၂)ဂိုး (၁)ဂိုးဖြင့် အနိုင်ရရှိသွားပါသည်။ ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဆုရရှိသော ပုသိမ်ဘောလုံးအကယ်ဒမီအသင်းမှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၇)သိန်းအား သယံဇာတရေးရာဝန်ကြီးဦးအုန်းမြင့်မှလည်းကောင်း၊ ပထမဆုရရှိသော ပုသိမ်ခရိုင်မှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၅)သိန်းအား တိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးတင်အေးမှလည်းကောင်း၊ နေရာအလိုက် အကောင်းဆုံး အားကစားသမား ဆုရရှိသူများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်(၅)သောင်းအား တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်မှလည်းကောင်း၊ ပထမတံခွန်စိုက်ဆုရရှိသွားသော ပုသိမ်ခရိုင်အသင်းအား ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းမှလည်းကောင်း အသီးသီး ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ ■











အားကစားသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ် လူမျိုးတစ်မျိုး၏ သိက္ခာ ဖြစ်သည်။

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်အခြေခံပညာကျောင်းပေါင်းစုံ ဝူရှူးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ









● ရန်ကုန်၊ စက်တင်ဘာလ(၂၃)ရက်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်အခြေခံပညာ ကျောင်းပေါင်းစုံ ဝူရှူးပြိုင်ပွဲကို စက်တင်ဘာလ(၂၁)ရက်မှ (၂၃)ရက်အထိ စမ်းချောင်းမြို့နယ် ပဒုမ္မာ ဝူရှူး လေ့ကျင့်ရေးခန်းမ၌ ကျင်းပရာ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ(၁၀၀)ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

ပြိုင်ပွဲများအပြီး ဆုပေးပွဲကို ကျင်းပရာ အမျိုးသား၊ အမျိုးသမီး နန်းချွမ်၊ ထိုက်ချီချွမ် (၁၂)နှစ်အောက် (လူသစ်တန်း)၊ အမျိုးသား လုံရှည် (လူဟောင်းတန်း)၊ အမျိုးသားချန်းချွမ် (အလွတ်တန်း)၊ အမျိုးသမီး ကျန့်စု (အလွတ်တန်း)ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသော အားကစားသမားများအား တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဥက္ကဋ္ဌတို့က ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ရွှေတံဆိပ်(၁၁)ခု၊ ငွေတံဆိပ်(၁၀)ခု၊ ကြေးတံဆိပ်(၉)ခုဖြင့် တံခွန်စိုက် ဖလားရရှိသွားသော အ-ထ-က(၁) မရမ်းကုန်းကို တံခွန်စိုက်ဖလား ချီးမြှင့်ခဲ့သည်။

"နိုင်ငံတကာပြိုင်ပွဲတွေအတွက် ဝူရှူးအားကစားသမား မျိုးဆက်သစ်တွေ ပေါ်ထွန်းလာဖို့အတွက် ရည်ရွယ်ချက်နဲ့အခြေခံပညာ လူငယ်ကလေးငယ်တွေကစပြီးတော့ ကျောင်းတွေမှာ လေ့ကျင့်သင်ကြားပြီးတော့ ထွက်ပေါ်လာအောင် ပြိုင်ပွဲတွေ ကျင်းပပေးခြင်းဖြစ်ပါတယ်။ ကလေးငယ်တွေအနေနဲ့လည်း ဝူရှူးအားကစားအပေါ်မှာ ပိုပြီး စိတ်ပါဝင်စားပြီးတော့ အားကစား တိုးတက်ဖွံ့ဖြိုးလာဖို့ဖြစ်ပါတယ်။ ထူးချွန်တဲ့ အားကစားသမားတွေကို ဝူရှူးအဖွဲ့ချုပ်ကနေ လက်ရွေးစင်အဖြစ် တဖြည်းဖြည်း အရည်အချင်း ရှိတယ် လိုအပ်သေးတယ်ဆိုရင်လည်း ထပ်မံလေ့ကျင့်ပြီး စခန်းသွင်းတာတွေ လုပ်ပြီးတော့ နိုင်ငံတကာပြိုင်ပွဲဝင် အားကစားသမားဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးဖို့ အစီစဉ်ရှိပါတယ်"ဟု မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးနေလင်းက ပြောသည်။

အဆိုပါ ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ အခြေခံပညာကျောင်းပေါင်း(၁၅)ကျောင်း၊ ပြိုင်ပွဲပေါင်း(၆၈)ခု ကျင်းပခဲ့ကြောင်း သိရှိရသည်။

# (၃၂)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် လူသစ်တန်းနှင့်ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ
















◆ ရန်ကုန်၊ စက်တင်ဘာလ(၁၈)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၂၂ ခုနှစ် အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ယနေ့ နံနက်(၉)နာရီတွင်ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားအသက်(၂၁)နှစ်နှင့်အောက် အငယ်တန်း ကာယဗလမောင်ပြိုင်ပွဲ(၅၅၊ ၆၀၊ ၆၅၊ ၇၀၊ ၇၅၊ ၈၀၊ ၈၀နှစ်အထက်)ကီလိုတန်း ကာယဗလမောင်ပြိုင်ပွဲများတွင် ကာယဗလမောင်များက ကျစ်လျစ်ခိုင်မာသော ကြွက်သားများကို သတ်မှတ် ကိုယ်ဟန်ခုနစ်မျိုးဖြင့် ပြသကြရာ ပထမရွေးချယ်ခဲ့ကြသည်။




ဆက်လက်၍ အမျိုးသား၊ အမျိုးသမီး Athlete Physique ပြိုင်ပွဲ အမျိုးသမီး Model Physique (၁၆၀ စင်တီမီတာ)ပြိုင်ပွဲ၊ အမျိုးသမီး Model Physique (၁၆၀ စင်တီမီတာ)နှင့် အထက်ပြိုင်ပွဲ အမျိုးသား Sports Physique (၁၇၀) စင်တင်မီတာပြိုင်ပွဲ၊ အမျိုးသား Sports Physique (၁၇၀)စင်တီမီတာနှင့်အထက်ပြိုင်ပွဲ အမျိုးသမီး Fitness Physique ပြိုင်ပွဲများတွင် ကာယဗလ မောင်မယ်များက သတ်မှတ် ကိုယ်ဟန်ခုနစ်မျိုးဖြင့် ယှဉ်ပြိုင်ကြရာ ပထမ ရွေးချယ်ခဲ့ကြသည်။

ထို့နောက် ဗိုလ်လုပွဲပြိုင်ပွဲများ ကျင်းပရာ ပထမ ရွေးချယ်ခံရသော ကာယဗလမောင်မယ်များကသတ်မှတ် ကိုယ်ဟန်ခုနစ်မျိုးဖြင့် နောက်ခံတေးဂီတနှင့်အတူ ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များက ကြည့်ရှုအားပေးကြပြီး အမျိုးသားအသက်(၂၁)နှစ်နှင့်အောက်အငယ်တန်းကာယဗလပြိုင်ပွဲ (၅၅၊ ၆၀၊ ၆၅၊ ၇၀၊ ၇၅၊ ၈၀၊ ၈၀ နှစ်အထက်) ကီလိုတန်း ပြိုင်ပွဲ၊ အမျိုးသား Athlete Physique ပြိုင်ပွဲ၊ အမျိုးသမီး Athlete Physique ပြိုင်ပွဲ၊ အမျိုးသမီး Model Physique (၁၆၀)စင်တီမီတာပြိုင်ပွဲ၊ အမျိုးသမီး Model Physique (၁၆၀)စင်တီမီတာနှင့်အထက်ပြိုင်ပွဲ၊ အမျိုးသား Sports Physique (၁၇၀) စင်တီမီတာပြိုင်ပွဲ၊ အမျိုးသားSports Physique (၁၇၀)စင်တီမီတာနှင့် အထက်ပြိုင်ပွဲ၊ အမျိုးသမီး Fitness Physique ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအားဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

■

# ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီတံခွန်စိုက် ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကျင်းပ

● ရန်ကုန်၊ စက်တင်ဘာလ(၂၃)ရက်။

၂၀၂၂ ခုနှစ်၊ ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံရိုးရာခြင်းလုံး အဖွဲ့ချုပ် ဥက္ကဋ္ဌဖလားမိုးရာသီတံခွန်စိုက် ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်(၉)နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရိုးရာခြင်းလုံး အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်က ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးလိုက်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ပြိုင်ပွဲဝင်အုပ်ချုပ်၊ နည်းပြများနှင့်အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြပြီး ပထမနေ့ပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။ ယင်းရိုးရာခြင်းလုံးခတ်ပြိုင်ပွဲတွင် ၁၀ပေါက်တန်း၊ ခြောက်ပေါက်တန်းပြိုင်ပွဲများ ပါဝင်ပြီး ပြိုင်ပွဲဝင်အသင်း(၁၈)သင်း၊ အားကစားသမား (၁၈၀)ကျော် ပါဝင် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။










# ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မိုးရာသီတံခွန်စိုက်ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

● ရန်ကုန်၊ စက်တင်ဘာလ(၂၆)ရက်။

၂၀၂၂ ခုနှစ်၊ ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မိုးရာသီတံခွန်စိုက် ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့ နေ့လယ်ပိုင်းက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသား အားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ မြန်မာနိုင်ငံရိုးရာ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်၊ ဒုတိယဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ၊ နည်းပြ၊ အုပ်ချုပ်သူများနှင့် ဆုရအားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည်

>>>




























အမျိုးသမီးခြင်းလုံးအသင်း၏သရုပ်ပြ ခတ်ကစားမှုအား ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ အမျိုးသားခြောက်ပေါက်တန်း ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရအသင်းများ၊တတိယဆုရရွှေပြည်စိုး(မန္တလေး) အသင်း၊ ဒုတိယဆုရ ချစ်ကြည်ရေး (လှိုင်သာယာ)အသင်း၊ ပထမဆုရ UTH Club အသင်းတို့မှကစားသမား တစ်ဦးချင်းဆုနှင့် ငွေသားဆုများအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးညီညီမင်း၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်နှင့် ဒုတိယဥက္ကဋ္ဌများက အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသား ခြောက်ပေါက်တန်းပြိုင်ပွဲတွင် တက်သစ်စဆုရရှိသော UTH Club အသင်းမှ ထက်မြက်ကျော် နှင့် ဇွဲမာန်(မုဒုံ) အသင်းမှ သန့်ကိုကိုအောင်နှင့် အကောင်းဆုံးအားကစားသမားဆုရရှိသော ရွှေပြည်စိုးအသင်းမှ ခန့်ညီညီတို့အား တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးအောင်ဝင်းသိန်းနှင့် သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းတို့က ဆုတံဆိပ်နှင့်ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အမျိုးသား(၁၀) ပေါက်တန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုရအသင်းများအား တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်ကလည်းကောင်း၊ အကောင်းဆုံး အားကစားသမားဆုရရှိသော ကာကွယ်ရေးအသင်းမှ ရဲထက်ဝင်းအား တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေးကလည်းကောင်း ဆုများ ချီးမြှင့်ကြပြီး တတိယဆုရ Lucky Top အသင်းအား တစ်ဦးချင်းဆုနှင့်ငွေသားဆုကို ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ်ဦးငွေးအောင်က ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမျိုးသား(၁၀) ပေါက်တန်းပြိုင်ပွဲတွင် ဒုတိယဆုရ ကာကွယ်ရေးအသင်းနှင့် ပထမဆုရ ပဒေသာ(ပြင်ဦးလွင်)အသင်းတို့မှ ကစားသမားများအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ ■



## ဝုရှူးအားကစားနည်းဆောင်ပုဒ်

"လူတိုင်းကစား နိုင်ငံ့အား ဝုရှူးအားကစား"
"ရိုးသား ကြိုးစား ဝုရှူးသမား နိုင်ငံ့အတွက်ရည် ကြိုးပမ်းမည်"
"မြန်မာ့ဝုရှူးဂုဏ်ဆောင် အထူးရည်ရွယ်ကြိုးကုတ် နိုင်ငံ့အလုပ်"
"ဝုရှူးအားကစားလေ့ကျင့်ပေး ကြီးငယ်မရွေး ကျန်းမာရေး"

# ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

● ရန်ကုန်၊ စက်တင်ဘာလ(၅)ရက်။

၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် (၉)နာရီအချိန်က ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏာ၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့်တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ အုပ်ချုပ်/နည်းပြများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။






ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းမှ အဖွင့်အမှာစကား ပြောကြားရာတွင် ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ဖြစ်သော မျိုးဆက်သစ်အားကစားသမားကောင်းများ ပေါ်ထွက်စေရန်နှင့် စစ်တုရင်အားကစားနည်းဟာ အခြားသော အားကစားနည်းများကဲ့သို့ ကိုယ်ကာယလှုပ်ရှားပြီး ကစားရသော အားကစားနည်းမဟုတ်ဘဲ စိတ်ဓာတ်ကိုအခြေခံ၍ ကစားရသော အားကစားနည်းဖြစ်သောကြောင့် စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မှုသည် အဓိကလိုကြောင်း၊ စစ်တုရင်အားကစားနည်းဟာ အားကစားပစ္စည်း ကုန်ကျစရိတ်အနည်းဆုံးနှင့် လေ့ကျင့်ယှဉ်ပြိုင်ကစားနိုင်သည့် အားကစားနည်း တစ်ရပ်ဖြစ်ကြောင်း၊ စစ်တုရင်အားကစားနည်းအနေဖြင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုအစဉ်အလာကောင်းသည့် အားကစားနည်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်မီ အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွက်လာရေးအတွက် အထောက်အကူဖြစ်စေတဲ့ သွေးသစ်လူငယ် စစ်တုရင်အားကစားသမားများကို ယခု ကျင်းပတဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီး စစ်တုရင်ပြိုင်ပွဲများမှ တစ်ဆင့် အများဆုံး ရွေးချယ်မွေးထုတ်ပေးခဲ့တာဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အားကစားမောင်/ မယ်များဟာ မိမိတို့ ကိုယ်စားပြု အသင်းများမှနေ၍ အကောင်းဆုံး ယှဉ်ပြိုင်ပြီး မြန်မာ့လက်ရွေးစင်အသင်းကြီးကို အင်အားဖြည့်တင်းနိုင်ရန် မျိုးဆက်သစ်လူငယ် စစ်တုရင် အားကစားသမားကောင်းများ ပေါ်ထွက်လာအောင် ကြိုးစား ယှဉ်ပြိုင်သွားစေလိုကြောင်း တိုက်တွန်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြိုင်ပွဲဝင် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့်တာဝန်ရှိသူများက အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့၍ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်း

>>>

# ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး စစ်တုရင်ပြိုင်ပွဲဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

ရန်ကုန်၊ စက်တင်ဘာလ(၁၂)ရက်။

၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး စစ်တုရင်ပြိုင်ပွဲဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက်(၉း၀၀) နာရီအချိန်က ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဒိုင်လူကြီးများ၊ အုပ်ချုပ်/နည်းပြများနှင့် ဆုရအားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က














အပြည်ပြည်ဆိုင်ရာ စစ်တုရင်လူငယ်(တစ်ဦးချင်း)ပြိုင်ပွဲတွင်ပထမရရှိသော သီဟဇော်(ရှမ်းပြည်နယ်)၊ ဒုတိယရရှိသော ပိုင်ဇေယျာကို(စစ်ကိုင်းတိုင်းဒေသကြီး)၊ တတိယရရှိသောဝဏ္ဏငွေ(မွန်ပြည်နယ်)တို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်

စာမျက်နှာ(၃၂)သို့





>>>

ဒေသကြီး စစ်တုရင်ပြိုင်ပွဲအား ဝန်ကြီးချုပ်မှ ပထမကစားကွက်အား စတင် ရွှေ့၍ စစ်တုရင်ပြိုင်ပွဲအား ဖွင့်လှစ်ပေးခဲ့ပြီး ပထမနေ့ပွဲစဉ်များအား ကြည့်ရှု အားပေးခဲ့ပါသည်။

အဆိုပါပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အမျိုးသားပြိုင်ပွဲဝင်(၁၄)သင်း၊ အမျိုးသမီး ပြိုင်ပွဲဝင် (၁၃)သင်းမှ စုစုပေါင်းအားကစားသမားအင်အား (၁၄၅)ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး စက်တင်ဘာလ (၅) ရက်နေ့မှ စက်တင်ဘာလ(၁၂)ရက်နေ့အထိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်၍ မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

■























စာမျက်နှာ(၃၁)…မှစာဆက်

ဦးထွန်းမြင့်ဦးက အပြည်ပြည်ဆိုင်ရာ စစ်တုရင်လူငယ်(အသင်းလိုက်)ပြိုင်ပွဲတွင် ပထမရရှိသော (မွန်ပြည်နယ်) အသင်း၊ ဒုတိယရရှိသော (မန္တလေးတိုင်းဒေသကြီး)အသင်း၊ တတိယရရှိသော(ရှမ်းပြည်နယ်)အသင်း တို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက အပြည်ပြည်ဆိုင်ရာ စစ်တုရင် အမျိုးသမီး(တစ်ဦးချင်း)ပြိုင်ပွဲတွင် ပထမရရှိသော မျိုးမျိုးသူ(ပဲခူးတိုင်းဒေသကြီး)၊ ဒုတိယရရှိသော ဆုလဲ့နန္ဒာ (မန္တလေးတိုင်းဒေသကြီး)၊ တတိယရရှိသော အိသက်ြဲန်(ဧရာဝတီတိုင်းဒေသကြီး)တို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က အပြည်ပြည်ဆိုင်ရာ စစ်တုရင်အမျိုးသမီး(အသင်းလိုက်)ပြိုင်ပွဲတွင် ပထမရရှိသော (မန္တလေးတိုင်းဒေသကြီး)အသင်း၊ ဒုတိယရရှိသော(မွန်ပြည်နယ်)အသင်း၊ တတိယရရှိသော(ပဲခူးတိုင်းဒေသကြီး) အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေးက အပြည်ပြည်ဆိုင်ရာ စစ်တုရင်အမျိုးသား(တစ်ဦးချင်း)ပြိုင်ပွဲတွင် ပထမရရှိသောမင်းခိုင်ဦး(မန္တလေးတိုင်းဒေသကြီး)၊ ဒုတိယရရှိသော ထက်ဇော်ဖုန်း (ရန်ကုန်တိုင်းဒေသကြီး)၊ တတိယရရှိသော မျိုးကျော်လှိုင်(မွန်ပြည်နယ်)တို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဥပဒေချုပ် ဦးဌေးအောင်က

# ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

● ရန်ကုန် ၊စက်တင်ဘာလ (၁၆)ရက်။

၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး စားပွဲတင်တင်းနစ် ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်



(၁၂:၃၀)နာရီအချိန်က ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အမျိုးသား အားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏာ၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးလှိုင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်၊ အားကစားနှင့် ကာယပညာဦးစီးဌာန မှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ အုပ်ချုပ်/နည်းပြများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းမှနှုတ်ခွန်းဆက် အမှာစကား ပြောကြားရာ၌ စားပွဲတင်တင်းနစ်အားကစားလောကကို ပြန်လည်သုံးသပ်ကြည့်မယ်ဆိုရင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သော အားကစားသမား အများစုဟာ ပြည်နယ်နှင့်တိုင်း



ဒေသကြီး အသီးသီးက ဖြစ်သည့်အတွက် ယခင်ကတည်းက ပြည်နယ်နှင့်တိုင်းဒေသကြီးတွေမှာ စားပွဲတင်တင်းနစ်အားကစားနည်းကို စိတ်ဝင်တစား လေ့ကျင့်ကစားခဲ့ကြတယ်ဆိုတာထင်ရှားပါကြောင်း၊ ယခု နောက်ပိုင်းမှာတော့ အများစုဟာ ရန်ကုန်နှင့် မန္တလေးတို့ကသာ ဖြစ်နေသည်ကို တွေ့ရှိလာရတဲ့အတွက် ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အားကစားသမား မောင်/မယ်များအနေဖြင့် ကြိုးစားအားထုတ်ကြဖို့ တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့ကိုယ်စားပြုတဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီးအသင်း အောင်နိုင်ရေးအတွက် အနိုင်မခံ အရှုံးမပေးဘဲ ဇွဲ၊ စိတ်ဓာတ် အပြည့်နဲ့ သန့်ရှင်းစွာ ပါဝင်ယှဉ်ပြိုင်ကြပြီး အားကစားသမားများ အချင်းချင်း ချစ်ခင်ရင်းနှီးစွာဖြင့် စည်းကမ်းနှင့်အညီ ပြောဆိုနေထိုင်ကြပြီး ပြည့်ထောင်စုစိတ်ဓာတ်ကို ဖော်ဆောင်သွားစေလိုကြောင်းနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်မှ နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြစေလိုကြောင်း ပြော

စာမျက်နှာ(၃၄)သို့







အပြည်ပြည်ဆိုင်ရာစစ်တုရင်အမျိုးသား (အသင်းလိုက်)ပြိုင်ပွဲတွင် ပထမရရှိသော (ရန်ကုန်တိုင်းဒေသကြီး)အသင်း၊ ဒုတိယရရှိသော (မန္တလေးတိုင်း ဒေသကြီး)အသင်း၊ တတိယရရှိသော (နေပြည်တော်)အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်က အပြည်ပြည်ဆိုင်ရာ စစ်တုရင် လူငယ်အသင်းလိုက် တံခွန်စိုက်ဒိုင်းဆုရရှိသော မွန်ပြည်နယ် အသင်းအား တံခွန်စိုက်ဒိုင်းဆုကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက အပြည်ပြည်ဆိုင်ရာ စစ်တုရင် အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ဒိုင်း ရရှိသော မန္တလေးတိုင်းဒေသကြီး အသင်း၊ အပြည်ပြည်ဆိုင်ရာစစ်တုရင် အမျိုးသားအသင်းလိုက် တံခွန်စိုက်ဒိုင်းရရှိသော ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် စုပေါင်းတံခွန်စိုက်ဒိုင်းဆု ရရှိသွားသော မန္တလေးတိုင်းဒေသကြီး အသင်းတို့အား တံခွန်စိုက်ဒိုင်းဆုများအား ချီးမြှင့်ပေးခဲ့ပြီး စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရှိရသည်။














စာမျက်နှာ(၃၃)…မှစာဆက်

ကြားခဲ့ပါသည်။

ဆက်လက်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်မှ အဖွင့်အမှာစကားပြောကြားရာတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီး မှာရှိကြသော စားပွဲတင်တင်းနစ်အားကစားသမားများ အချင်းချင်းတစ်နေရာထဲတွင် စုစည်းရောက်ရှိတွေ့ဆုံပြီးပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာလာစေရေးနှင့် ထူးချွန်ပြီး အလားအလာရှိသော မျိုးဆက်သစ် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးနှင့်ပြောင်းလဲတိုးတက်နေသော စားပွဲတင်တင်းနစ်အားကစားနည်း၏ နည်းစနစ်များ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်ပြီး အားကစားသမားများ အချင်းချင်း အမြင်ချင်း ဖလှယ်ပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရေးအတွက် ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ပါကြောင်း၊ စားပွဲတင်တင်းနစ်အားကစားနည်းဟာ အခြားအားကစားနည်းများကဲ့သို့ ကိုယ်ခန္ဓာကြီးထွားမှုနှင့် အရပ်အမောင်းမြင့်မားမှုတို့က အဓိကမကျဘဲ သွက်လက် ဖြတ်လတ်မှု၊ ခံနိုင်ရည်နှင့် သက်လုံကောင်းမွန်မှု၊ နည်းစနစ်ပိုင်းကျွမ်းကျင်မှုနှင့်တစ်ဖက်ပြိုင်ဘက် အားကစားသမားရဲ့ အားနည်းချက်ကို ချက်ချင်းပြန်လည်အသုံးချနိုင်မှုတို့ကို အဓိကထားရတဲ့ အားကစားနည်းတစ်မျိုးဖြစ်ပါကြောင်း၊ အားကစားကွင်းနေရာအနေနဲ့လည်း အကျယ်အဝန်းအထိုက်အလျောက်ရှိလျှင် ကစားနိုင်တဲ့ အားကစားနည်းဖြစ်သလို လျှင်မြန် ဖြတ်လတ်မှုနှင့် ကိုယ်လက်လှုပ်ရှားမှု မပြင်းထန်ဘဲ ကစားနိုင်တဲ့ အားကစားနည်းဖြစ်တာမို့ ကျန်းမာရေးအတွက် အထူးသင့်လျော်တဲ့ အားကစားနည်းလည်းဖြစ်ကြောင်း၊ မြန်မာ့စားပွဲတင်တင်းနစ်အားကစားနည်းအနေဖြင့် နိုင်ငံတကာပြိုင်ပွဲများနှင့် အရှေ့တောင်အာရှအဆင့် ပြိုင်ပွဲများမှာလည်း ဆုတံဆိပ်များ ရရှိအောင် မြန်မာနိုင်ငံစားပွဲတင်တင်းနစ် အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ အားကစားသမားများအားလုံးမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက်တွန်း ပြောကြားလိုကြောင်း၊ ပြိုင်ပွဲဝင် အားကစားသမားများအနေဖြင့် ဒိုင်လူကြီးရဲ့ အဆုံးအဖြတ်နဲ့ ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းများကိုလည်း လေးစားလိုက်နာကြပါ၊ ပြိုင်ပွဲကို ကြီးကြပ်ကြမည့် ဒိုင်လူကြီးများကလည်း ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းများနှင့်အညီ တရားမျှတစွာနှင့် တိကျစွာ ဆုံးဖြတ်ဆောင်ရွက်ပေးကြပါလို့ မှာကြားလိုကြောင်း ပြောကြားပြီး ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးပါသည်။

ထို့နောက်ပြိုင်ပွဲဝင်အားကစားသမားများမှအားကစားသစ္စာအဓိဋ္ဌာန် (၄)ချက် ရွတ်ဆိုခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်တို့က အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီးနောက် ရန်ကုန်တိုင်းအားကစားနှင့်ကာယပညာ ကော်မတီ နာယက၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းမှ ကိုးကိုးကျွန်းမြို့နယ် အားကစားနှင့်ကာယပညာကော်မတီသို့ စားပွဲတင် တင်းနစ်ခုံ(၃)ခုံ၊ စားပွဲတင်တင်းနစ်ပိုက်နှင့်တိုင်(၃)စုံ၊ စားပွဲတင်တင်းနစ်ဘက်တံ (၁၂) ချောင်းနှင့် စားပွဲတင်တင်းနစ် ဘောလုံး (၆)ဒါဇင်တို့ကို ပေးအပ်လှူဒါန်းရာ သန်လျင်ခရိုင်အုပ်ချုပ်ရေးမှူး ညွှန်ကြားရေးမှူးဦးအောင်သိုက်ဝင်းမှ လက်ခံရယူခဲ့ပါသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာ

# ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

ရန်ကုန်၊ စက်တင်ဘာလ(၂၀)ရက်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ ညနေ(၃)နာရီအချိန်က ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏဥ္စကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစား နှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဒိုင်လူကြီးများ၊ အုပ်ချုပ်/နည်းပြများနှင့် ဆုရအားကစားသမားများ တက်ရောက်ခဲ့ကြပါသည်။

ပထမဦးစွာ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် စောတာဝေလင်း(ရန်ကုန်တိုင်းဒေသကြီး)နှင့် ဇင်မင်းဟိန်း(ရန်ကုန်တိုင်းဒေသကြီး) တို့ ယှဉ်ပြိုင်ကစားကြရာ ဇင်မင်းဟိန်း (ရန်ကုန်တိုင်းဒေသကြီး)က အနိုင်ရရှိပြီး ပထမရရှိသွားသည်။

ပြိုင်ပွဲများအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ အမျိုးသား/အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမရရှိသော ဇင်မင်းဟိန်း+နန်းဆက်ဝါ (ရန်ကုန်တိုင်းဒေသကြီး) အသင်း၊ ဒုတိယရရှိသော စောတာဝေလင်း+ယဉ်ဝေခိုင်(ရန်ကုန်တိုင်းဒေသကြီး)အသင်း၊ ပူးတွဲတတိယရရှိသော မြတ်သူရလင်း+နိုင်နိုင်ဝင်း (ရှမ်းပြည်နယ်)အသင်းနှင့် ထက်မြက်+လင်းသူဇာ(ရန်ကုန်တိုင်းဒေသကြီး) အသင်းတို့အား အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ မှ တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမရရှိသော နန်းဆက်ဝါ+ယဉ်ဝေခိုင်(ရန်ကုန်တိုင်းဒေသကြီး)အသင်း၊ ဒုတိယရရှိသော ရတနာစိုး + ပုလဲနှစ် (စစ်ကိုင်းတိုင်းဒေသကြီး) အသင်း၊ ပူးတွဲ တတိယရရှိသော ထက်ထက်ဝင်း+မေလပြည့်ဝန်း (မွန် ပြည်နယ်) အသင်း နှင့် နိုင်နိုင်ဝင်း+ မြတ်နိုးဝသန်(ရှမ်းပြည်နယ်) အသင်းတို့အား မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်မှ တစ်ဦးချင်းဆုတံဆိပ်နှင့်ဂုဏ်ပြုချီးမြှင့်










ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်း

စာမျက်နှာ(၄၁)သို့






>>

ပြီးနောက် ပထမနေ့ ပွဲစဉ်များအား ဆက်လက်ယှဉ်ပြိုင်သွားကြပါသည်။

အဆိုပါပြိုင်ပွဲတွင် ချင်းပြည်နယ်မှလွဲ၍ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အမျိုးသားပြိုင်ပွဲဝင်(၁၄)သင်း၊ အမျိုးသမီးပြိုင်ပွဲဝင်(၁၃)သင်းမှ နည်းပြ/အုပ်ချုပ်ကစားသမား စုစုပေါင်း (၁၈၅)ဦး ဝင်ရောက် ယှဉ်ပြိုင်ကြပြီး စက်တင်ဘာလ(၁၆)ရက်နေ့မှ စက်တင်ဘာလ(၂၀)ရက်နေ့အထိအမျိုးသား အားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏဥ္စ ကျင်းပပြုလုပ်သွားမည်ဖြစ်၍ မည်သူမဆို အခမဲ့ ဝင်ရောက် ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

MINISTRY OF Sports and Youth Affairs
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန

# ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး ကျန်းမာခြင်းသည် လာဘ်တစ်ပါး




လင်းအရှက်ဦး(ပဲခူး)



မျက်မှောက်ကာလတွင် "ကိုယ်လက် လှုပ်ရှားဆေးတစ်ပါး"ဟူသော အမြင်ကို ကမ္ဘာ့နိုင်ငံတိုင်းလိုလိုက လက်ခံကျင့်သုံးလာကြသည်။ ကိုယ်လက်လှုပ်ရှားခြင်း သို့မဟုတ် အားကစားလေ့ကျင့်ခန်းဆင်းခြင်းသည် သက်ရှည်ကျန်းမာရေးအတွက်ကြိုတင်ကာကွယ်ဆေးဖြစ်သလို လူတိုင်း၌ ဖြစ်ပွားလေ့ရှိသော ရောဂါတော်တော်များများအတွက် ကုသဆေးလည်းဖြစ်သည့်အားလျော်စွာ ကိုယ်လက် လှုပ်ရှားဆေးတစ်ပါး အစီအစဉ်မှာလည်း ပို၍ တွင်ကျယ်လာသည်။ လက်တွေ့ဖြစ်စဉ်များ၊ သုတေသနပြုချက်များ အားလုံးတွင် ကိုယ်လက်လှုပ်ရှားမှုပြုသူနှင့်မပြုသူတို့၏ ကျန်းမာရေးအဆင့်အတန်းများစွာ ကွာခြားပုံကို တွေ့ရှိရသဖြင့် လူတိုင်းကျန်းမာအောင် ကိုယ်လက်လှုပ်ရှားမှု တစ်ခုမဟုတ်တစ်ခုပြုကျင့်သင့်ကြောင်း အကြံပြုချက်များ စဉ်ဆက်မပြတ် ပေါ်ထွက်လျက်ရှိပါသည်။

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဖြစ်သည်။ လူ့ဘဝတစ်ခုတွင် ရရှိနိုင်သော ဆုလာဘ်များစွာအနက် စိတ်ချမ်းသာမှုသည်သာ အကြီးမြတ်ဆုံးဖြစ်သည်။ ချမ်းသာကြွယ်ဝမှု၊ စည်းစိမ်ဥစ္စာပြည့်စုံမှု၊ အခြွေအရံပေါများမှုတို့ မည်မျှပင်ရှိနေပါစေ၊ စိတ်ချမ်းသာမှုရချင်မှရပေမည်။ စိတ်ချမ်းသာမှုကို ကျန်းမာရေး ပြည့်စုံကောင်းမွန်သူများကသာ ပိုင်ပိုင်နိုင်နိုင်ရရှိတတ်သဖြင့် ကျန်းမာခြင်းသည် မည်သည့်အရာနှင့်မျှမလဲနိုင်သည့် စိတ်ချမ်းသာမှု တစ်နည်းဆိုသော် အကြီးမားဆုံးသော လာဘ်တစ်ပါးပင်ဖြစ်သည်။ ထိုသို့ ဒေါင်ဒေါင်မြည်ကျန်းမာအောင် အားထုတ်ကြမည်ဆိုလျှင် အစာအာဟာရမှီဝဲသကဲ့သို့ ဆေးတစ်ပါးဖြစ်သော ကိုယ်လက်လှုပ်ရှားမှုကိုလည်း နေ့စဉ်မှီဝဲမှသာ သက်ရှည်ကျန်းမာသည့်အဆင့်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ လူအတော်များများသည် အကြောင်းပြချက်အမျိုးမျိုးဖြင့် အားကစားလှုပ်ရှားမှုတက်သို့ စိတ်ကူးပင်မလှည့်ဘဲ အချိန်ကို အလဟဿဖြုန်းတီးပစ်ခြင်းမှာ ဘဝအတွက် အလွန်နစ်နာသော အပြုအမူပင်ဖြစ်သည်။ ကိုယ်လက်လှုပ်ရှားမှုကို အစမလုပ်ကြသေး၍သာ အကျိုးတရားကိုမသိ ကျိုးကျွန်ပြုနေကြခြင်းဖြစ်သည်။ ပထမဆုံးအစပြုလိုက်သည်နှင့် ကိုယ်လက်လှုပ်ရှားမှု၏ အကျိုးကျေးဇူးကို လက်ငင်းသိရှိ ခံစားလိုက်ရသည်နှင့်အမျှ အချိန်မှန်မလုပ်ရလျှင်ပင် မနေနိုင်လောက်အောင် ဖြစ်သွားတတ်သည့်အတွက် ဆောလျင်စွာ စတင်လုပ်ကြည့်စေလိုပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ကျန်းမာခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ "အနာရောဂါများ ကင်းရှင်းပြီး ကိုယ်အင်္ဂါမသန်စွမ်းမှုမရှိရုံသာမက ကာယသုခ၊ စိတ္တသုခနှင့် လူမှုရေးသုခများပါ ပြည့်စုံခြင်း"ဟူ၍ဖြစ်သည်။ ထိုအဓိပ္ပာယ် ဖွင့်ဆိုချက်နှင့်အညီ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားတိုင်း ကျန်းမာခြင်းအကျိုးကို ရရှိခံစားနိုင်အောင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေးအတွက် အထူးအလေးထား အကောင်အထည်ဖော်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်ဖြစ်သော "လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေး"ကို ချမှတ်လျက် ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး အစီအစဉ်အောင်မြင်အောင်လည်း အားဖြည့်ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာခြင်းဟူသောစကားရပ်၏ ဆိုလိုရင်းမှာ ဝေဒနာသက်သာရန်ထက် ရောဂါပျောက်ကင်းရန် အရေးကြီးသည်။ ရောဂါပျောက်ကင်းရန်ထက် ရောဂါမဖြစ်ရန် ပို၍အရေးကြီးသည်။ ရောဂါမဖြစ်ရန်ထက် အစဉ်အမြဲကျန်းမာနေရန် အရေးကြီးဆုံးဖြစ်သည်ဟူသော အဓိပ္ပာယ်ပင်ဖြစ်သည်။ နိုင်ငံသားတိုင်း အစဉ်အမြဲကျန်းမာနေရေးအတွက်ဆိုလျှင် "ကြိုတင်ကာကွယ်မှုသည် ကုသမှုထက် ပို၍ ထိရောက်သည်"ဆိုသော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဆောင်ပုဒ်နှင့်အညီ ကြိုတင် ကာကွယ်မှုအရပ်ရပ်ကို ကျန်းမာရေးအသိရှိရှိ ပြုကျင့်တတ်ရေးလိုအပ်သည်။ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ စားသောက်ကုန်အန္တရာယ်ကင်းရှင်းရေး၊ ရာသီဥတုနှင့်လိုက်လျောညီထွေ နေထိုင်ရေး၊ အာဟာရ ပြည့်ဝစွာ စားသောက်ရေးနှင့် နေ့စဉ် ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ဆောင်ရွက်ရေးတို့သည် ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်မှု အရပ်ရပ်ပင်ဖြစ်သည်။ ထိုသို့ ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်မှု ကောင်းမွန်ပါက ပြည်သူတိုင်းသည် လူ့ဘဝသက်တမ်းစေ့နေနိုင်ပြီး အလိုရှိအပ် တောင့်တအပ်သော ချမ်းသာသုခများကို ပြည့်ပြည့်ဝဝ ခံစားရင်း စိတ်ချမ်းသာမှုရရှိကြမည် ဖြစ်ပါသည်။

မွေးကင်းစမှစ၍ သက်တမ်းအလိုက် ဂျပန်ဦးနှောက်အမြှေးရောင်ရောဂါကာကွယ်ဆေးအပါအဝင် ကာကွယ်ဆေး(၁၁)မျိုးကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက မြို့ပြနှင့်ကျေးလက်ဒေသအားလုံး တစ်နိုင်ငံလုံးအနှံ့ ထိုးနှံတိုက်ကျွေးပေးလျက်ရှိသည်။ ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းသည် ကလေးသူငယ်အားလုံး၏ ဘဝအစ ရပိုင်ခွင့်ရှိသော အခွင့်အရေးတစ်ရပ်ဖြစ်သည်နှင့်အညီ မဖြစ်ဖြစ်အောင် ထိုးနှံတိုက်ကျွေးပေးရမည်မှာ လူကြီးမိဘအားလုံး၏တာဝန်ပင်ဖြစ်သည်။ ထိုနည်းတူစွာ ကလေးငယ်များပြေးလွှားဆော့ကစားခြင်းကို မပိတ်ပင်ဘဲ အဆင်ပြေညီညွတ်အောင် စီမံပေးမည်ဆိုလျှင် ကြိုတင်ကာကွယ်ဆေး တစ်ပါးဖြစ်သော ကိုယ်လက်လှုပ်ရှားမှုကို အားပေးရာရောက်သဖြင့် ကလေးသူငယ်များအတွက် ကာကွယ်ဆေး(၁၁)မျိုး မဟုတ်တော့ဘဲ (၁၂)မျိုးဖြစ်လာအောင် ဖြည့်ဆည်းပေးရာရောက်ပြီး ရင်သွေးငယ်များမှာလည်း ပိုမို ကျန်းမာသန်စွမ်းလာကြမည် ဖြစ်သည်။ အလားတူစွာ "ပြေးလွှားဆော့ကစားခြင်းသည် သင်ယူခြင်းဖြစ်သည်"ဟူသောအဆိုကို လက်တွေ့အကောင်အထည်ဖော်ရာလည်း ရောက်သည်။ ဆော့ကစားခြင်းကြောင့် အတွေ့၊ အထိ၊ အသိနှင့် စဉ်းစားဉာဏ်တို့ တဖြည်းဖြည်း ရင့်သန်လာသည့်အတွက် ယနေ့ ကမ္ဘာတွင် ဆော့ကစားရင်းသင်ယူသော အလေ့အထ တိုးပွားအောင် စီမံဖန်တီးလာကြောင်း တွေ့ရှိရပါသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှုများအရ KG + 12 ပညာရေးစနစ်ကို အကောင်အထည်ဖော်ခဲ့ရာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ အသက်ငါးနှစ်ပြည့်ပြီးသည့် ကလေးများအား KG သူငယ်တန်းသို့ တက်ရောက်စေခဲ့သည်။ KG တန်းသင်ကြားရေးသည် ယခင်ကလို စာနှင့် တိုက်ရိုက်ထိတွေ့စေခြင်းမျိုး မဟုတ်ဘဲ ကလေးများ၏ ကိုယ်ခန္ဓာနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုရရှိပြီး စဉ်းစားတွေးခေါ်တတ်စေရန်၊ အသိပညာတိုးပွားရရှိစေရန် ဆော့ကစားခြင်းကို အခြေခံလျက် သင်ကြားပေးခြင်းဖြစ်ရာ ထိုကလေးများသည် ကျန်းမာပျော်ရွှင်ကာ ဉာဏ်ရွှင်သည့်ဘက်သို့ ရောက်ရှိသွားကြောင်း လေ့လာတွေ့ရှိရသည်။ KG တန်းပြီးဆုံး၍ Grade I သို့ တက်ရောက်လာသောအခါ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးလာမှုကြောင့် အရင်ကလို (၅)ယောက် တစ်တန်းထိုင်ခုံရှည်နှင့် မဆံ့တော့သဖြင့် ခုံရှည်တစ်တန်းလျှင် (၄)ယောက်သာ ထားနိုင်တော့ကြောင်း တွေ့ရသည်။ ဆိုလိုသည်မှာ ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး၏ အကျိုးကျေးဇူးမှာ ကြီးမားလှပြီး မိသားစုတိုင်းကလည်း ထိုအလေ့အထ မပျောက်ပျက်ရအောင် ထိန်းသိမ်းပေးသင့်ကြောင်းပင်ဖြစ်ပါသည်။




လူတို့တွင် ဖြစ်ပွားတတ်သည့် ရောဂါဟူသည် ကူးစက်တတ်သော ရောဂါနှင့် မကူးစက်တတ်သော ရောဂါဟူ၍ နှစ်မျိုးနှစ်စားရှိရာ ကိုယ်လက်လှုပ်ရှားမှုသည် မကူးစက်တတ်သော ရောဂါ ဖြစ်ပွားမှုနှုန်းကို လျှော့ချနိုင်ပြီး ကူးစက်တတ်သောရောဂါဖြစ်ပွားမှုမှ ထိရောက်စွာ ကာကွယ်ပေးနိုင်ပါသည်။ မကူးစက်တတ်သောရောဂါများဖြစ်သည့် နှလုံးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ လေဖြတ်ရောဂါ၊ အဝလွန်ရောဂါနှင့် ကင်ဆာရောဂါအစရှိသော ရောဂါများသည် ဖြစ်ပွားမှုနှုန်းမြင့်တက်လျက်ရှိသကဲ့သို့ လူ့အသက် အန္တရာယ်ကို အပေးနိုင်ဆုံးသောရောဂါများပင်ဖြစ်သည်။ လူတို့၏ ခန္ဓာဗေဒအဖွဲ့အစည်းတွင် အဓိကအားဖြင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ရေ ဓာတ်သဘာဝများ မှန်ကန်ပြီး ကိုယ်တွင်းအင်္ဂါရပ်များ၏ ဖြစ်စဉ်ထိရောက်ကောင်းမွန်မှသာ ကျန်းမာသည်ဟုဆိုနိုင်သည်။ လူတို့တွင် လူ့ခန္ဓာကိုယ်တွင်းဝင်ရောက်လာသည့် ရောဂါကို တိုက်ဖျက်နိုင်သော အစွမ်းသတ္တိထူးတစ်ခုရှိသည်။ ဝင်လာသမျှရောဂါကို အဆိုပါ တိုက်ဖျက်နိုင်စွမ်းက ခုခံလိုက်သော်လည်း ရောဂါပြင်းထန်လာသည့်အခါ ခုခံနိုင်စွမ်းမရှိတော့ဘဲ ကျန်းမာရေး ဖောက်ပြန်သောအဆင့်သို့ ရောက်ရသည်။ ထိုခုခံနိုင်စွမ်းကို ပိုမိုအားကောင်းလာအောင် ကိုယ်လက်လှုပ်ရှားမှုဖြင့် ကူညီပံ့ပိုးပေးသည်နှင့် အမျှ ရောဂါကာကွယ်နိုင်စွမ်းမှာလည်း ပို၍မြင့်မားလာသည်။ ပုံမှန်လှုပ်ရှားလည်ပတ်နေသော စက်ကိရိယာတစ်ခုသည် ကာလရှည်ကြာရပ်ထားပါက ချေးတက်ပြီး ပြန်လည်လည်ပတ်ရန် ခက်ခဲတတ်သလို မဖြစ်ရအောင် လူ့ကိုယ်ခန္ဓာအစိတ်အပိုင်းများ ပုံမှန် လည်ပတ်နိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားမှုနှင့် ထိန်းကျောင်းတတ်ရေး များစွာ လိုအပ်ပါသည်။

သုတေသနပြုလုပ်သိရှိချက်များအရ တစ်ပတ်လျှင် အနည်းဆုံး ၁ မိုင် လမ်းလျှောက်သူများ၊ စက်ဘီးစီးသူများသည် ၁၀ နှစ်တာကာလအတွင်း နှလုံးရောဂါဖြစ်ခြင်းမှ ၈၂ ရာခိုင်နှုန်းအထိ ကျဆင်း သွားကြောင်းတွေ့ရသည်။ သင့်တင့်မျှတသော ကိုယ်လက်လှုပ်ရှားမှုပြုခြင်းဖြင့် ပြုလုပ်သူ ၁၈ ရာခိုင်နှုန်း အထိသည် ဖြစ်နေသော နှလုံးရောဂါသက်သာလာပြီး ၁၈ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိသည် နှလုံးရောဂါကြောင့် အသက်အန္တရာယ်နှင့် နီးကပ်ရာမှ ဝေးကွာသွားကြသည်။ သေနှုန်းလည်း ကျဆင်းသွားသည်။ တစ်နေ့လျှင် တစ်နာရီခန့် သစ်ပင်၊ ဥယျာဉ်စိုက်ခြင်းကြောင့် နှလုံးရောဂါနှင့် သေဆုံးမှု ၆၆ ရာခိုင်နှုန်းအထိ လျော့ကျသွားရသည်။ တစ်ပတ်လျှင် ၁ နာရီ လမ်းလျှောက်သူများ၏ ၇၃ ရာခိုင်နှုန်းမှာ နှလုံးရောဂါဖိစီးမှုမှ သက်သာသွားသည်။ သင့်တင့်မျှတသော လေ့ကျင့်ခန်းလုပ်ခြင်းသည် သွေးတိုး ရောဂါကိုလည်း ကာကွယ်ပေးနိုင်ပြီး သွေးတိုးခြင်းမှ ၂၀ အမှတ်အထိ ကျဆင်းသွားစေသည်။ ချွေးမထွက်သော လေ့ကျင့်ခန်းများပြုလုပ်ခြင်းဖြင့်လည်း ရောဂါများနှင့် အသက်အန္တရာယ်မှ ကင်းဝေးနိုင်သည်မှာ အမှန်ပင်ဖြစ်သည်။ ပုံမှန်ကိုယ်လက်လှုပ်ရှားလေ့ကျင့်သူ ၂၀ ရာခိုင်နှုန်းမှ ၃၄ ရာခိုင်နှုန်းအတွင်း လေဖြတ်မှုအန္တရာယ်မှ လျော့ကျစေနိုင်ကြောင်းကိုလည်း သုတေသနပြုတွေ့ရှိထားပါသည်။

ကမ္ဘာပေါ်တွင် အမျိုးသမီးများ၌ အဖြစ်အများဆုံးရောဂါမှာ ရင်သားကင်ဆာဖြစ်သည်။ ရင်သားကင်ဆာဖြစ်ပွားမှုမှ ထိန်းချုပ်နိုင်အောင် ဆေးပညာရှင်များနှင့် ဆေးသုတေသန ပညာရှင်များက အမျိုးမျိုးစမ်းသပ်သုတေသနပြုခဲ့ရာ ရင်သားကင်ဆာအတွက် အကောင်းဆုံးဆေးဝါးမှာ လေ့ကျင့်ခန်းမှန်မှန်လုပ်ခြင်းပင်ဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ ရောဂါကိုမစမ်းသပ်မီကာလအပါအဝင် စမ်းသပ်ပြီးကာလအထိပါ လေ့ကျင့်ခန်းလုပ်လျှင် သက်သာပျောက်ကင်းနိုင်သည်ဟု ဆိုသည်။ ကျန်းမာရေးလိုက်စားသူ အမျိုးသမီးတစ်ဦး ရင်သားကင်ဆာဖြစ်နေရာမှ လေ့ကျင့်ခန်းများကြောင့် အသက်မသေဘဲ ပျောက်ကင်းသွားရသည်။ သိပ္ပံပညာရှင်များအနေဖြင့် အစောပိုင်းကာလများက လေ့ကျင့်ခန်းလုပ်ခြင်းသည် အလွန်အရေးကြီးကြောင်း သဘောမပေါက်ခဲ့ကြပေ။ သို့သော် ကိုယ်လက်လှုပ်ရှားကြသူများနှင့် လေ့ကျင့်ခန်းမလုပ်ဘဲ အိပ်ရာပေါ် လှဲနေသူများ၏ရောဂါအခြေအနေကို သုတေသနလုပ်ကြည့်သောအခါ ထူးထူးခြားခြား ကွာဟနေကြောင်းတွေ့ရသည်။ တစ်ပတ်လျှင် သုံးကြိမ်၊ တစ်ကြိမ်လျှင် ၄၅ မိနစ်ခန့် ပုံမှန်ကိုယ် လက်လှုပ်ရှားခြင်းက စိုးရိမ်သောကရောက်ခြင်းနှင့် စိတ်ဓာတ်ကျခြင်းကို သက်သာပျောက်ကင်းစေသလို မောပန်းနွမ်းနယ်ခြင်းကိုလည်း သက်သာရာရစေသည်။ အထူးခြားဆုံးမှာ ရင်သားကင်ဆာဖြစ်နေသူ အမျိုးသမီးများ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်သောကြောင့် သိသိသာသာ ပျောက်ကင်းချမ်းသာရာရသည်ကို သိပ္ပံနည်းကျဖော်ထုတ် တွေ့ရှိခဲ့ခြင်းပင်ဖြစ်ပါသည်။



ယနေ့ကာလတွင် အဆင့်(၂) ဆီးချိုရောဂါနှင့် အဝလွန်ရောဂါများမှာ တစ်စထက်တစ်စ တိုးတက်များပြားလာပြီး နှစ်စဉ်အသက်အန္တရာယ်ပေါင်းများစွာကို ထိခိုက်ပျက်စီးစေလျက်ရှိသည်။ ထိုသို့ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားလာခြင်းသည် အဓိကအနေဖြင့် ကျန်းမာရေးလိုက်စားမှု အားနည်းလာ၍ဖြစ်သည်။ အလုပ်ကြမ်းလုပ်သူများထက် ကုလားထိုင်ပေါ်တွင် ထိုင်လုပ်နေရသူအများစုမှာ ထိုရောဂါများကို ခံစားရလေ့ရှိသည်။ ဆီးချိုရောဂါပြင်းထန်လာပါက အခြားရောဂါများဖြစ်သော မျက်စိမှုန်ဝါးခြင်း၊ လက်ချောင်းများသို့ သွေးမစီး၍ ဖြတ်ပစ်ရခြင်း၊ ကျောက်ကပ်မကောင်းခြင်း၊ နှလုံးရောဂါနှင့် လေဖြတ်ရောဂါဖြစ်ခြင်းများအထိ ဖြစ်ပွားတတ်သည်။ အဝလွန်သူတစ်ဦးသည် ရောဂါကိုအနိုင်တိုက်မည်ဟုဆုံးဖြတ်လျက် ပထမဆုံးနေ့တွင် မိနစ် (၂၀)လမ်းလျှောက်သည်။ ကီလိုမီတာတစ်ဝက်ကို မနားတမ်းလျှောက်သည်။ လမ်းမှန်မှန်လျှောက်၊ အစားအသောက်ကိုသတ်မှတ်ချက်နှင့်အညီ ပုံမှန်စားသောက်ခဲ့ရာ ကိုယ်အလေးချိန်အံ့သြစရာကောင်းလောက်အောင် ကျဆင်းသွားခဲ့သည်။ မိုးရွာရွာ၊ နေပူပူလမ်းလျှောက်ခြင်းကို လုံးဝမလျှော့ဘဲ မပျက်မယွင်း လေ့ကျင့်ခဲ့ရာ ဆေးစားစရာမလိုဘဲ ကိုယ်အလေးချိန်

ကျဆင်းကာ သာမန်လူတစ်ဦး၏ ကိုယ်အလေးချိန်သို့ ရောက်ရှိသွားပါတော့သည်။

စိတ်ဖိစီးမှုဝေဒနာကို လူတိုင်းလိုလိုခံစားရတတ်သည်။ "လူတစ်ခုပူမှုရယ်တဲ့ ဆယ်ကုဋေ" ဆိုသလို သူ့အပူနှင့်သူစိတ်ဖိစီးလာသောအခါ နှလုံးထိခိုက်ခြင်း၊ သွေးလွှတ်ကြောပိတ်ခြင်း၊ ကိုယ်ခံအားလျော့နည်းခြင်း၊ အအေးမိ နှာစေး ချောင်းဆိုးရောဂါ



ဖြစ်ခြင်းတို့သာမက ပန်းနာနှင့် ကင်ဆာရောဂါများဖြစ်ရန် လွယ်ကူစေသည်။ စိတ်ဖိစီးသဖြင့် အသက်မကြီးသေးသော်လည်းမှတ်ဉာဏ်အား လျော့နည်းလာတတ်သည်။ ထိုဝေဒနာကိုသက်သာစေရန် အသက်ပြင်းပြင်းရှူရခြင်းလေ့ကျင့်ခန်းကို နှစ်မိနစ်ခန့် မကြာခဏ ပြုလုပ်ပေးရသည်။ ထို့အတူ အနားယူခြင်း၊ ရယ်မောခြင်း၊ သီချင်းနားထောင်ခြင်း၊ ပျော်ရွှင်စရာတွေးခြင်း၊ အသက်ဖြည်းဖြည်း မှန်မှန်ရှူခြင်းတို့အပြင် လမ်းလျှောက်ပေးရန်လည်း လိုအပ်သည်။ စိတ်ဖိစီးမှုဖြစ်လာလျှင် ဘာအလုပ်မှမလုပ်တော့ဘဲ (၁၀) မိနစ်ခန့်လမ်းလျှောက်ပေးပါ။ လမ်းလျှောက်လိုက်သဖြင့် စိတ်အေးချမ်းမှုအလိုလိုဖြစ်ရခြင်းကို သိပ္ပံပညာရှင်များက ဘာကြောင့်ဖြစ်ရသနည်းဟု သက်သေအထောက်အထား ရှာဖွေဆဲဖြစ်သည်။ လမ်းလျှောက်သူများနှင့် အိမ်တွင်းအောင်းနေသူများ၏ စိတ်ဖိစီးမှုဝေဒနာဖြစ်ပေါ်ပုံ အလွန်ကွာခြားသည်။ တစ်ပတ်လျှင် လေးကြိမ် ပုံမှန် လမ်းလျှောက်သူများတွင် စိတ်ဖိစီးမှုမဖြစ်ပွားဘဲ ကောင်းမွန်စွာစားဝင် အိပ်ပျော်ကြောင်း တွေ့ရသည်။ သွေးပေါင်ချိန်ပုံမှန်အတိုင်းဖြစ်ပြီး ချွေးထွက်လာခြင်း၊ သွေးလေမှန်ကန်ခြင်း၊ အကြောအခြင်ပြေလျော့လာခြင်းတို့က စိတ်ဖိစီးမှုကို များစွာ လျော့နည်းစေကြောင်း တွေ့ရှိရပါသည်။

လူတိုင်းသည် ချွေးထွက်များမှ အသက်ရှည်မည်။ လေ့ကျင့်ခန်းလုပ်မှ ကျန်းမာမည်ဖြစ်သည်။ ချွေးထွက်ခြင်းသည် ကျန်းမာရေးနှင့်အသက်ရှည်ရေးအတွက် သက်စောင့်ဆေးတစ်ပါးဖြစ်သည်နှင့်အညီ ချွေးထွက်အောင် ကိုယ်လက်လှုပ်ရှားခြင်းသည် ငွေမကုန်ရသော ရလဒ်ကောင်းပင်ဖြစ်သည်။ ချွေးထွက်အောင် တစ်ပတ်လျှင် ၃ ကြိမ်မှ ၇ ကြိမ်အထိ အပြေးဗစ်၊ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ တင်းနစ်နှင့် ရှရှပြေးခြင်းတို့ ပြုလုပ်သင့်ကြောင်း အဆိုပြုထားသည်။ ချွေးထွက်များပြီး ပင်ပန်းလာသည့်အတွက် ဒဏ်မခံနိုင်၍ မလုပ်လိုသော်လည်း ရောဂါကင်းဖို့အတွက် ချွေးမထွက်သော ပုံမှန်လေ့ကျင့်ခန်းများဖြင့် အတတ်နိုင်ဆုံး ချွေးထွက်အောင် လှုပ်ရှားကစားသင့်ပါသည်။ လေ့ကျင့်ခန်း လုပ်သဖြင့် အရိုးပွခြင်းစသော အရိုးနှင့်ပတ်သက်သည့်ရောဂါ ၄၀ ရာခိုင်နှုန်းအထိ သက်သာပျောက်ကင်းစေသည်။ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းသည်လည်း အူမကြီးကင်ဆာဖြစ်ပွားခြင်းမှ ရှောင်လွှဲနိုင်ကြသည်။ အသက်အရွယ်အရ ဖြစ်လာသော ရောဂါများကိုမှု ရှောင်လွှဲရန် ခက်ခဲလှသော်လည်း လေ့ကျင့်ခန်းလုပ်သူများအတွက် အသက်ကြီးလာသော်မှ ဇရာ၏ဒဏ်အပေါ်ခံစားမှု လျော့နည်းစေကြောင်း တွေ့ရပါသည်။

၂၁ရာစုအတွင်း လူ၏ဇီဝဖြစ်စဉ်ပြောင်းလဲမှုမရှိသော်လည်း သိပ္ပံပညာအရ ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါးအစီအစဉ်မှာ တိုးတက်ပြောင်းလဲလာခဲ့သည်။ ကိုယ်လက်လှုပ်ရှားခြင်းသည် အများနှင့်သက်ဆိုင်သော အသက်ရှည်ရာအနာမဲ့ကြောင်းကို အဓိက ဖော်ဆောင်ပေးနိုင်သောအရာဖြစ်သည်။ အိမ်တွင်းအိမ်ပြင် သန့်ရှင်းရေးလုပ်ခြင်း၊ လှေကား အတက်အဆင်းလုပ်ခြင်း၊ ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်း၊ ပေါင်းသင်မြက်နှုတ်ခြင်းတို့သည်လည်း ကိုယ်လက်လှုပ်ရှားခြင်းပင်ဖြစ်၍ အိမ်တွင်း၌ နေပြီး ပျင်းရိ ငြိမ်သက်ခြင်း မပြုကြရေး လိုအပ်သည်။ ကာယလေ့ကျင့်ခန်းများသည် နှလုံးကြွက်သားအပါအဝင် တစ်ကိုယ်လုံးရှိ ကြွက်သားများ၏ တင်းမာမှုကို ထိန်းပေးသည်။ ချွေး၊ ဆီးနှင့်အညစ်အကြေး စွန့်ထုတ်ခြင်း စသော ကိုယ်တွင်းအင်္ဂါအသီးသီးတို့၏ လုပ်ငန်းများကို ပုံမှန်ဖြစ်စေသည်။ ဇီဝတွင်း ဖြစ်ပျက်မှုနှုန်းကို မှန်ကန်စေသည်။ ယခုအခါ ဆေးဝါးကုသသည့်နည်းလမ်းများ၌ ကာယလေ့ကျင့်ခန်းများကို မပါမဖြစ် ထည့်သွင်းထားကြသည်။ အိပ်ရာထဲတွင်လဲလျောင်းနေရန်မလိုအပ်သောလူနာများအား သင့်လျော်ရာ လေ့ကျင့်ခန်းပြုစေခြင်းဖြင့် လျင်မြန်စွာရောဂါပျောက်ကင်းစေနိုင်သည်။ ထို့အတူ မထနိုင် မထိုင်နိုင်သော လူနာများအားလည်း အိပ်ရာထက်၌ပင် ပြုလုပ်နိုင်သည့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်စေခြင်းဖြင့် အခြားမဆိုင်သောရောဂါများ မဝင်ရောက်စေရန် ကာကွယ်ပေးပြီးသားဖြစ်စေပါသည်။

မလှုပ်မရှားရောဂါပွားဟူသော စကားရပ်သည် အလွန်မှန်ကန်လှပါသည်။ အလုပ်နှင့်လက်မပြတ်တမ်းလုပ်ကိုင်နေသူနှင့် မလှုပ်မရှားနေသူတို့၏ ကျန်းမာရေးအခြေအနေမှာ များစွာကွာခြားသည်။ ကိုယ်လက်လှုပ်ရှားမှုနည်းသူတို့၏ သိသာထင်ရှားသော ချို့ယွင်းချက်တစ်ခုမှာ ကိုယ်ခန္ဓာကြွက်သားများ ခွန်အားလျော့နည်းလာခြင်းပင်ဖြစ်သည်။ ထိုအခါ လျင်မြန်



ဖျတ်လတ်သွက်လက်မှု မရှိခြင်း၊ မတော်တဆ အန္တရာယ်များနှင့် ကြုံရတတ်ခြင်း၊ ခါးနာခြင်း၊ ဝမ်းဗိုက်ကြွက်သားမသန်စွမ်း၍ အူကျခြင်း စသည်တို့ကို ခံစားရသည်။ ထိုနည်းတူစွာ နှလုံးသွေးကြောအဖွဲ့အစည်း၊ အသက်ရှူမှုအဖွဲ့အစည်း၊ ဇီဝတွင်း ဖြစ်ပျက်မှုအဖွဲ့အစည်း၊ အညစ်အကြေးစွန့် အဖွဲ့အစည်းတို့ကိုလည်း ပြောင်းလဲမှု ဖြစ်စေသည်။ အဆစ်အမြစ်များ နာကျင်ရောင်ရမ်းခြင်း၊ လေးဘက်နာရောဂါဖြစ်ခြင်း၊ ကိုယ်လက် ထုံကျင် ကိုက်ခဲခြင်းတို့သည် ကိုယ်လက်လှုပ်ရှားနည်းပါးသူတို့၌ တွေ့ရတတ်သည်။ မည်သို့ပင်ဆိုစေ ကျန်းမာလိုလျှင် ကိုယ်လက်လှုပ်ရှား ကာယလေ့ကျင့်ခန်းများလောက် ကောင်းသည့်အရာ ယနေ့အထိ ရှာမတွေ့သေးပါဟုသာ ဆိုလိုက်ပါရစေ။

ယနေ့ကမ္ဘာတွင် ကူးစက်တတ်သောရောဂါများနှင့်ပတ်သက်၍ ပိုမိုအစွမ်းထက်သည့် ရောဂါရှာဖွေနည်း၊ ကုသနည်းနှင့်ကာကွယ်နည်းများကို တွေ့ရှိလာခြင်း၊ လူနေမှု အဆင့်အတန်းမြင့်မားလာခြင်းတို့ကြောင့် ရောဂါဖြစ်ပွားမှု လျော့နည်းလာသော်လည်း မကူးစက်တတ်သောရောဂါအုပ်စုများမှာပိုမိုဖြစ်ပွားမှု များပြားလာကြောင်း တွေ့ရသည်။ သုတေသနများ၏လေ့လာတွေ့ရှိချက်အရ ကိုယ်လက် လှုပ်ရှားမှုနည်းပါလာခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အရက်အလွန် အကျွံသောက်ခြင်း၊ အဝလွန်ခြင်းတို့ကြောင့် သွေးတိုးခြင်း၊ သွေးတွင်းအဆီဓာတ်ပါဝင်မှုများပြားခြင်း၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ ကင်ဆာရောဂါများ ဖြစ်ပွားမှုပိုမိုများပြားလာပြီး အသက်အန္တရာယ်ဆုံးရှုံးလာကြသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်၏ မှတ်တမ်းအရ ကမ္ဘာပေါ်တွင် နှစ်စဉ်သေဆုံးသူ ၅၇သန်းအနက် သန်း၄၀မှာ မကူးစက်တတ်သောရောဂါကြောင့် သေဆုံးမှုဖြစ်ကြောင်းနှင့် ယင်းတို့အနက် ၇၇ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးမှု နည်းသော နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဖြစ်ပွားခြင်းဖြစ်သည်။ သေဆုံးသူ သန်း ၄၀ အနက် ၄၂ရာခိုင်နှုန်းမှာ အသက် ၇၀ မပြည့်မီ သေဆုံးကြခြင်းဖြစ်ကြောင်း သိရပါသည်။

ကိုယ်လက်လှုပ်ရှားနည်းပါးခြင်းသည် ခေတ်မီတိုးတက်သော သိပ္ပံပညာများ တိုးတက်လာခြင်း၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာခြင်းတို့ကြောင့်ဖြစ်ပြီး နောက်ဆက်တွဲအနေဖြင့် ယခုအခါ မကူးစက်တတ်သော ရောဂါမှာ ကပ်ရောဂါအသွင်ဆောင်လာနေပြီဖြစ်သည်။ ကိုယ်လက်လှုပ်ရှားနည်းပါးမှုအပါအဝင် မကူးစက်တတ်သောရောဂါဖြင့် သေဆုံးရခြင်းသည် စတုတ္ထမြောက်သေဆုံးရသည့် အကြောင်းအရာလည်းဖြစ်သည်။ သို့သော်ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းဖြင့် ပုံမှန် သေဆုံးနှုန်း ၄၀ ရာခိုင်နှုန်းကို လျှော့ချနိုင်မည်ဖြစ်သည်။ တစ်နေ့လျှင် အနည်းဆုံး ၁၅မိနစ်မှ နာရီဝက်ခန့် ကိုယ်လက်လှုပ်ရှားကြံ့ခိုင်ရေး လေ့ကျင့်ခန်းအတွက် အချိန်ပေးလိုက်ရုံဖြင့် သက်ရှည်ကျန်းမာသော အဆင့်သို့ရောက်ရှိနိုင်ပါသည်။ အဆင်ပြေရာတစ်ချိန်ချိန်ကို ရွေးချယ်နိုင်ပြီး နံနက်စောစောမှာ အကောင်းဆုံးဖြစ်သည်။ မည်သည့်အကြောင်းအရာနှင့်မဆို မခိုကပ်ဘဲလေ့ကျင့်ခန်းဆင်းရန် လိုအပ်ပြီး ဖြည်းဖြည်းမှန်မှန်နှင့် နိစ္စဓူဝ ကျင့်ကြံအားထုတ်ကြမည်ဆိုပါလျှင် “နယ်ပိုးသက်ရှည်ကျန်းမာရေး ကိုယ်လက်လှုပ်ရှား အလေးပေး” ဆောင်ပုဒ်အတိုင်း အကောင်အထည်ဖော်ရာရောက်သည့်အတွက် ကျန်းမာခြင်းလာဘ်ကို မလွဲမသွေ ရယူပိုင်ဆိုင်နိုင်ကြမည် ဖြစ်သည်။

ရေကန်တစ်ကန်၏ အတိမ်အနက်ကို ကြာရိုးကြာစွယ်အားကြည့်ခြင်းဖြင့် သိနိုင်သကဲ့သို့ နိုင်ငံတစ်နိုင်ငံရှိ လူငယ်များစွာတို့၏ ဖျတ်လတ်တက်ကြွမှု၊ သင်ယူလေ့လာမှုနှင့် အားလပ်ချိန်ကို မည်သို့ အသုံးချမှုစသည်တို့ကို ကြည့်ခြင်းအားဖြင့် ထိုနိုင်ငံ၏အနာဂတ်ကို ခန့်မှန်း၍ရသည်။ ယနေ့လူငယ်များ ကျန်းမာကြံ့ခိုင်မှ နိုင်ငံတော်၏ရှေ့ရေးမှာ အလားအလာကောင်းမည်ဖြစ်သည်။ ထိုသို့ ကျန်းမာကြံ့ခိုင်အောင် ငယ်စဉ်ဘဝကတည်းက ကိုယ်လက်ရှားအားကစား လေ့ကျင့်ဆောင်ရွက်တတ်ရေး လိုအပ်သည်။ လူငယ်တို့၏ အနာဂတ်ဘဝတွင် ပိုမိုကျန်းမာပျော်ရွှင်သော လူသားတစ်ဦးအဖြစ်ရရှိစေရန် အားကစားနှင့်ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထို့ကြောင့် စာသင်ကျောင်းများ၌ဖြစ်စေ၊ လုပ်ငန်းဌာနများ၌ဖြစ်စေ၊ အဖွဲ့အစည်းများအတွင်း၌ဖြစ်စေ ကြံ့ခိုင်ရေး အစီအစဉ်များ၌ ကိုယ်တိုင်ပါဝင်ရင်း မိမိတို့၏ အားလပ်ချိန်များ၌ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ကြရေး များစွာ လိုအပ်သည်။ အထူးသဖြင့် ယနေ့အကောင်အထည်ဖော်လျက်ရှိသော အားကစားနှင့် ပညာရေး ပေါင်းစပ်ဆောင်ရွက်နေမှုများတွင် အားလုံးပါဝင်လျက် ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး အစီအစဉ်ကို အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ အနာဂတ်တွင် နိုင်ငံတော်က အားထားရသော သားကောင်းရတနာ၊ သမီးကောင်းရတနာများ စဉ်ဆက်မပြတ် ထွန်းကားမည် ဖြစ်ပါသည်။

လက်ရှိ မြန်မာ့အားကစားအဆင့်အတန်းမြင့်မားရေးအတွက် အရေးကြီးဆုံးလိုအပ်ချက်မှာ အားကစားမျိုးဆက် မပြတ်ရေးပင် ဖြစ်သည်။ အားကစား မျိုးဆက် စဉ်ဆက်မပြတ် ပေါ်ထွန်းရေးအတွက် အားကစားကို ချစ်မြတ်နိုးပြီး အားကစားစိတ်ဓာတ်ပြည့်ဝသော လူငယ်များရှိမှသာ ဖြစ်နိုင်ပေမည်။ ထိုအရာကိုတစ်နေ့တည်း တစ်ထိုင်တည်း ပြုကျင့်၍ မရနိုင်ဘဲ ငယ်စဉ်ကတည်းက ကိုယ်လက်လှုပ်ရှားအားကစားကို အစဉ်တစိုက် လေ့ကျင့်ဆောင်ရွက်မှသာ ရရှိမည်ဖြစ်သည်။ အနားယူသွားကြပြီဖြစ်သော နိုင်ငံလက်ရွေးစင်အားကစားသမားများ၊ လက်ရှိမြန်မာ့လက်ရွေးစင် အားကစားသမားများကို လေ့လာကြည့်လျှင် ထိုသူတို့မှာ ငယ်စဉ်ကပင် အားကစားနှင့် မကင်းကွာဘဲ တစ်သားတည်းရှိနေခဲ့ကြောင်း တွေ့ရသည်။ ထို့အတူ အားကစားလေ့ကျင့်မှုကြောင့် မူးယစ်ဆေးဝါးအပါအဝင် ဆေးလိပ်၊ အရက်သေစာနှင့် ကျန်းမာရေးကိုထိခိုက်စေသော အပြုအမူအကျင့်အကြံတို့မှ ကင်းဝေးလျက် ဗလငါးတန် ပြည့်ဝအောင် တည်ဆောက်နိုင်ကြောင်းလည်း တွေ့ရမည်ဖြစ်သည်။ အစပထမ၌ ကိုယ်လက်လှုပ်ရှားမှု၊ အရွယ်ရောက်သော် နှစ်သက်ရာ အားကစားနည်းတစ်မျိုးမျိုးကို လေ့ကျင့်ဆောင်ရွက်မှု၊ ဆက်လက်၍ ပြိုင်ပွဲအသီးသီး၌ ဝင်ရောက်ယှဉ်ပြိုင်မှု၊ နောက်ဆုံးဆုတံဆိပ်များ ရရှိအောင်ပန်းဆင်မှုတို့သည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်လျက်ရှိရာ အခြေခံလိုအပ်ချက်ဖြစ်သော ကိုယ်လက်လှုပ်ရှားကြံ့ခိုင်ရေး လေ့ကျင့်မှုရှိမှသာ မြန်မာ့အားကစားလောက တိုးတက်အောင်မြင်လျက် ထိုအားကစားအောင်မြင်မှုကြောင့် နိုင်ငံ၏ဂုဏ်၊ လူမျိုး၏သိက္ခာမှာ နိုင်ငံတကာ အလယ်၌ ထွန်းတောက်မည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှု၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တာဝန်ယူမှုနှင့်အတူ ပြည်သူတစ်ရပ်လုံး ကျန်းမာခြင်းလာဘ် ပြည့်စုံစေရန်၊ ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါးအစီအစဉ် အောင်မြင်စေရန် ရည်ရွယ်လျက် လူထုစုပေါင်းလမ်းလျှောက်ပွဲကို နှစ်စဉ်ဒီဇင်ဘာလ၌ ကျင်းပပြုလုပ်မြဲဖြစ်သည်။ ဒီဇင်ဘာလ၏ စနေနေ့ နံနက်စောစောတွင် မြို့နယ်၊ ခရိုင်၊



ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် စုပေါင်းလမ်းလျှောက်ခြင်း၊ ခရီးဆုံး




နေရာတွင် ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ခြင်း၊ ဒေသအလိုက် အားကစားပြိုင်ပွဲများ ကျင်းပခြင်း စသည်ဖြင့် တပျော်တပါး ပါဝင်ဆင်နွှဲလျက်ရှိသည်။ ဒီဇင်ဘာ လူထုအားကစားလှုပ်ရှား စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသော လူကြီး၊ လူလတ်၊ လူငယ် အားလုံးတို့သည် ကြည်သာရွှင်ပြမှု၊ တက်ကြွလန်းဆန်းမှု၊ ပျော်ရွှင်ချမ်းမြေ့မှုတို့နှင့် ပြည့်လျှမ်းနေကြပြီး လမ်းတစ်လျှောက် တစ်ဦးနှင့်တစ်ဦး စကားဖောင်ဖွဲ့ရင်း ရည်မှန်းချက်ရောက်အောင် အပြိုင်အဆိုင်လမ်း လျှောက်နေကြပုံများမှာ အားရကျေနပ်စရာကောင်းလှပါသည်။ ထိုအချိန်တွင် အိပ်ယာထက်၌ ကွေးအိပ်နေကြသူအပေါင်းတို့သည်ကား ထိုသို့သော အရသာကို မသိရှိနိုင်ဘဲ လေးလံထိုင်းမှိုင်းစွာ အိပ်ယာမှနိုးထရ စမြဲပင်ဖြစ်ကြသည်။ ထို့အတူ ရေရှည်ကျန်းမာရေးအတွက်မူကား ဆီနှင့်ရေလို အကွာကြီး ကွာခြားသွားမည်သာဖြစ်သည်။ ထို့ကြောင့် အသက်ရှည်ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားကြံ့ခိုင်ရေး လေ့ကျင့်လိုသူများသည် ဒီဇင်ဘာ လူထု စုပေါင်း လမ်းလျှောက်ပွဲတွင် စတင် ဝင်ရောက်အစပျိုးပြီး နောက်တစ်နေ့တွင်လည်း လမ်းလျှောက်ခြင်း သို့မဟုတ် နှစ်သက်ရာလေ့ကျင့်ခန်း တစ်မျိုးမျိုးကို လေ့ကျင့်ကစားကြမည်ဆိုလျှင် ကျန်းမာရေးဆိုင်ရာကြိုတင်ကာကွယ်မှု အပြည့်အဝရရှိနိုင်ကြမည်ဖြစ်ပါသည်။

ကျန်းမာခြင်းသည် လာဘ်တစ်ပါးဆိုသော်လည်း အဆိုပါလာဘ်သည် အနည်းကိန်းမဟုတ်၊ အများကိန်းသာဖြစ်သည်။ ကိုယ်ခန္ဓာသန်စွမ်း၊ စိတ်ရွှင်လန်းသူသည် မည်သို့သော အမှုကိစ္စမျိုးကိုမဆို အောင်မြင်ပေါက်မြောက်အောင် ဆောင်ရွက်နိုင်စွမ်းရှိသည်။ ပညာရေး၊ လူမှုရေးနှင့်စီးပွားရေးတို့တွင် အဆင်ပြေ ညီညွတ်အောင် စွမ်းဆောင်နိုင်သလို လူသားစွမ်းရည်နှင့် စွမ်းဆောင်ရည်မြင့်မားအောင်လည်း လွယ်ကူစွာ တည်ဆောက်ယူ၍ရသည်။ လူ့ဘဝတွင် မလွဲမသွေကြုံရတတ်သော အခက်အခဲများ၊ အတားအဆီးများနှင့် စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်နိုင်ပြီး အောင်မြင်စွာကျော်လွှားကာ အောင်ပန်း ဆွတ်ခူးနိုင်ကြသည်။ ထို့ကြောင့် ငယ်စဉ်ဘဝကတည်းက အားကစားစိတ်ဓာတ် ထက်သန်နေအောင် တည်ဆောက်ပေးခြင်းသည် လူတို့၏ဘဝတိုးတက်မြင့်မားရေးအတွက် အခြေခံလိုအပ်ချက်ပင်ဖြစ်သည်။ အားကစားစိတ်ဓာတ်ကို အမျိုးမျိုး ဖွင့်ဆိုထားကြသည်။ အမှန်တကယ်တွင် အားကစားစိတ်ဓာတ်ဟူသည် အရာရာကို အကောင်းမြင်စိတ်၊ အပြုသဘောခံယူစိတ်ပင်ဖြစ်သည်။ အကောင်းမြင်စိတ်ရှိသူ၊ အပြုသဘောမြင်တတ်သူများသည် ကောင်းကွက်ကို ထိုးထွင်းမြင်တတ်သည်ဖြစ်ရာ အားကစားကဏ္ဍ၌သာ မဟုတ်ဘဲ အခြားသော အရေးအရာကိစ္စမှန်သမျှတွင်လည်း ထိုအကောင်းမြင်စိတ်က အောင်မြင်ခြင်းဘက်သို့ သယ်ဆောင်သွားမည်သာ ဖြစ်ပါသည်။



လူမစည်ကားအပ်သောဆေးရုံ၊ ဆေးခန်းများတွင် လူစည်ကားနေခြင်းသည် လူစည်ကားအပ်သော အားကစားရုံ၊ အားကစားကွင်းများ၌ တိတ်ဆိတ်ငြိမ်သက်နေ၍ဖြစ်သည်။ ကိုယ်လက်လှုပ်ရှားမှုကြောင့် ကျန်းမာကြံ့ခိုင်လာသည်နှင့်အမျှ ဆေးကုသခြင်းကင်းဝေး၍ စရိတ်သက်သာပြီး ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝများကို ပိုင်ဆိုင်လာမည်ဖြစ်သလို လူ့ဘဝ၏ ချမ်းသာသုခများကိုလည်း ရယူခံစားနိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသားလူငယ်ဆိုင်ရာ ကိုယ်လက်လှုပ်ရှားမှုကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ၊ အပန်းဖြေမှုဆိုင်ရာ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ၊ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများနှင့် ဆေးကုသမှုဆိုင်ရာ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်ကြရေး အထူးပင်လိုအပ်ပါသည်။ “လေ့ကျင့်ခန်းသည် များစွာသော ဆေးဝါးများ၏ တန်ဖိုးအာနိသင်ကို တိုးမြှင့်ပေးသည့်အပြင် လေ့ကျင့်ခန်းသာ မရှိပါက လိုအပ်သောအကျိုးကျေးဇူးကိုမရနိုင်ပါ” ဆိုသောစကားရပ်ကဲ့သို့ ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး အစီအစဉ်ကို သိသူဖော်စား မသိသူကျော်သွား မဖြစ်ရအောင် ပြည်သူတစ်ရပ်လုံးက သိမြင်ပြီး လိုက်ပါပြုကျင့်နိုင်သည်နှင့်အမျှ ဘဝ၏ အနှစ်သာရမှာလည်း ပြည့်ပြည့်ဝဝ ပေါ်လွင် ထင်ရှားလာမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် လူတို့တွင်တည်ရှိနေသောကံ၊ ဉာဏ်၊ ဝီရိယ သုံးဖြာအင်္ဂါရပ်ကို အသုံးချတတ်ရေးအတွက် ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ဆောင်ရွက်နိုင်ရန် ဉာဏ်ဖြင့်ယှဉ်ပြီး ထကြွလုံ့လဝီရိယထားရှိ ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် လူတိုင်း၏ကျန်းမာကြံ့ခိုင်ရေး၊ ရောဂါကြိုတင်ကာကွယ်ရေးနှင့်သက်တမ်းစေ့ နေထိုင်ရေး တို့အတွက် အာမခံချက်ရရှိကာ ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခများနှင့် ပြည့်စုံညီညွတ်ကြမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

လင်းအရုဏ်ဦး(ပဲခူး)

ကိုးကား

၁။ သုတေသီတစ်ဦး၏ ကြုံတွေ့နေကျ ကျန်းမာရေးပြဿနာများအတွက် နိုင်ငံတကာမှဆွေးနွေး ချက်များ (၂၀၁၈ ခုနှစ်ထုတ်)

၂။ ကျော်မြင့်(ရူပ-ဆေးကု)၏ ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး (၁၉၈၀ ပြည့်နှစ်ထုတ်)

၃။ ကြေးမုံသတင်းစာပါ ဆောင်းပါးများ

၄။ ကိုယ်တွေ့နေ့စဉ် နံနက်ခင်း လမ်းလျှောက်အတွေ့အကြုံ

စာမျက်နှာ(၃၅)၊၊မှစာဆက်

ငွေများကိုလည်းကောင်း၊

အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမရရှိသော စောတာဝေလင်း + ဇင်မင်းဟိန်း(ရန်ကုန်တိုင်းဒေသကြီး) အသင်း၊ ဒုတိယရရှိသော အောင်ခိုင်ဖြိုး +အောင်ဘုန်းပြည့်လျှံ(မွန်ပြည်နယ်) အသင်း၊ ပူးတွဲတတိယရရှိသော သက်ထက်တန်+ရဲလင်းနိုင်(မန္တလေးတိုင်းဒေသကြီး)အသင်းနှင့် စွမ်းပြည့်ထွန်း +စည်လင်းထွန်း(တနင်္သာရီတိုင်းဒေသကြီး)အသင်းတို့အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးညီညီမင်းမှ တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပထမရရှိသောနိုင်နိုင်ဝင်း(ရှမ်းပြည်နယ်)၊ ဒုတိယရရှိသော ရတနာစိုး(စစ်ကိုင်းတိုင်းဒေသကြီး)၊ ပူးတွဲတတိယရရှိသော လင်းသူဇာ(ရန်ကုန်တိုင်းဒေသကြီး)နှင့်နန်းဆက်ဝါ(ရန်ကုန်တိုင်းဒေသကြီး)တို့အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးမှ တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊

အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ပထမရရှိသော ဇင်မင်းဟိန်း (ရန်ကုန်တိုင်းဒေသကြီး)၊ ဒုတိယရရှိသော စောတာဝေလင်း(ရန်ကုန်တိုင်းဒေသကြီး)၊ ပူးတွဲတတိယရရှိသော မြတ်သူရလင်း (ရှမ်းပြည်နယ်)နှင့် သက်ထက်တန် (မန္တလေးတိုင်းဒေသကြီး)တို့အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးအောင်ဝင်းသိန်းမှ တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊

အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပထမရရှိသော (ရန်ကုန်တိုင်းဒေသကြီး)အသင်း၊ ဒုတိယရရှိသော (ရှမ်းပြည်နယ်)အသင်း၊ ပူးတွဲတတိယရရှိသော (ပဲခူးတိုင်းဒေသကြီး)အသင်းနှင့် (ဧရာဝတီတိုင်းဒေသကြီး)အသင်းတို့အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်မှ တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊

အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမရရှိသော (တနင်္သာရီတိုင်းဒေသကြီး)အသင်း၊ ဒုတိယရရှိသော (ရန်ကုန်တိုင်းဒေသကြီး)အသင်း၊ ပူးတွဲတတိယရရှိသော(ရှမ်းပြည်နယ်)အသင်းနှင့်(မန္တလေးတိုင်းဒေသကြီး) အသင်းတို့အား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဥပဒေချုပ် ဦးငွေအောင်မှ တစ်ဦးချင်း ဆုတံဆိပ်နှင့်ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊

အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရရှိသွားသောနိုင်နိုင်ဝင်း (ရှမ်းပြည်နယ်)နှင့်အမျိုးသားအကောင်းဆုံး အားကစားသမားဆုရရှိသွားသော ဇင်မင်းဟိန်း(ရန်ကုန်တိုင်းဒေသကြီး)တို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ငွေးမှ တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊

ရွှေ(၂)ခု၊ ကြေး(၂)ခုဖြင့် အမျိုးသမီးတံခွန်စိုက်ဆု ရရှိသွားသော (ရန်ကုန်တိုင်းဒေသကြီး)အသင်းနှင့် ရွှေ(၂)ခု၊ ငွေ(၁)ခုဖြင့် အမျိုးသားတံခွန်စိုက်ဆုရရှိသွားသော (ရန်ကုန်တိုင်းဒေသကြီး)အသင်းတို့အား ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းမှ တံခွန်စိုက်ဒိုင်းဆုများအား အသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်(၁၅)သိန်းအား ထပ်လောင်း ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။









# ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား/အမျိုးသမီးအလွတ်တန်း ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ









● တောင်ကြီး၊ စက်တင်ဘာလ(၂၃)ရက်။

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် မြန်မာ့ဘိလိယက်နှင့်စနူကာ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ တိုင်းရင်းသားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိစေရေး၊ မျိုးဆက်သစ် ရွက်ပုန်းသီး အားကစားသမားများ ပေါ်ထွက်လာစေရေးတို့ကိုရည်ရွယ်ကာ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား/အမျိုးသမီး အလွတ်တန်း ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်(၀၉:၀၀)နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ လေ့ကျင့်ရေး အားကစားရုံ၌ ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦး၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၁)မှ ညွှန်ကြားရေးမှူး ဦးခွန်ကျာအောင်၊ ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်း၊ အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ အုပ်ချုပ်သူများ၊ မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ရိုးရာအကအဖွဲ့များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်မှ အဖွင့်အမှာစကား ပြောကြားရာတွင် ဘိလိယက်နှင့်စနူကာ အားကစားနည်းသည် မြန်မာ့အားကစားလောကတွင် အစဉ်အလာရှိသော အားကစားနည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်ကို ၁၉၉၆ ခုနှစ်မှာ စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး နိုင်ငံတကာ ပြိုင်ပွဲများတွင် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆုများ ဆွတ်ခူးပေးနိုင်ခဲ့တဲ့ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်တဲ့ အားကစားအဖွဲ့ချုပ်ဖြစ်ပါကြောင်း၊ ဘိလိယက် အားကစားနည်းဟာ လွန်ခဲ့တဲ့နှစ်ပေါင်း(၆၀)ခန့်ကတည်းက စတင်ပြီး အပန်းဖြေ အားကစားနည်းတစ်ရပ်အဖြစ် မြန်မာနိုင်ငံမှာ ထွန်းကားခဲ့ပါကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်းအားဖြင့် နိုင်ငံတော်အတွက် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာနိုင်မည်ဖြစ်ပါကြောင်း၊ ယခုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် သတ်မှတ်ထားသော စည်းမျဉ်း/စည်းကမ်းများနှင့်အညီ ပါဝင်ယှဉ်ပြိုင်ကြစေလိုကြောင်း၊ မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်မှ တာဝန်ရှိသူများအနေဖြင့် အမှတ်ပေး စည်းမျဉ်း/စည်းကမ်းများနှင့်အညီ စနစ်တကျ ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ အုပ်ချုပ်သူ/နည်းပြများအနေဖြင့်လည်း စည်းမျဉ်း/စည်းကမ်းများကို စနစ်တကျ နားလည်သဘောပေါက်ရန် လိုအပ်ပြီး အုပ်ချုပ်သူ/နည်းပြများမှ အားလုံး ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ အားကစားပြုလုပ်ခြင်းဖြင့် စည်းကမ်းလိုက်နာမှု ၊ အမိန့်နာခံတတ်မှုနှင့်ကိုယ်ကျင့်တရားကောင်းမွန်မှုစသည့်လူ့ကျင့်ဝတ်သိက္ခာများ တိုးတက်မှုတို့ကို များစွာအထောက်အကူပြုပါကြောင်း၊ ယခုပြိုင်ပွဲမှထူးချွန်ထက်မြက်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများ ပေါ်ထွက်လာပြီး နိုင်ငံ့ဂုဏ်ကို ဆက်လက်ထမ်းဆောင်နိုင်ပါစေကြောင်း၊ ယခုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် အနိုင်မခံ အရှုံးမပေးဘဲ နောက်ဆုံးချိန်အထိ ရေကုန်ရေခမ်း ကြိုးစားယှဉ်ပြိုင်သွားကြရန် လိုကြောင်း ၊ ဒိုင်လူကြီးများမှ ဘက်လိုက်မှုကင်းရှင်းပြီး တရားမျှတစွာ ပြိုင်ပွဲစည်းမျဉ်း/စည်းကမ်းများအတိုင်း ဆုံးဖြတ် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်မှ မြန်မာ့အားကစားကို အစွမ်းကုန်ထူးကဲစွာ အားပေး ချီးမြှောက်နေသည့် အချိန်

# ၂၀၂၂ ခုနှစ် ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား/အမျိုးသမီး အလွတ်တန်း ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ အခမ်းအနားကျင်းပ

တောင်ကြီး၊ စက်တင်ဘာလ(၂၉)ရက်။

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် မြန်မာ့ဘိလိယက်နှင့်စနူကာအားကစားအဆင့်အတန်း တိုးတက်ရှိစေရေး၊ မျိုးဆက်သစ် ရွက်ပုန်းသီးအားကစားသမားများ ပေါ်ထွက်လာစေရေးတို့ကိုရည်ရွယ်ကာ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား/ (၁၀း၀၀)နာရီအချိန်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့သစ်တောရပ်ကွက်ရှိ လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပပြုလုပ်ခဲ့သည်။

ကျော်ထွန်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ပြည်နယ်ဥပဒေချုပ် ဦးစိုး









မြင့်မားလာစေရေး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ တိုင်းရင်းသားများ အချင်းချင်း ချစ်ကြည် ရင်းနှီးမှု အမျိုးသမီး အလွတ်တန်း ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်

အဆိုပါပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ကျော်ငံ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယ

စာမျက်နှာ(၄၄)သို့









>>

ကာလဖြစ်သည့်အတွက် အားကစားသမားများအနေနှင့် မိမိတို့၏ အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး မိမိတို့ကိုယ်စားပြုသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး အနိုင်ရရှိစေရေး၊ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် အသန့်ရှင်းဆုံးပါဝင်ယှဉ်ပြိုင်သွားကြရန်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ပြိုင်ပွဲများမှတစ်ဆင့် နိုင်ငံတော်မှအားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင် အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားခဲ့ပါသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသောရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများမှပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ကြပြီး ဘင်ခရာအဖွဲ့၊ အကအဖွဲ့များမှ တေးသရုပ်ဖော်မှုနှင့် တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကာ ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရပြီး ပထမနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသားပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြပါသည်။

၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား/အမျိုးသမီး အလွတ်တန်း ဘိလိယက်နှင့်စနူကာပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အသင်း(၁၃)သင်းဖြင့် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားအင်အား စုစုပေါင်း(၁၅၀)ဦးခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲကို (၂၃-၉-၂၀၂၂) ရက်နေ့မှ (၂၉-၉-၂၀၂၂) ရက်နေ့အထိရှမ်းပြည်နယ်၊ တောင်ကြီးမြို့ရှိ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ရှမ်းပြည်နယ်အတွင်းရှိ ဘိလိယက်နှင့်စနူကာအားကစားနည်းကို စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရှိရပါသည်။











စာမျက်နှာ(၄၃) ⋯မှစာဆက်

ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦး၊ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်း၊ အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး) ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ဖိတ်ကြားထားသူများမှ ကြည့်ရှုအားပေးခဲ့ကြပါသည်။

ဆက်လက်ပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားအား ဆက်လက် ကျင်းပပြုလုပ်ခဲ့ရာ အမျိုးသား/အမျိုးသမီး (တစ်ဦးချင်း) 9-Ball ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိကြသော အမျိုးသားအကောင်းဆုံး အားကစားသမားဆုရ မောင်ကျော်ဇင်သန့်(မန္တလေးတိုင်းဒေသကြီး)၊ အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုရ မသင်းထက်ထက်နိုင် (ရှမ်းပြည်နယ်)တို့အား ပြည်နယ်ဘိလိယက်နှင့်စနူကာ ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဇော်သန်းထိုက် မှ လည်းကောင်း၊ အမျိုးသား(နှစ်ယောက်တွဲ) ဘိလိယက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ရေဝတီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသော ရှမ်းပြည်နယ်အသင်း၊ တတိယဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပူးတွဲတတိယဆုရရှိသော စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့နှင့် အမျိုးသား (နှစ်ယောက်တွဲ) 9-Ball ပြိုင်ပွဲတွင် ပထမဆုရရှိသော မန္တလေးတိုင်း ဒေသကြီးအသင်း၊ ဒုတိယဆုရရှိသော ရန်ကုန်တိုင်း ဒေသကြီးအသင်း၊ တတိယဆုရရှိသော ရခိုင်ပြည်နယ်အသင်းနှင့် ပူးတွဲတတိယဆုရရှိသော ပဲခူးတိုင်းဒေသကြီးအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆုများအား အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးမှ လည်းကောင်း၊ အမျိုးသမီး(နှစ်ယောက်တွဲ) 9-Ball ပြိုင်ပွဲတွင် ပထမဆုရရှိသော ရှမ်းပြည်နယ်အသင်း၊ ဒုတိယဆုရရှိသော မန္တလေးတိုင်းဒေသကြီးအသင်း၊ တတိယဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်း နှင့် ပူးတွဲတတိယဆုရရှိသော မွန်ပြည်နယ်အသင်းတို့နှင့် အမျိုးသမီး(တစ်ဦးချင်း)9-Ball ပြိုင်ပွဲတွင် ပထမဆုရရှိသော မသင်းထက်ထက်နိုင်(ရှမ်းပြည်နယ်)၊ ဒုတိယဆုရရှိသော မဇာဖြူဝင်း(မန္တလေးတိုင်းဒေသကြီး)၊ တတိယဆုရရှိသော မထက်သီတာအောင်(ရခိုင်ပြည်နယ်) နှင့် ပူးတွဲတတိယဆုရရှိသော မဆုပြည့်စုံ(မကွေးတိုင်းဒေသကြီး)တို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့်ငွေသားဆုများနှင့်အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံမှ လည်းကောင်း၊ အမျိုးသား(တစ်ဦးချင်း) 9-Ball ပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်စစန်းမင်းထွန်း (ရေဝတီတိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော မောင်ကျော်ဇင်သန့် (မန္တလေးတိုင်းဒေသကြီး)၊ တတိယဆုရရှိသော မောင်မိုးဝင်း(ရေဝတီတိုင်းဒေသကြီး) နှင့် ပူးတွဲတတိယဆုရရှိသော မောင်စိုင်းစွံဆိုင်း(ရှမ်းပြည်နယ်)တို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့်ငွေသားဆုများနှင့်အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းမှလည်းကောင်း၊ အမျိုးသား(တစ်ဦးချင်း)ဘိလိယက်ပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်ကျော်စွာဝင်း(ရေဝတီတိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော မောင်စိုးသီဟ(ပဲခူးတိုင်းဒေသကြီး)၊ တတိယဆုရရှိသော မောင်ကျော်စိုးလွင်(ရှမ်းပြည်နယ်)နှင့် ပူးတွဲတတိယဆုရရှိသော မောင်သက်ဝင်းလှိုင် (နေပြည်တော်)၊ အမျိုးသား(တစ်ဦးချင်း) ဘိလိယက်ပြိုင်ပွဲတွင် ရမှတ်(၈၁)မှတ်ဖြင့် အမှတ်အများဆုံးရရှိသွားသော မောင်အောင်ဝေဖြိုး(မကွေးတိုင်းဒေသကြီး)တို့နှင့် အမျိုးသား 6-Red ပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်နေမင်းထွန်း(ရန်ကုန်တိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော မောင်သက်မှူးကြည်လှိုင်(ကရင်ပြည်နယ်)၊ တတိယဆုရရှိသော မောင်ဟန်သာလင်း (ရန်ကုန်တိုင်းဒေသကြီး)နှင့် ပူးတွဲတတိယဆုရရှိသော မောင်ဖိုးအိ (ရှမ်းပြည်နယ်)၊ အမျိုးသား 6-Red ပြိုင်ပွဲတွင် ရမှတ်(၅၂)မှတ်ဖြင့် အမှတ်အများဆုံးရရှိသွားသော မောင်နေမင်းထွန်း(ရန်ကုန်တိုင်းဒေသကြီး)တို့အား တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆုများနှင့်အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်မှလည်းကောင်း၊ အမျိုးသား 15-Red ပြိုင်ပွဲတွင် ပထမဆုရရှိသော မောင်ကျော်ဝင်းလှိုင် (မန္တလေးတိုင်းဒေသကြီး)၊ ဒုတိယဆုရရှိသော မောင်ကျော်စိုးထွန်း (ရှမ်းပြည်နယ်)၊ တတိယဆုရရှိသော မောင်ကောင်းချန်ထက် (မကွေးတိုင်းဒေသကြီး)နှင့် ပူးတွဲတတိယဆုရရှိသော မောင်ရဲထွဋ်နိုင် (ရေဝတီတိုင်းဒေသကြီး)၊ အမျိုးသား 15-Red ပြိုင်ပွဲတွင် ရမှတ်(၇၃)မှတ်ဖြင့် အမှတ်အများဆုံးရရှိသွားသော မောင်ကောင်းချန်ထက်(မကွေးတိုင်းဒေသကြီး) တို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့်ငွေသားဆုများနှင့်အတူ တံခွန်စိုက်ဆုရရှိသော ရေဝတီတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလားကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းမှ လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရပါသည်။

■

လူငယ်အင်အား စွမ်းပကားဖြင့်
နိုင်ငံ့ဂုဏ်ရောင် အလင်းဆောင်အံ့

# ၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ တတိယလုပွဲ ကျင်းပ

● နေပြည်တော်၊ စက်တင်ဘာလ(၁)ရက်။

"၂၀၂၂ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲ"ကို ယနေ့ ညနေ (၃)နာရီတွင် နေပြည်တော်၊ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ဆက်လက်ကျင်းပခဲ့ရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးများ ဖြစ်ကြသော ဗိုလ်မှူးချုပ် လူမွန်၊ ဦးအောင်ကျော်ထွန်း၊ ဦးအောင်မြိုင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးမျိုးလှိုင်၊ ဒေါက်တာ စိုးဝင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ် ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်း၊ ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးသင့်မြတ်သူ၊ ဒေါက်တာ ကျော်မိုးဦး၊ လူငယ်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း၊ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယ အမြဲတမ်း အတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြား ရေးမှူးများ၊ ဌာနဆိုင်ရာများမှ တာဝန် ရှိသူများနှင့်ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြပါ သည်။

ယနေ့ ညနေ(၃)နာရီတွင် ဝဏ္ဏ သိဒ္ဓိ ဘောလုံး အားကစားကွင်း၌ တတိယလုပွဲ ပွဲစဉ်တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာနအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက် (၁)ဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်ခဲ့ပြီး ပင်နယ်တီ အဆုံး အဖြတ်၌ ပို့ဆောင်ရေးနှင့်ဆက်သွယ် ရေးဝန်ကြီးဌာနအသင်းက (၃)ဂိုး (၂)ဂိုးဖြင့် ယှဉ်ပြိုင် အနိုင်ရရှိခဲ့ပြီး တတိယဆုအား ဆွတ်ခူးရရှိခဲ့ပါသည်။ ■





# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင် (GMS)သင်တန်းတွင် ပြေးခုန်ပစ်အားကစားနည်း သင်ကြားပို့ချနေမှုအား ကြည့်ရှုအားပေး

● နေပြည်တော်၊ စက်တင်ဘာလ(၁)ရက်။

အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင် သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစား ကွင်း၌ Game Management System (GMS) သင်တန်းတွင် ပြေးခုန်ပစ်အားကစားနည်း သင်ကြား ပို့ချနေမှုအား လာရောက် ကြည့်ရှု အားပေးခဲ့ကြောင်း သိရှိရပါသည်။ ■







## ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားနည်းဆောင်ပုဒ်

"Body Building is Nation Building"

"ကာယကြံ့ခိုင် ပြည့်မဏ္ဍိုင်"

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း မသန်စွမ်းလူငယ်ရေးရာအသိပညာပေးဆွေးနွေးပွဲ အခမ်းအနား တက်ရောက်

● နေပြည်တော်၊ စက်တင်ဘာလ(၈)ရက်။

မသန်စွမ်းလူငယ်များ၏ ဘဝမြင့်တင်ပေးနိုင်ရန်နှင့် ဘဝဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်စေရန် ရည်ရွယ်၍ "မသန်စွမ်းလူငယ်ရေးရာအသိပညာပေးဆွေးနွေးပွဲ အခမ်းအနား" ကိုယနေ့နံနက်(၁၀း၀၀) နာရီအချိန်တွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ပျဉ်းမနားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။





ဦးစွာ ဒုတိယဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂစသည့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒ၊ ရည်မှန်းချက်နှင့် ရေ့လုပ်ငန်းစဉ်များချမှတ်ပြီး ကဏ္ဍပေါင်းစုံမှ ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဌာနပေါင်းစုံပူးပေါင်းပါဝင်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီများဖွဲ့စည်း၍ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် လူငယ်ရေးရာကော်မတီကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ မသန်စွမ်းသူများအတွက် ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာဥပဒေကို လည်းကောင်း၊ ၂၀၁၇ခုနှစ်တွင် မြန်မာနိုင်ငံ မသန်စွမ်းသူများ အခွင့်အရေးနည်းဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းရေးဆွဲခဲ့ပြီး ယခုအခါ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် လုပ်ငန်း ကော်မတီတို့ကို ဖွဲ့စည်း၍ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး မသန်စွမ်းသူများ ထောက်ပံ့မှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မသန်စွမ်းလူငယ်များ အသက်မွေးဝမ်းကြောင်းပညာများ သင်ကြားနိုင်ရန်နှင့် မသန်စွမ်း လူငယ်များအား စောင့်ရှောက်ပေးနိုင်ရန် ရည်ရွယ်ပြီး ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် အမြင်အာရုံချို့တဲ့သူများအတွက် မျက်မမြင်သင်တန်းကျောင်း၊ အကြားအာရုံ မသန်စွမ်းကလေးများအတွက် နားမကြားကလေးသင်တန်းကျောင်း၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် သက်ကြီးသင်တန်းကျောင်းနှင့် မသန်စွမ်းဂေဟာတို့ကို ဖွင့်လှစ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ၏မဟာဗျူဟာ(၅)နှစ်၊ (၂၀၂၂ခုနှစ် မှ ၂၀၂၇ခုနှစ်အထိ) စီမံကိန်း ရေးဆွဲလျက် အတည်ပြုဆောင်ရွက်ကာ မသန်စွမ်းစာရင်းများကောက်ယူ၍ မသန်စွမ်းမှတ်ပုံတင်ပြုလုပ်ပေးပြီး နိုင်ငံတော်အနေဖြင့် မသန်စွမ်းကဏ္ဍအားထိထိရောက်ရောက် ပံ့ပိုးပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းလူငယ်များအခြေခံပညာသင်ကြားနိုင်ရေး၊ အဆင့်မြင့်ပညာသင်ကြားခွင့်ရှိပါက သင်ကြားနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေး၊ မသန်စွမ်းလူငယ်များကို ပညာဆက်လက် သင်ကြားနိုင်ရေးအတွက် နိုင်ငံတော်မှ ထောက်ပံ့စီမံဆောင်ရွက်ပေးနိုင်ရေး၊ မသန်စွမ်းလူငယ်များ အသက်မွေးဝမ်းကြောင်းပညာ လွယ်လင့်တကူ သင်ကြားတတ်မြောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ မသန်စွမ်းလူငယ်များ မသန်စွမ်းမှု အမျိုးအစားပေါ် မူတည်၍ မသန်စွမ်း အားကစားသင်တန်းများ တက်ရောက်လေ့ကျင့်နိုင်ရေး၊ မသန်စွမ်း မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာပြီး နိုင်ငံ့ဂုဏ်ဆောင် မသန်စွမ်းအားကစားသမားများ ထွက်ပေါ် လာစေရေးတို့ကို ရည်ရွယ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။



အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနသည် လူငယ်များကို အခြေခံပြီး အားကစားကို အဓိကတာဝန်ယူဆောင်ရွက်ရသည့် ဌာနဖြစ်သည့်အတွက် လူငယ်များအားပြုစုပျိုးထောင်ရာတွင် အားကစား နှင့် စည်းရုံးဆောင်ရွက်သွားရမှာဖြစ်ပြီး မသန်စွမ်းလူငယ်များကိုလည်း မသန်စွမ်းမှု အမျိုးအစားပေါ် မူတည်၍ သင်ကြား လေ့ကျင့်ခွင့် ရရှိအောင် ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် အားကစားသမားများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုဆုကြေးငွေများ ထောက်ပံ့ပေးခဲ့ပါကြောင်း၊ မသန်စွမ်းလူငယ်များ၏ ဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်းဆုံး ကူညီပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် မသန်စွမ်းလူငယ်များ စိတ်ဓာတ်ခွန်အားများ ရရှိစေရန်အတွက် (၁၁)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မသန်စွမ်းအားကစားသမားများ၏ လေ့ကျင့်မှု၊ ပြိုင်ပွဲ ဝင်ရောက် ယှဉ်ပြိုင်ခဲ့မှုများနှင့် နိုင်ငံတော်မှဂုဏ်ပြုဆုကြေးငွေ ချီးမြှင့်ခဲ့မှုများအား Video Clip ဖြင့် ပြသခဲ့ပြီးနောက် နေပြည်တော် မသန်စွမ်းသူများအသင်း ဥက္ကဋ္ဌ ဒေါ်ခင်သီတာထွန်းမှ အသင်း၏ ဆောင်ရွက်နေသည့် လုပ်ငန်းဆောင်ရွက်ချက်များ၊ မသန်စွမ်းသူများ၏ ပညာသင်ကြားမှုဆိုင်ရာ အခက်အခဲများ၊ မသန်စွမ်းသူများ ကြုံတွေ့ခံစားနေရသည့်ကိစ္စရပ်များနှင့် ပတ်သက်ပြီး ဆွေးနွေးတင်ပြခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသည့် မသန်စွမ်းသူများကိုယ်စား မသန်စွမ်းလူငယ်တစ်ဦးမှ ဘဝအာမခံချက်အဖြစ်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးအတွက် မသန်စွမ်းမှုအမျိုးအစားအဆင့်သတ်မှတ်၍ အမျိုးသားနိုင်ငံသားစိစစ်ရေးကတ်ပြားရရှိအောင် အမြန်ဆုံးကူညီပံ့ပိုး ဆောင်ရွက် ညှိနှိုင်းပေးနိုင်ပါရန် တင်ပြခဲ့ရာ ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်

▶▶

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် Training Hall N0 (1) ၌ အားကစားသမားများ၏လေ့ကျင့်နေမှုအား လိုက်လံကြည့်ရှုအားပေး







နေပြည်တော်၊ စက်တင်ဘာလ(၁၃)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့ နံနက်(၁၀း၀၀)နာရီအချိန်တွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း၌ စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသော အားကစားအဖွဲ့များအနက်မှ Training Hall N0(1) ၌ လေ့ကျင့်လျက်ရှိသည့် ရိုးရာ

စာမျက်နှာ(၄၈)သို့









>>>

ကောင်စီ ဥက္ကဋ္ဌ ဦးမြင့်စိုးတို့မှ ဆွေးနွေးတင်ပြခဲ့မှုများနှင့် ကျောင်း၊ ဆေးရုံ၊ ဈေးတို့တွင် မသန်စွမ်းသူများ အဆင်ပြေ ချောမွေ့စွာ သွားလာနိုင်ရန် လျှောက်လမ်းနေရာများ ဆောက်လုပ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ အကြီးအကဲများထံသို့ ထပ်ဆင့်တင်ပြဆောင်ရွက်ပေးသွားမည်ဟု ပြောကြားခဲ့ပြီး တက်ရောက်လာကြသူများအား လူငယ်ရေးရာဦးစီးဌာန၏ လက်ကမ်းစာစောင်များ ဖြန့်ဝေပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ စိုးဝင်း၊ နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ လူငယ်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမင်းညွန့်၊ ညွှန်ကြားရေးမှူးဦးလှိုင်ဋ္ဌေးအောင်၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်) အားကစားနှင့်ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးသက်လွင်ဦး၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါ်လှိုင်မိုးမြတ်၊ ပျဉ်းမနားမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်သန်းနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)အတွင်းရှိ အသက်(၃၅)နှစ်အောက် မသန်စွမ်း လူငယ်(၁၅၀)ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီ (၂/၂၀၂၂)လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော်၊ စက်တင်ဘာလ(၁၆)ရက်။

မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေးအတွက် ဒုတိယအကြိမ် မြန်မာနိုင်ငံ လူငယ်ရေးရာ လုပ်ငန်းကော်မတီ(၂/၂၀၂၂)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်(၁၀း၀၀)နာရီအချိန်တွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လူငယ်ရေးရာဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ပထမအကြိမ်ကျင်းပခဲ့သည့် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များအား ဆက်လက်ဆောင်ရွက်သွားရန် မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟို ကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးမှ ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်ရေးရာမူဝါဒတွင်ပါရှိသည့် လူငယ်ကဏ္ဍ(၁၆)ရပ်အား ဆောင်ရွက်နိုင်ရန် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လူငယ်ရေးရာ ကော်မတီများသည် အခြေခံကျသည့် အဖွဲ့အစည်းဖြစ်သည့်အတွက် ကော်မတီများ စနစ်တကျ ဖွဲ့စည်းရေး၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ထဲထဲဝင်ဝင် သိရှိနားလည်ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီလုပ်ငန်းများ လျှင်လျှင်မြန်မြန် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လူငယ်ရေးရာကော်မတီအတွင်းရေးမှူးများအနေဖြင့် မိမိတို့နယ်မြေဒေသအလိုက် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို မိမိတို့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လူငယ်ရေးရာ ကော်မတီ ဥက္ကဋ္ဌထံ တင်ပြဆောင်ရွက်ခြင်း၊ ကော်မတီအစည်းအဝေးများကျင်းပပြီး ဆောင်ရွက်သွားမည့်အစီအမံများ ရေးဆွဲတင်ပြခြင်း၊ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်မည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ၊ လူငယ်များအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် အသက်မွေးဝမ်းကြောင်းနည်းပညာပေးသင်တန်းများ ဖွင့်လှစ်နိုင်ရေးတို့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများအတိုင်း ကြိုတင်တွက်ချက်၍ လျာထားတင်ပြဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊








>>>





စာမျက်နှာ(၄၇)မှ စာဆက်

ခြင်းလုံးအားကစားသမားများ၊ ဗိုဗီနမ်အားကစားသမားများနှင့် ဘော်လီဘော(အမျိုးသား) အားကစားသမားများ၏ ကြိုးစား လေ့ကျင့်နေမှုများကို လည်းကောင်း၊ ဂျပန်နည်းပြဆရာမှ ဘော်လီဘော(အမျိုးသမီး)အားကစားသမားများအား နည်းစနစ်များ မှန်ကန်စေရန်အတွက် စနစ်တကျ လေ့ကျင့်သင်ကြားပေးနေမှုများကိုလည်းကောင်း၊ တိုက်ကွမ်ဒိုအားကစားရုံတွင် ကိုရီးယားတိုက်ကွမ်ဒိုနည်းပြဆရာမှ တိုက်ကွမ်ဒိုအားကစားသမားများအား စနစ်တကျ လေ့ကျင့်သင်ကြားပေးနေမှုများနှင့် ပိုက်ကျော်ခြင်းအားကစားရုံတွင် ပိုက်ကျော်ခြင်းအားကစားသမားများ၏ ကြိုးစားလေ့ကျင့်နေမှုများကို လည်းကောင်း လိုက်လံကြည့်ရှုအားပေးခဲ့ပြီးနောက် အားကစားအဖွဲ့များအတွက် လိုအပ်သည့်အားကစား အထောက်အကူပြုပစ္စည်းများနှင့် အားကစားသမားများ၏ လိုအပ်ချက်များအား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။





▶▶

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အနေဖြင့် လူငယ်ရေးရာဦးစီးဌာန စတင်ဖွဲ့စည်းသည့်အချိန်မှစ၍ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး အတွက် နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊ ဦးစီးဌာနအစီအစဉ်ဖြင့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန်အတွက် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း၊ အသက်မွေးဝမ်းကြောင်း နည်းပညာပေးသင်တန်း၊ လူငယ်များတွေ့ဆုံပွဲအခမ်းအနားနှင့် လေ့လာရေးခရီးစဉ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားနှင့် အာဆီယံလူငယ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးအတွက် ကြိုတင် ပြင်ဆင်သည့်အနေဖြင့် ဝန်ထမ်းများ အခြေခံအင်္ဂလိပ်စကားပြောသင်တန်းတို့အား ဖွင့်လှစ် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လာမည့် ဘဏ္ဍာနှစ်များတွင် ဦးစီးဌာနတွင်သာမက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှာပါ ဖွင့်လှစ်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် လူငယ်များ ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်ရေးရာကိစ္စရပ်များကို ကဏ္ဍပေါင်းစုံမှ စနစ်တကျ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဦးတည်ချက်(၉)ရပ်အနက် လူမှုရေး ဦးတည်ချက်(၃)ရပ်နှင့် လိုက်လျောညီထွေဖြစ်စေရေး၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (၂၀၁၈-၂၀၃၀)တို့နှင့်အညီ မူဝါဒ(၇)ရပ်၊ ရည်မှန်းချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၁၀)ရပ်ချမှတ်ပြီး ဆယ်ကျော်သက်လူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး၊ စိတ်ဓာတ်၊ စည်းကမ်း၊ လူ့ကျင့်ဝတ်၊ လူ့တန်ဖိုးနှင့် ပြည်ထောင်စုစိတ်ဓာတ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရေး အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် လူငယ်များ၏ အခွင့်အရေးများ အပြည့်အဝ ရရှိခံစားနိုင်စေရေး ကာကွယ်သွားရန် ဥပဒေရေးဆွဲပြဌာန်း၍ ရည်မှန်းဆောင်ရွက်သွားကြရမည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီဝင်အားလုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ်ရေးရာကော်မတီဝင်များ အနေဖြင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြပေးကြရန် ပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်းက ပထမအကြိမ် ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီ(၁/၂၀၂၂)၏ဆုံးဖြတ်ချက်(၁၂)ချက်အပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပြီးနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့်ဌာနဆိုင်ရာများမှ မြန်မာနိုင်ငံ လူငယ်ရေးရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များက လူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး၊ ဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသက်မွေးဝမ်းကြောင်း နည်းပညာသင်တန်းများဖွင့်လှစ်ဆောင်ရွက်နိုင်ရေးစသည့် ဘက်စုံ ဖွံ့ဖြိုး တိုးတက်ရေးအတွက် လူငယ်ရေးရာကိစ္စရပ်များကို အရှိန်အဟုန်မပျက် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေပြီး အတွေးအခေါ်မှန်ကန်စေရန်နှင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကဏ္ဍပေါင်းစုံနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ နှင့် ပတ်သက်၍ အသီးသီး ဆွေးနွေးအကြံပြု ရှင်းလင်းတင်ပြခဲ့ကြရာ ဒုတိယဝန်ကြီးက လူငယ်များ ဖွံ့ဖြိုးတိုးတက်စေရန် ထောင့်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ အကောင်အထည် ဖော်ဆောင်ရွက်နိုင်စေရန်အတွက် သက်ဆိုင်ရာဌာနများအားလုံးပေါင်းစပ် ညှိနှိုင်းလုပ်ကိုင်ဆောင်ရွက်သွားခြင်းဖြင့် အနာဂတ်တွင် လူငယ်များ၏ဘဝသာယာလှပပြီး နိုင်ငံဖွံ့ဖြိုး တိုးတက် စေရန်အတွက် အထောက်အကူပြုနိုင်မည့် လူတော်လူကောင်းများစွာ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း၊ မြန်မာနိုင်ငံလူငယ်ရေးရာလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေဝင်း မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီ အဖွဲ့ဝင်များဖြစ်ကြသော ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်လူငယ်ရေးရာ ကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများမှ Virtual Online စနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

■



## မြားပစ်အားကစားနည်း ဆောင်ပုဒ်

"မြားပစ်အားကစားနည်းကို ရွှေတံဆိပ်ရရှိအောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြင့်တက်စေရမည်"

"မျိုးချစ်စိတ်သန် ဇာတိမာန် အားမာန်ဝံ့ကြွား မြားပစ်အားကစား"

"လေဟုန်ကိုခွင်း မာန်ကိုသွင်း၍ ရဲဝံ့တည်ကြည် မြားပစ်မည်"

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးလှိုင် မြန်မာနိုင်ငံလေ့လော့အဖွဲ့ချုပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)တို့မှ အရာထမ်း/အမှုထမ်းများနှင့်တွေ့ဆုံအမှာစကားပြောကြား၍ အိပ်ဆောင်များတည်ဆောက်နေမှုများနှင့်လေ့ကျင့်ရေးအားကစားရုံများအား ကြည့်ရှုစစ်ဆေး

● ရန်ကုန်၊ စက်တင်ဘာလ(၁၆)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်(၁၁)နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းယားလမ်းရှိ မြန်မာနိုင်ငံလေ့လော့အဖွဲ့ချုပ်သို့ သွားရောက် ကြည့်ရှု စစ်ဆေးရာ တည်ဆောက်လျက်ရှိသော အမျိုးသမီးအိပ်ဆောင်အားကြည့်ရှုခဲ့ပြီး အဆောက်အဦးနောက်ရှိ မြေထိန်းနံရံအား စနစ်တကျ တည်ဆောက်သွားရန် စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မှီရေးနှင့်သတ်မှတ်ကာလအတွင်း ပြီးစီးစေရေးတို့အား အလေးထားဆောင်ရွက်ကြရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများ လိုက်ပါလျက် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသော ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့ပါသည်။

ဆက်လက်၍ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများနှင့်တွေ့ဆုံရာတွင် ခရိုင်အလိုက် တာဝန်ရှိသူများမှ လိုအပ်ချက်များ၊ အားကစားကွင်းပြုပြင်ရန် ကိစ္စရပ်များ၊ ဝန်ထမ်းခန့်ထားရေးကိစ္စရပ်များ၊ အားကစားကွင်း/ရုံများ၌ ရေစီးရေလာ ကောင်းမွန်စေရန်အတွက် ဆောင်ရွက်ပေးရန်ကိစ္စရပ်များ၊ လုံခြုံရေးကိစ္စရပ်များအား တင်ပြရာတွင် ဒုတိယဝန်ကြီးမှ လိုအပ်ချက်များအား















>>>>















ဖြည့်ဆည်းပေးပြီးနောက် အမှာစကားပြောကြားရာ၌ ဝန်ထမ်းများ စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ဖြင့် ရုံးလုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ကြရန်၊ နိုင်ငံ့ဝန်ထမ်းပီသစွာဖြင့် မိမိတိုင်းပြည်၊ မိမိဝန်ကြီးဌာနအပေါ် သစ္စာရှိစွာ လုပ်ကိုင်ဆောင်ရွက်ကြရန်၊ ဖြစ်ပေါ်နေသောအခြေအနေအရပ်ရပ်ကို သိရှိနားလည်ပြီး မှန်မှန်ကန်ကန် တွေးခေါ်ဆောင်ရွက်တတ်ကြစေရန်နှင့် လမ်းမှားမရောက်စေရန် လိုအပ်ကြောင်း၊ ရုံးပိုင်းဆိုင်ရာနှင့် အင်္ဂလိပ်စာ၊ ကွန်ပျူတာများကို သိရှိတတ်ကျွမ်းအောင် လေ့လာသင်ယူထားကြရန်၊ တာဝန်ခံမှု၊ တာဝန်ယူမှုစိတ်ဓာတ်ရှိကြရန်၊ အထက်အောက်အပြန်အလှန် လေးစားကြရန် လိုအပ်ကြောင်း၊ အောက်ခြေ ဝန်ထမ်းများအတွက် စားဝတ်နေရေး အဆင်ပြေစေရန် တတ်နိုင်သမျှ ဆောင်ရွက်ပေးနိုင်ရန် ကြိုးစားနေပါကြောင်း၊ ဝန်ထမ်းများ၌ အခက်အခဲများရှိပါက အဆင့်ဆင့် သတင်းပို့ပါက သက်ဆိုင်ရာတာဝန်ရှိသူများက ကူညီဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ သွား/လာဆောင်ရွက်ရာတွင် လုံခြုံရေးသတိရှိစေရန်နှင့် လိုအပ်ပါက အထက်လူကြီးကို တင်ပြပြီး အန္တရာယ်ကင်းရှင်းအောင် လုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသွားပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ပြည်ထောင်စုခန်းမ၌ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ဝန်ထမ်းများနှင့်တွေ့ဆုံရာတွင် ပထမဦးစွာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ ဌာနစိတ်အသီးသီးမှ လိုအပ်ချက်များအား တင်ပြကြပြီးနောက် ဒုတိယဝန်ကြီးမှ အမှာစကားပြောကြားရာတွင် ရုံးပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ ဝန်ထမ်းများ ရုံးတက်/ရုံးဆင်း သွားလာရေး ခက်ခဲမှုများ၊ စားဝတ်နေရေး၊ လုံခြုံရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုကိစ္စရပ်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ တိုက်ကွမ်ဒိုလေ့ကျင့်ရေးရုံသစ်တစ်ခုတည်ဆောက်ရေးကိစ္စရပ်ကိုလည်း ထည့်သွင်းစဉ်းစားပေးသွားမှာဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း ဝန်ထမ်းစည်းမျဉ်း/စည်းကမ်း၊ လုပ်ထုံး လုပ်နည်းများကို နားလည်ပြီး ရုံးလုပ်ငန်းများကို ဆောင်ရွက်တတ်ကြစေရန် ၊ ဝန်ထမ်းများ စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ဖြင့် ရုံးလုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ကြရန်၊ နိုင်ငံ့ဝန်ထမ်း ပီသစွာဖြင့် မိမိတိုင်းပြည်၊ မိမိဝန်ကြီးဌာနအပေါ် သစ္စာရှိစွာ လုပ်ကိုင်ဆောင်ရွက်ကြရန်၊ ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို သိရှိနားလည်ပြီး မှန်မှန်ကန်ကန် တွေးခေါ် ဆောင်ရွက်တတ်ကြဖို့လိုအပ်ကြောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန

စာမျက်နှာ(၅၂)သို့

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ရခိုင်ပြည်နယ်အတွင်းရှိ သိပ္ပံကျောင်းနှင့် အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေး

● စစ်တွေ၊ စက်တင်ဘာလ(၁၇)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် အဖွဲ့သည် ယနေ့ နံနက်(၀၆း၀၀)နာရီတွင် အားကစားနှင့်ကာယ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လာရောက်ကြိုဆိုခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အားကစားနှင့်ကာယပညာ များ ကြိုတင်ပြင်ဆင်ထားရန် လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ ဝန်ကြီးဌာနမှ ချမှတ်ထားသည့် မူဝါဒများ၊ ရှေ့လုပ်ငန်းစဉ်များအား သိရှိနားလည်ထားရန် လိုကြောင်း၊ ကြောင်း ပြောကြားခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဝေသာလီ အားကစားကွင်း









ပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံ အားကစားဝင်းမှ အပြည်ပြည်ဆိုင်ရာ လေဆိပ်(ရန်ကုန်)သို့ ထွက်ခွာပြီး နံနက်(၀၇း၀၀)နာရီ လေယာဉ်ဖြင့် ရခိုင်ပြည်နယ်သို့ ထွက်ခွာခဲ့ရာ နံနက်(၀၈း၃၀)နာရီတွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့သို့ ရောက်ရှိခဲ့ပြီး အားကစားနှင့်ကာယပညာသိပ္ပံ(စစ်တွေ) ကျောင်းအုပ်ကြီး၊ ရခိုင်ပြည်နယ် သိပ္ပံ(စစ်တွေ)ကျောင်းနှင့်ရခိုင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများနှင့်တွေ့ဆုံ၍ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းအား ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အားကစားနည်း (၅)နည်းဖြင့် စတင်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရန်၊ ကျောင်းဖွင့်လှစ်ရာတွင် လိုအပ်သည့် အားကစား အထောက်အကူ ပစ္စည်း ဝန်ထမ်းများ အချင်းချင်း မိသားစုစိတ်ဓာတ်ဖြင့် အပြန်အလှန် ကူညီရိုင်းပင်းပြီး စည်းစည်းလုံးလုံး နေထိုင်သွားကြရန် လိုကြောင်းနှင့် အခြားအခက်အခဲများ ရှိပါကလည်း မိမိတို့အနေဖြင့် တတ်နိုင်သမျှ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည် ဖြစ် သို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး ဝန်ထမ်းများအနေဖြင့် အားကစားကွင်း/အားကစားရုံများအား ရေရှည်တည်တံ့စေရေးနှင့် သန့်ရှင်းသာယာမှုရှိစေရေးအတွက် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ ▶▶

စာမျက်နှာ(၅၁)…မှစာဆက်

ဖြစ်သည့်တွက် အားကစားနှင့်ကာယပညာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များသာမက လူငယ်ရေးရာဝန်ကြီးဌာန၏ လုပ်ငန်းကိစ္စရပ်များ၊ လူငယ်အသိပညာပေးဟောပြောပွဲများနှင့်ပတ်သက်သည့်ကိစ္စရပ်များတွင်လည်း ဝိုင်းဝန်း ကူညီ ဆောင်ရွက်ပေးစေလိုကြောင်း မှာကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ဝင်းအတွင်းရှိ သင်တန်းသား/သင်တန်းသူ အိပ်ဆောင်များ တည်ဆောက်နေမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာ့လက်ရွေးစင်ဂျူဒိုအားကစားသမားများ၏လေ့ကျင့်နေမှုများအားလည်းကောင်း၊ ဝူရှူးအားကစားလေ့ကျင့်ရေးရုံရှိ ကြမ်းခင်းများ ပျက်စီးနေမှုအခြေအနေနှင့် အားကစားသမားများ လေ့ကျင့်နေမှုအား ကြည့်ရှုခဲ့ကြောင်း သိရှိရသည်။



# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ရန်ကုန်မြို့ရှိ အားကစားကွင်း/အားကစားရုံများအား ကြည့်ရှုစစ်ဆေး

● ရန်ကုန်၊ စက်တင်ဘာလ(၁၈)ရက်။

အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်(၈)နာရီအချိန်က ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာအားကစားကွင်းသို့ ရောက်ရှိပြီး (၁၅၀ပေ× ၆၀ပေ)ရှိသော အထူးတန်းပွဲကြည့်စင် တည်ဆောက်နေမှုအခြေအနေအား ကြည့်ရှု စစ်ဆေး၍ ဖောက်လုပ်ပြီးစီးသွားသော ပြေးခုန်ပစ်၊ Systhetic ပြေးလမ်းများအနက် ပြေးလမ်းတစ်လိုင်း၌ ချို့ယွင်းပျက်စီးနေမှုအပေါ် ပြန်လည် ပြုပြင်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဒဂုံမြို့သစ်အရှေ့ပိုင်းရှိ တည်ဆောက်နေသော ဘောလုံးကွင်းပြီးစီးမှု အခြေအနေနှင့်ဘောလုံးကွင်းအတွင်း မြေဖို့ရာ၌ လယ်မြေအမျိုးအစားသုံး၍ အမြန်ဆုံးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားပြီးနောက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းရှိ ရေကူးကန်သို့ ရောက်ရှိလာရာ (၁၂၀ပေ×၄၀ပေ)ရှိ နှစ်ထပ်ပွဲကြည့်စင်တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် ဆောက်လုပ်ရေးတာဝန်ခံများအား လမ်းညွှန်မှာကြားပြီး မြန်မာနိုင်ငံ





စာမျက်နှာ(၅၅)သို့












>>

ပြည်သူများ စိတ်လက်ပေါ့ပါးစွာ လာရောက်၍ အားကစားလေ့ကျင့်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် အားကစားပြိုင်ပွဲများအား စဉ်ဆက်မပြတ် ကျင်းပဆောင်ရွက်ပေးသွားကြရန်လိုကြောင်း လမ်းညွှန်မှာကြားခဲ့ပါသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဧည့်ဝတီအားကစားကွင်းတွင် လေ့ကျင့်လျက်ရှိသော လူငယ်မျိုးဆက်သစ် ပြေးခုန်ပစ်အားကစားသမားများအား သွားရောက်အားပေးကြည့်ရှုခဲ့ပြီး နိုင်ငံတော်အတွက် အားကိုးအားထားပြုရသည့် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင်အားကစားသမားများဖြစ်လာအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ်သွားကြရန် မှာကြားခဲ့ပြီးနောက် ဧည့်ဝတီအားကစားခန်းမနှင့်ရုံး၊ အမျိုးသမီး GYM အားကစားခန်းမတို့အား လိုက်လံကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်သည်များအား ပံ့ပိုးကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိပါသည်။ ■





















# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)နှင့် အားကစားကွင်း/အားကစားရုံများအား လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော်၊ စက်တင်ဘာလ(၁၉)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့်တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျိုက္ကဆံအားကစားကွင်းအတွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား/သင်တန်းသူများ၏ နံနက်စာ စားသုံးနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး သင်တန်းသား/သင်တန်းသူများအားလုံး ကျန်းမာရေးအထူးဂရုစိုက်ကြရန်နှင့် အခက်အခဲများရှိပါက တာဝန်ရှိသူ

စာမျက်နှာ(၅၆)သို့














စာမျက်နှာ(၅၃)…မှစာဆက်

သေနတ်ပစ်အားကစားအဖွဲ့ချုပ်ရှိ စားရိပ်သာအား ဝင်ရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ယင်းနောက် ဒဂုံမြို့သစ် တောင်ပိုင်းရှိ ဖူဆယ်အားကစားကွင်းသို့ ရောက်ရှိလာရာ ဖူဆယ် အားကစားရုံသစ် တည်ဆောက်ပြီးစီးမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားပြီးနောက် ဖူဆယ်ပြိုင်ပွဲကွင်း ပြန်လည်ပြင်ဆင်ရန်နှင့် မုခ်ဦးအရှေ့ရှိ ပျက်စီးချို့ယွင်းနေသော လက်မှတ်ရုံနှင့် ဟောင်းနွမ်းပျက်စီးနေသည့် ဘောလုံးအဖွဲ့ချုပ်ဆိုင်းဘုတ်အား ဖယ်ရှားရန် တာဝန်ရှိသူများအား မှာကြားခဲ့ပြီး ဒဂုံမြို့သစ်တောင်ပိုင်းရှိ ဘောလုံးကွင်း၌ အားကစားသမားများ လေ့ကျင့်နေမှုအား ကြည့်ရှု၍ တွေ့ဆုံ အားပေးစကားပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် ကြည့်မြင်တိုင်မြို့နယ်ရှိ စလင်းအားကစားကွင်းသို့ ရောက်ရှိပြီး (၄)ခန်းတွဲ (၄)ထပ်ဝန်ထမ်းအိမ်ရာ တည်ဆောက်မှုကို ပြည်ထောင်စုဘတ်ဂျက်ဖြင့် ချိန်ညှိပြီးတည်ဆောက်သွားနိုင်ရန်နှင့် ရုံးခန်းပြင်ဆင်ဆောင်ရွက်နိုင်ရေးကို တာဝန်ရှိသူများအား မှာကြားခဲ့ပြီးနောက် ပဒုမ္မာဘောလုံး အားကစားကွင်းသို့ ဝင်ရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်သို့ ရောက်ရှိရာ (၁၂၀ပေ× ၂၇ပေ)ရှိ အမျိုးသား ရေကူးကန် နှစ်ထပ်ပွဲကြည့်စင် တည်ဆောက်နေမှု၊ လုပ်ငန်းခွင်နှင့် မလွတ်လပ်သည့်အပင်များနှင့်အမိုးအကာများအား ဖယ်ရှားရန်နှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများ၊ ရေကူးကန်အတွင်း သန့်ရှင်းသာယာရေးကိစ္စရပ်များအား တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရပါသည်။

■











စာမျက်နှာ(၅၅) ⋯မှစာဆက်

များထံသို့ သတင်းပို့ တင်ပြနိုင်ကြောင်းနှင့် အားကစားသမားများကို အာဟာရ ညီညွတ်မျှတစွာ ချက်ပြုတ် ကျွေးမွေးနိုင်ရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်အားကစားကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် တင်းနစ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် ပြုစုပျိုးထောင်၍ စနစ်တကျ လေ့ကျင့်သင်ကြားပေးစေလိုကြောင်းနှင့် အားကစားကွင်း(၁၁)ကွင်းရှိသည့်အတွက် အားကစားကွင်း/အားကစားရုံများ ရေရှည်တည်တံ့၍ အမြဲတမ်းစိမ်းလန်းစိုပြေနေစေရေးနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ အားကစားဥယျာဉ်စီမံကိန်းမြေနေရာ၌ တည်ဆောက်လျက်ရှိသည့် အရှေ့ဘက် ရိုးရိုးတန်းပွဲကြည့်စင်၊ အနောက်ဘက်အထူးတန်း ပွဲကြည့်စင်နှင့် မိုးလုံလေလုံအားကစားရုံ တည်ဆောက်နေမှုတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားကွင်း/အားကစားရုံ အဆောက်အဦးများအား သတ်မှတ်အရည်အသွေးနှင့် စံချိန်စံညွှန်း ကောင်းမွန်ပြီး သတ်မှတ်ကာလအတွင်း အချိန်မီဆောက်လုပ်ပြီးစီးစေရေး အလေးထားဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိပါသည်။ ■

---

ရန်ကုန်၊ စက်တင်ဘာလ(၉)ရက်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ(၆)ရက်နေ့မှ (၈)ရက်နေ့ အထိ စင်ကာပူနိုင်ငံ လူငယ်ကောင်စီမှ ကြီးမှူးကျင်းပသော စင်ကာပူနိုင်ငံ၊ ယဉ်ကျေးမှု၊ အသိုက်အဝန်းနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် S.Rajaratnam နိုင်ငံတကာ လေ့လာရေးကျောင်းတို့ ပူးပေါင်း ဆောင်ရွက်မှုဖြင့် သဟဇာတဖြစ်သည့် လူ့အဖွဲ့အစည်းများ တည်ဆောက်ရေးအပြည်ပြည်ဆိုင်ရာညီလာခံ (International Conference on Cohesive Societies)သို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် တက်ရောက်ခဲ့သော မတင့်နဒီ(မြန်မာနိုင်ငံကြက်ခြေနီအသင်း)သည် ယနေ့ ညနေ (၃)နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေနှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးတို့မှ သွားရောက်ကြိုဆို။



# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနရှိ (လူပျိုဆောင်၊ အပျိုဆောင်)များ၏ လုံခြုံရေးနှင့်မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် လိုအပ်သည်များအား ပြင်ဆင်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့မှုများ

နေပြည်တော်၊ စက်တင်ဘာလ(၂၁)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနရှိ (လူပျိုဆောင်၊ အပျိုဆောင်)များ၏ လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် အထက်အကြီးအကဲများ၏ လမ်းညွှန်မှုဖြင့် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ(၃၀)ရက်နေ့တွင် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် တာဝန်ရှိသူများနှင့်အတူ ဝန်ထမ်းများနေထိုင်ရာ ဇမ္ဗူသီရိမြို့နယ်ရှိ (လူပျိုဆောင်၊ အပျိုဆောင်)များအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများ ချက်ပြုတ်စားသောက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ဘေးအကာအရံများပြုလုပ်ပေးခြင်း၊ သန့်ရှင်းသပ်ရပ်မှုရှိပြီး လုံခြုံမှုရှိစေရန်အတွက် အဝင်သံပန်းတံခါးနှင့်အခန်းရှေ့သံပန်းတံခါး အကာအရံများ ကာရံ














ဘေစင်နှင့်ချက်ပြုတ်သည့်စင်များ၊ မီးဘေးအန္တရာယ် ကင်းရှင်းစေရန်အတွက် မီးကြိုး/မီးချောင်းများ အသစ်လဲလှယ်တပ်ဆင်ပေးခြင်း၊ ဘရေကာ(မီးဘုတ်)များ စနစ်တကျသွယ်တန်းပေးခြင်းများနှင့် မီးသတ်ဆေးဗူးများ တပ်ဆင်ပေးခြင်း၊ ရေချိုးကန်အမိုးနှင့် ပြုပြင် တပ်ဆင်ခြင်းများနှင့် နေရောင်ကာ ဝါးရင်းလိပ်များ အသစ်တပ်ဆင်ပေးခြင်းတို့အား စက်တင်ဘာလ တတိယပတ်အတွင်း(အပြီး) ပြင်ဆင်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

■

## "မျိုးဆက်သစ်အားကစားသမားထွက်ပေါ်ရေး မြို့နယ်အားကစား မြှင့်တင်ပေး"

# မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ အစည်းအဝေး ကျင်းပ

ရန်ကုန်၊ စက်တင်ဘာလ(၃၀)ရက်။

မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ အစည်းအဝေးကို ယနေ့ နံနက်(၉)နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊




မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ဒေါက်တာစိုးဝင်း၊ ရန်ကုန်တိုင်း ဒေသကြီးလူငယ်ရေးရာကော်မတီအဖွဲ့ ဝင်များနှင့်ဖိတ်ကြားထားသည့်ဧည့်သည် တော်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာ စကားပြောကြားရာတွင် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ကို ပိုမိုထိထိရောက်ရောက် ဆောင် ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီလက်ထက်တွင် ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာနကို အား ကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အဖြစ် ပြောင်းလဲ ဖွဲ့စည်းပေးခဲ့ပြီး လူငယ်ရေးရာဦးစီးဌာနကိုလည်း တိုးချဲ့ ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ လူငယ် ရေးရာကိစ္စရပ်များ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် မူဝါဒ၊ ရည်မှန်းချက် နှင့် လုပ်ငန်းစဉ်(၁၀)ရပ် ချမှတ်ပေးခဲ့ပြီး မြန်မာနိုင်ငံ လူငယ် ရေးရာဗဟိုကော်မတီ၊ လုပ်ငန်းကော် မတီနှင့် နေပြည်တော်ကောင်စီ၊ တိုင်း ဒေသကြီး/ပြည်နယ်၊ လူငယ်ရေးရာ ကော်မတီ(၃)ရပ် ဖွဲ့စည်းထားရှိပြီးဖြစ် ကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ အောင်မြင်စေရန် ရန်ကုန်တိုင်းဒေသ ကြီး လူငယ်ရေးရာကော်မတီအနေ ဖြင့် အထက်အောက် အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်သွားကြရန်နှင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် တက်ရောက်လာကြသူများ က အကြံပြု ဆွေးနွေးပေးကြရန် ပြော ကြားပါသည်။





ယင်းနောက် မြန်မာနိုင်ငံလူငယ် ရေးရာ ဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်း က လူငယ်များဟာ တိုင်းပြည်ရဲ့ အနာ ဂတ်ဖြစ်တဲ့အတွက် လူငယ်များကို ကြည့်ပြီး တိုင်းပြည်အနာဂတ်ကို မှန်းဆ ကြည့်၍ ရပါကြောင်း၊ နိုင်ငံတော်က အားထားရသည့် လူငယ် များဖြစ်စေရန် ပညာရေးကို အခြေခံ၍ ကျန်းမာ ကြံ့ခိုင်အောင် လမ်းကြောင်း မှန်ပေါ်ရောက်ရှိစေရန်အတွက် လူငယ် ကဏ္ဍ အကောင်အထည်ဖော်ဆောင် ရွက်နေသည့် ဌာနများ အချင်းချင်း ပူးပေါင်း ချိတ်ဆက်ဆောင်ရွက်ရန် လိုကြောင်း၊ လူငယ်များ ဗဟုသုတ ပြည့်စုံမှု၊ ကျွမ်းကျင်မှုရှိရုံမျှမက ခံယူ ချက်ကောင်းသည့်သူများ ဖြစ်အောင် မိဘ၊ ဆရာ/ဆရာမများမှာ အဓိက တာဝန်ရှိကြောင်း၊ လူငယ်ပြုစု ပျိုး ထောင်ရေးလုပ်ငန်းများကို မူကြို ကျောင်းတက်ခါစ အရွယ်ကတည်းက စတင်ဆောင်ရွက်ရမှာဖြစ်လို့ အမျိုး ဘာသာ သာသနာ ကာကွယ်စောင့် ရှောက်သူများဖြစ်အောင်၊ မျိုးချစ်စိတ် ဓာတ်ရှိသူများဖြစ်အောင်၊ အခြေခံကာစ သင်ကြားပေးသွားရမှာဖြစ်ကြောင်း၊ လူငယ်များ စာဖတ်သည့် အလေ့ အကျင့်ကောင်းများ ရရှိအောင် ငယ်စဉ် ကတည်းက လေ့ကျင့်ပေးရန် လို ကြောင်း၊ လူငယ်စင်တာများ ထူထောင် ပြီး လူငယ်များအကြား လူငယ်ကဏ္ဍ (၁၆)ရပ်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင် မှာ ဖြစ်ကြောင်း၊ နိုင်ငံတော် အကြီး အကဲရဲ့လမ်းညွှန်ချက်နှင့်အညီ ပညာ ရေးကျောင်းများကို အခြေခံ၍ ကျောင်း ကြက်ခြေနီ၊ ကင်းထောက်လူငယ်၊ လေကြောင်းလူငယ်၊ ရေကြောင်း လူငယ်ဖွဲ့စည်းရေးကော်မတီ အဖွဲ့ဝင် များအားလုံး ပူးပေါင်းဆောင်ရွက် စေလိုကြောင်း၊ ကျန်းမာကြံ့ခိုင်သော လူငယ်များဖြစ်အောင် စာသင်ကျောင်း များတွင် ကာယပညာအချိန်များ၌ အားကစားကို ထိထိရောက်ရောက် ဆောင်ရွက်ကြစေလိုကြောင်း၊ ကျောင်း နေကလေးသာမက မသန်းစွမ်းသူများ၊ လမ်းပေါ်နေကလေးများ ဖွံ့ဖြိုးတိုး တက်ရေးလုပ်ငန်းများကို ဆက်စပ် ဝန်ကြီးဌာနများက စီမံချက်များ ချမှတ် ဆောင်ရွက်နေတာကို တွေ့ရှိရတဲ့ အတွက် ဝမ်းမြောက်မိပါကြောင်း၊ လူငယ်တွေအတွက် စေတနာထား၍ ယခုထက်ပို၍ ဆောင်ရွက်ပေးနိုင်ရန် ကြိုးစားကြစေလိုကြောင်းဖြင့် ရှင်းလင်း ပြောကြားပါသည်။

ထို့နောက် တက်ရောက်လာသူ များက တင်ပြဆွေးနွေးကြပြီး အစည်း အဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်း ရရှိပါသည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ပိုက်ကျော်ခြင်းအားကစားသမားများ စခန်းဝင်ဆန်းစစ်လူရွေးချယ်ခြင်းပြိုင်ပွဲအား သွားရောက်ကြည့်ရှု အားပေး

● နေပြည်တော်၊ စက်တင်ဘာလ(၃၀)ရက်။

(၃၂)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)တွင် ပဏာမ စခန်းဝင်လေ့ကျင့်လျက်ရှိသည့်ပိုက်ကျော်ခြင်းအားကစားသမားများအား စခန်းဝင်ဆန်းစစ် လူရွေးချယ်ခြင်းပြိုင်ပွဲကို ယနေ့ နံနက်(၈)နာရီခွဲအချိန်တွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ Training Hall No(3) ရှိ ပိုက်ကျော်ခြင်း အားကစားရုံ၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ဒိုင်လူကြီး၊ နည်းပြဆရာများမှ အားကစားသမားတစ်ဦးချင်းစီ၏ နေရာအလိုက် ကျွမ်းကျင် ပိုင်နိုင်စွာကစားနိုင်မှုနှင့် အသင်းလိုက်ပြိုင်ပွဲပုံစံယှဉ်ပြိုင်ကစားခဲ့မှုများကို အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး၊ ယှဉ်ပြိုင်ရေးနှင့်လေ့ကျင့်ရေးဌာနခွဲ(၂) ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုး၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲဝင်းထွဋ်တင်နှင့် ယှဉ်ပြိုင်ရေး နှင့်လေ့ကျင့်ရေးဌာနခွဲ(၂)မှ တာဝန်ရှိသူများ လာရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိပါသည်။







# အာရှခြင်းလုံးအဖွဲ့ချုပ်မှ ၂၀၂၃ ခုနှစ်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ကမ္ဘောဒီးယားခြင်းလုံးအားကစားကို မြှင့်တင်ပေးမည်

● ရန်ကုန်၊ စက်တင်ဘာလ(၂၇)ရက်။

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၃ ခုနှစ်၊ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ကမ္ဘောဒီးယားနိုင်ငံ၏ ခြင်းလုံးအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအား အာရှခြင်းလုံးအဖွဲ့ချုပ်မှ ပါဝင်ကူညီပေးရန် သဘောတူညီမှု လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယခုနှစ်ဇွန်လ(၂၄)ရက်နေ့က ဖနွမ်းပင်မြို့၌ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အာရှခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ပိုက်ကျော်ခြင်းနှင့်ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ မိဆာရင်တို့ တက်ရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ကမ္ဘောဒီးယား အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေး ကော်မတီနှင့် ကမ္ဘောဒီးယားအမျိုးသား အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး Vath Chamroeun တို့က အသိသက်သေအဖြစ် တက်ရောက်ခဲ့သည်။ သဘောတူညီချက်အရ ကမ္ဘောဒီးယား အားကစားသမားများသည် ဇူလိုင်လအတွင်း မြန်မာနိုင်ငံသို့ သွားရောက်လေ့ကျင့်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံဘက်မှ ကမ္ဘောဒီးယားကစားသမားများ၊ နည်းပြများနှင့် နည်းပညာပိုင်းဆိုင်ရာ တာဝန်ရှိသူများအား နွေးထွေးစွာကြိုဆိုရေးနှင့် ဘေးကင်းလုံခြုံရေးတို့အတွက် တာဝန်ယူဆောင်ရွက်ပေးရေး ကတိပြု ပြောကြားခဲ့ပါကြောင်း ဒေါက်တာ မိဆာရင်က ထပ်လောင်းပြောကြားခဲ့သည်ဟု သိရှိရသည်။

(အား/ကာဦးစီးဌာန၊ စီ/သုရုံးအဖွဲ့)



# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး အလေးမနည်းပြသင်တန်းအမှတ်စဉ်(၁/၂၀၂၂)သင်တန်းဆင်းပွဲ အခမ်းအနားတက်ရောက်

● နေပြည်တော်၊ စက်တင်ဘာလ(၉)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် "အလေးမနည်းပြသင်တန်း အမှတ်စဉ်(၁/၂၀၂၂)သင်တန်းဆင်းပွဲ အခမ်းအနား"ကို ယနေ့ နံနက်(၉:၀၀)နာရီ





အချိန်တွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်းရှိ Multipurpose Hall ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းအမှာစကားပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးကိုယ်စား သင်တန်းဆင်းအမှာစကားပြောကြားခြင်းဖြစ်ကြောင်း၊ အလေးမအားကစားနည်းသည် အိုလံပစ်အားကစားနည်းဖြစ်ပြီး မြန်မာနိုင်ငံအတွက် အရေးကြီးသည့် အားကစားနည်းတစ်နည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရိုးရာအားကစားနည်းများကို အခြေခံပြီး အောင်မြင်မှုဆုတံဆိပ်များရရှိအောင် ဝိုင်းဝန်းပူးပေါင်း လုပ်ကိုင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် နည်းစနစ်များ၊ နည်းဥပဒေ၊ စည်းမျဉ်း/စည်းကမ်းများကို ယခုသင်တန်းတွင် သင်ကြားပို့ချပေးခဲ့ပြီးဖြစ်သည့်အတွက်သင်တန်းသား/သင်တန်းသူများအနေဖြင့် မိမိ



တို့ဒေသသို့ ပြန်လည်ရောက်ရှိသည့်အခါ အလေးမအားကစားနည်း ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မျိုးဆက်သစ်အလေးမ အားကစားသမားများ မွေးထုတ်ပေးနိုင်ရန်အတွက် စာတွေ့/လက်တွေ့ သင်ကြားပို့ချခဲ့သည့် သင်ခန်းစာများကို လက်တွေ့ ပြန်လည်အသုံးချပြီး မိမိတို့၏အားကစားသမားများကို အားကစားသမားကောင်းစိတ်ဓာတ်များ ထားရှိတတ်အောင် စနစ်တကျ ပြုစုပျိုးထောင် လေ့ကျင့်သင်ကြားပေးသွားရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားခဲ့ပြီး သင်တန်းသား/သင်တန်းသူများကိုယ်စား၊ သင်တန်းသား/သင်တန်းသူ(၂)ဦးအား သင်တန်းဆင်းဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ အမြဲတမ်း အတွင်းဝန် ဦးကျော်ဆန်း၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဥက္ကါအေးနှင့် တာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးကျော်ဦး၊ ဦးကျော်ဆန်းဦးနှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းသား/သင်တန်းသူများ တက်ရောက်ခဲ့ကြပြီး သင်တန်းအား (၅-၉-၂၀၂၂)ရက်နေ့မှ(၉-၉-၂၀၂၂) ရက်နေ့အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိပါသည်။ ■

# ကမ္ဘောဒီးယားကျွမ်းဘားအားကစားသမားများသည် ၂၀၂၃ ခုနှစ်တွင် ပထမဆုံးအကြိမ် ရွှေတံဆိပ်ဆုရရှိရေးအတွက် အစီအစဉ်ချမှတ်ဆောင်ရွက်

● ရန်ကုန်၊ စက်တင်ဘာလ(၂၇)ရက်။

ကမ္ဘောဒီးယားကျွမ်းဘား အားကစားသမားများသည် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင် ကျင်းပခဲ့သည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပထမဆုံး အကြိမ်အဖြစ် ငွေတံဆိပ်(၃)ခုနှင့် ကြေးတံဆိပ်(၁)ခု ဆွတ်ခူးရရှိခဲ့ပါသည်။

ထိုသို့ရရှိမှုအပေါ် ကမ္ဘောဒီးယား ကျွမ်းဘား အားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Noy Phana ကပြောကြားရာ၌ ဆုတံဆိပ်များရရှိရန် နှစ်ပေါင်း ၂၀နီးပါး စောင့်ခဲ့ရပါကြောင်း၊ " သုညဘဝမှသူရဲကောင်းအဖြစ်သို့" ရောက်ရှိအောင် ကြိုးစားအားထုတ်ခဲ့သော အားကစားသမားများ၏ကြိုးပမ်းမှုကို ချီးကျူးလိုပါကြောင်း။

မိမိတို့၏ကျွမ်းဘားအားကစားသမားများသည် SEA Games ပြိုင်ပွဲတွင် ၂၀၀၅ခုနှစ်ကတည်းက ပါဝင်ယှဉ်ပြိုင်လာခဲ့သော်လည်း အစောပိုင်းကာလများတွင် ကျွမ်းဘားကျွမ်းကျင်မှုဆိုင်ရာ အခြေခံအရင်းအမြစ်များ အကန့်အသတ်ဖြင့်သာ ရှိနေခဲ့သောကြောင့် ခက်ခဲမှုများရှိခဲ့ပါကြောင်း။

အထူးသဖြင့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများကို အားပေးကူညီရန် အထူးအာရုံစိုက် အရေးပေးသော ဝန်ကြီးချုပ်ဟွန်ဆန်၏ ဦးဆောင်အားပေးမှုအတွက် အမှန်တကယ် ကျေးဇူးတင်ပါကြောင်း ။

ဝန်ကြီးချုပ်သည် ဗီယက်နမ်နိုင်ငံ SEA Games သို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံ့လက်ရွေးစင် အားကစားသမားများနှင့်SEA Games ကိုယ်စားလှယ်အဖွဲ့အတွက်စင်းလုံးငှား လေယာဉ်များစီစဉ်ပေးခဲ့ပါကြောင်း။

နည်းပညာရှင်ဝန်ထမ်းများအပါအဝင် နေထိုင်စားသောက်ရေးနှင့် အထူးအစီအစဉ်များချမှတ် ဆောင်ရွက်ပေးခဲ့သော ကမ္ဘောဒီးယားနိုင်ငံ အိုလံပစ်ကော်မတီ NOCC ဥက္ကဋ္ဌ၊ ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီး Thong Khon ၊ ကမ္ဘောဒီးယားကျွမ်းဘားအဖွဲ့ချုပ် CGF အကြီးအကဲနှင့် ဗျူဟာချမှတ်ပေးခဲ့သော ကမ္ဘောဒီးယားကျွမ်းဘားအဖွဲ့ချုပ် CGF ဒု-ဥက္ကဋ္ဌ Sok Hong တို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း။

ယခုကဲ့သို့ ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့ခြင်းသည် ကမ္ဘောဒီးယား ကျွမ်းဘားအားကစားနည်းအတွက် သမိုင်းဝင်အခိုက်အတန့်တစ်ခုဖြစ်ပါကြောင်း။ ပြိုင်ပွဲစတင်ဝင်ရောက်ယှဉ်ပြိုင်စဉ်ကတည်းက ဆုတံဆိပ် မရရှိခဲ့ဖူးပါကြောင်း၊ ဆုတံဆိပ်များ ထပ်မံဆွတ်ခူးမည့် မိမိတို့၏ရည်ရွယ်ချက်အပေါ် ယုံကြည်မှုရှိပါကြောင်း။ ကိုဗစ်-၁၉

⋙

# ၂၀၂၂ ခုနှစ် ၊ အာရှသက်ငယ်တန်းအားကစားပြိုင်ပွဲ(Asia Junior Sports Exchange Games 2022)သို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာအားကစားအဖွဲ့ ပြည်ပထွက်ခွာ

● ရန်ကုန်၊ စက်တင်ဘာလ(၁၃)ရက်။

၂၀၂၂ ခုနှစ် စက်တင်ဘာလ (၁၄)ရက်နေ့မှ (၂၀)ရက်နေ့အထိ ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ကျင်းပပြုလုပ်မည့် ၂၀၂၂ခုနှစ်၊ အာရှသက်ငယ်တန်းအားကစားပြိုင်ပွဲ(Asia Junior Sports Exchange Games 2022)သို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်းခေါင်းဆောင်သော မြန်မာအားကစားအဖွဲ့သည် ယနေ့ နံနက်(၁၀း၃၀)နာရီအချိန်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စင်ကာပူ Airline SQ761 လေယာဉ်ဖြင့်ထွက်ခွာသွားရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိပုဂ္ဂိုလ်တို့က လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ပါသည်။















အဆိုပါပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့၌ အဖွဲ့ခေါင်းဆောင်အဖြစ် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်း အတွင်းဝန် ဦးကျော်ဆန်း၊ ဒုတိယအဖွဲ့ ခေါင်းဆောင်အဖြစ် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်တို့နှင့်အတူ ကြက်တောင် အားကစားနည်းမှ အုပ်ချုပ်သူ(၁)ဦး၊ နည်းပြ(၁)ဦး၊ အမျိုးသားအားကစားသမား(၃)ဦး၊ အမျိုးသမီးအားကစားသမား(၃)ဦး၊ စားပွဲတင်တင်းနစ် အားကစားနည်းမှ အုပ်ချုပ်သူ(၁)ဦး၊ နည်းပြ(၁)ဦး၊ အမျိုးသား အားကစားသမား(၃)ဦး၊ အမျိုးသမီး အားကစားသမား(၃)ဦး၊ Para Badminton ပြိုင်ပွဲယှဉ်ပြိုင်ရန်အတွက် နည်းပြ(၁)ဦး၊ အမျိုးသားအားကစားသမား(၁)ဦး၊ Para Table Tennis ပြိုင်ပွဲယှဉ်ပြိုင်ရန်အတွက် နည်းပြ(၁)ဦး နှင့် အမျိုးသားအားကစားသမား(၁)ဦး၊ စုစုပေါင်း(၂၁)ဦးတို့ လိုက်ပါသွားကြောင်း သိရှိရသည်။

---

>>

ကပ်ရောဂါ အကြပ်အတည်း ကာလအတွင်း သွားလာမှု ပိတ်ပင်ထားသော်လည်း အားကစားသမားများသည် လေ့ကျင့်မှုကို မပျက်မကွက် ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ခေါင်းဆောင်များသည် ကစားသမားများနှင့် နီးနီးကပ်ကပ်လက်တွဲပြီးအားပေးထောက်ပံ့မှုများ ဆောင်ရွက်ခဲ့ပါကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်အတွက် ဆုတံဆိပ်ရယူပေးရန် အထူးအစီအစဉ်တစ်ရပ် ချမှတ် ထားပါကြောင်း၊ လာမည့်နှစ်ပြိုင်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့်အခါ အနည်းဆုံး ရွှေတစ်ခုရရှိရန်နှင့် ရေရှည်ရည်မှန်းချက်အတွက် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ ဟန္နိုင်းမြို့တွင် ရရှိခဲ့သည့်ရလဒ်များအပေါ် အခြေခံ၍ အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့်အခါ ရလဒ်ပိုမိုကောင်းမွန်ရမည်ဟု မျှော်လင့်ပါကြောင်း၊ ယခုလိုဆုတံဆိပ်ရရှိအောင် ဆောင်ရွက်ပေးခဲ့သော နိုင်ငံတကာနည်းပြ Mr.Dinis Solove ကို ကျေးဇူးတင်ပါကြောင်း၊ ၎င်းကို နည်းပြအဖြစ် ရရှိရေးအတွက် ရုရှားနိုင်ငံသို့ ကိုယ်တိုင် ဆက်သွယ်ခဲ့ပြီး ကမ္ဘောဒီးယားနည်းပြနှင့် လက်ထောက် နည်းပြများအား လေ့ကျင့်ပေးရန် ဖိတ်ခေါ်ခဲ့ပါကြောင်း၊ အဆိုပါနည်းပြက ကိစ္စအတော်များများကို အဆင်ပြေအောင် ဆောင်ရွက်ပေးခဲ့ပြီး ရလဒ်ကောင်း ရရှိအောင် ကူညီပေးခဲ့ပါကြောင်း။ ယခုလည်း မဟာဗျူဟာ စီမံချက်ချမှတ်၍ ၂၀၂၃ ခုနှစ်၊ SEA Games ရွှေတံဆိပ်များရယူနိုင်မည့် လမ်းကြောင်းမှန်ပေါ်သို့ ရောက်နေပြီဟု ထင်မြင်ပါကြောင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

ဘာသာပြန်-

အား/ကာဦးစီးဌာန၊ စီ/သုရုံးအဖွဲ့

# အားကစားနှင့်ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး ဌာနခွဲစာရေးနှင့်အဆင့်တူ ရာထူးနေရာများသို့ တိုးမြှင့်ခန့်ထားနိုင်ရေး လူတွေ့စစ်ဆေး

နေပြည်တော်၊ စက်တင်ဘာလ(၂၇)ရက်။

အားကစားနှင့်ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့်အဖွဲ့ဝင်များသည် အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများနှင့် ပြည်နယ်/တိုင်း ဒေသကြီးများတွင် လစ်လပ်လျက်ရှိသော ဌာနခွဲစာရေးနှင့်အဆင့်တူ လစာနှုန်းကျပ်(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာများသို့ တိုးမြှင့်ခန့်ထားနိုင်ရေးအတွက် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများအား ယနေ့ နံနက်(၉:၀၀)နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အစည်းအဝေးခန်းမ၌ လူတွေ့အရည်အချင်း စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ရုံးချုပ်မှဖြေဆိုမည့်သူ(၂၆)ဦးအား In-person ဖြင့်လည်းကောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများနှင့် ပြည်နယ်/တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနများမှ ဖြေဆိုမည့်သူ(၁၇)ဦးအား Video Conferencing စနစ်ဖြင့်လည်းကောင်း စစ်ဆေးခြင်းများကို ပြုလုပ် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။







# အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)၊ ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်က သင်တန်းသားများအား လစဉ်တွေ့ဆုံ လမ်းညွှန်အမှာစကားပြောကြားခြင်း အခမ်းအနားကျင်းပ

မော်လမြိုင်၊ စက်တင်ဘာလ(၂)ရက်။

အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်က ၂၀၂၂-၂၀၂၃ ပညာသင်နှစ် သင်တန်းသားများအား လစဉ်တွေ့ဆုံ လမ်းညွှန်အမှာစကားပြောကြားခြင်း အခမ်းအနားကို





ယနေ့ ညနေ(၆း၃၀)နာရီအချိန်တွင် အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်) အုပ်ချုပ်မှုရုံး စုပေါင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)၊ ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်က အဖွင့်အမှာစကားပြောကြားရာတွင် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများကို တက်တဲ့ သင်တန်းသားများအတွက်ထားရှိရမည့် စိတ်ဓာတ်(၃)မျိုးရှိကြောင်း၊ ပထမဦးဆုံး စိတ်ဓာတ်သည် အောင်နိုင် စိတ်ဓာတ်ဖြစ်ကြောင်း၊ မိမိရဲ့ချမှတ်ထားတဲ့ ရည်မှန်းချက် ပန်းတိုင်ကို မရောက်ရောက်အောင် ဆောင်ရွက်မည်ဟူသော နိုင်မာသည့် စိတ်ဓာတ်ရှိရန် လိုအပ်ပါကြောင်း အားလုံးရဲ့တူညီတဲ့ ရည်မှန်းချက်ကတော့ ပညာတတ်ပြီး အားကစားထူးချွန်တဲ့ မြန်မာ့လက်ရွေးစင် အားကစားသမားနေရာမှာ အစားထိုးနိုင်မည့်မျိုးဆက်သစ်အားကစားသမားများ ဖြစ်ရမည်ဖြစ်ကြောင်း၊ ဒုတိယစိတ်ဓာတ်သည် အနိုင်မခံ အရှုံးမပေးသည့် စိတ်ဓာတ်ဖြစ်ကြောင်း၊ ယနေ့မှစ၍ အားကစားရော ပညာရေးမှာ အားထည့်ဆောင်ရွက်ပြီး အနိုင်မခံ အရှုံးမပေး၊ လေ့ကျင့်ချည်းကျွန် အလံ မလဲတဲ့ စိတ်ဓာတ်ထားရှိရမည်ဖြစ်ကြောင်း၊ တတိယစိတ်ဓာတ်ကတော့ Fair Play စိတ်ဓာတ်ရှိရန် လိုကြောင်း၊ Asean School Games ကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် အထူးကြိုးစားဖို့လိုကြောင်း၊ အခက်



အခဲများရှိလျှင်တင်ပြနိုင်ကြောင်း အဖွင့်အမှာစကားပြောကြားသွားပါသည်။

ထို့နောက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် သင်တန်းသား/သင်တန်းသူများမှ တင်ပြစရာရှိသည်များ တင်ပြကြပြီး အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)၊ ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်က

>>>

# မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်) သင်တန်းသား/သင်တန်းသူများ အထူးနေ့လယ်စာစားပွဲအခမ်းအနား ကျင်းပ

● မော်လမြိုင်၊ စက်တင်ဘာလ(၁၄)ရက်

မွန်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)သင်တန်းသား/သင်တန်းသူများ အထူးနေ့လယ်စာစားပွဲအခမ်းအနားကို ယနေ့ နေ့လယ်(၁၂:၀၀)နာရီအချိန်တွင် အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)စားရိပ်သာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး မွန်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုး၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ စီးပွားရေးရာဝန်ကြီး နိုင်လယိတမ၊ လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး မျိုးဆွေ၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦး၊ ဥပဒေချုပ် ဦးမြင့်အောင်၊ အတွင်းရေးမှူး ဦးတိုးဝင်းနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးနေမျိုးလွင်၊ မွန်ပြည်နယ် အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် တာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များနှင့် အားကစားနှင့် ပညာရေးပေါင်းစပ် အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးတို့ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးဇော်လင်းထွန်းမှ သင်တန်းသားများအား နှုတ်ခွန်းဆက်အဖွင့်အမှာစကား ပြောကြားရာတွင် ယခု အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာရေးအတွက် ဆောင်ရွက်နေသည့်နေရာတွင် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေတာအားလုံး အသိပဲဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်တာဝန်များကို ပခုံးပြောင်းတာဝန် ထမ်းဆောင်ကြရမည့်လူငယ်များ၏ကျန်းမာကြံ့ခိုင်မှု၊ ပညာအရည်အချင်း ပြည့်ဝမှုနှင့် စိတ်ဓာတ်ရေးရာ မြင့်မားနေရန် လိုအပ်လှပါကြောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)မှာ တက်ရောက်လျက်ရှိတဲ့သင်တန်းသား/သင်တန်းသူများအနေနဲ့လည်း နိုင်ငံတကာ၏ အလယ်တွင် အားကစားဖြင့် နိုင်ငံ့ဂုဏ်ကိုမြင့်တင် ဆောင်ရွက်နိုင်သူများဖြစ်အောင် စိတ်ဓာတ်မြင့်မားစွာထားရှိပြီးတော့ ကြိုးစားကြရန် ပြောကြားလိုကြောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)အနေနဲ့ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာ အားကစားနည်း(၆)နည်းတွင် သင်တန်းသား/သင်တန်းသူ(၁၀၂)ဦးတို့ တက်ရောက်လျက်ရှိတာတွေ့ရှိရကြောင်း၊ လူငယ်မောင်မယ်များအနေနဲ့လည်း လေ့ကျင့်ရေး၊ ပညာသင်ကြားရေး၊ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုစသည်တို့ကို နိုင်ငံတော်မှ ထောက်ပံ့ပေးထားတဲ့အတွက် ဘာမှနောက်ဆံတင်းစရာမလိုဘဲ နိုင်ငံတော်အတွက် အထောက်အကူပြုနိုင်မည့် လူငယ်မျိုးဆက်သစ် အားကစားသမားများ ဖြစ်လာကြဖို့ အပတ်တကုတ် ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်ဆောင်ရွက်ကြရန် အထူး မှာကြားလိုပါကြောင်း၊ ဒီသင်တန်းမှာ တက်ရောက်ကြတဲ့ ကျောင်းသား/ကျောင်းသူများဟာ မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ တိုင်းရင်းသားမိသားစုတွေဖြစ်လို့ သိပ်မကြာတော့မယ့် ကာလမှာ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)ကနေ နိုင်ငံ့ဂုဏ်ဆောင် တိုင်းရင်းသားအားကစားသမားတွေ၊ ကောန်မုချ ထွက်ပေါ်လာတော့မှာ ဖြစ်ပါကြောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)ကျောင်း ဖွင့်လှစ်ခဲ့သည့် (၈)နှစ်တာကာလအတွင်း မြန်မာ့လက်ရွေးစင်(၂)ဦး၊ လူငယ်လက်ရွေးစင်(၁၇)ဦး၊ အဖွဲ့ချုပ်လက်ရွေးစင်(၇၁)ဦး၊ စုစုပေါင်း (၉၀) ဦး မွေးထုတ်ပေးနိုင်ခဲ့တယ်လို့သိရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှ ယခု ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အထိ ပြည်တွင်းအားကစားပြိုင်ပွဲများသို့ အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်)မှ သင်တန်းသား/ သင်တန်းသူများ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်(၉၀)ခု၊ငွေတံဆိပ်(၁၃၉)ခု၊ ကြေးတံဆိပ်(၁၇၀)ခု၊ စုစုပေါင်းဆုတံဆိပ်(၄၀၉)ခုကိုရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဝမ်းမြောက်စွာဂုဏ်ယူမိပါကြောင်း၊ ယခု ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာ တက်ရောက်လျက်ရှိတဲ့ သင်တန်းသား/သင်တန်းသူများအနေဖြင့်လည်း ကောင်းမွန်တဲ့ အစဉ်အလာရှိတဲ့ မိမိတို့ကျောင်း၏ ဂုဏ်ကို ယခုထက် ပိုမိုမြှင့်တင်နိုင်အောင် ကြိုးစားဆောင်ရွက်ကြရန်နှင့် ကျန်းမာရေးကို အထူးဂရုစိုက်ကြရန် မှာကြားလိုကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ကူးစက်ရောဂါ အိုမီခရွန်ဗိုင်းရပ်(စ်) ထပ်မံ ပြန့်ပွားလာသည့်အတွက် ကူးစက်မှုမခံကြရစေရန် Mask တပ်ကြရန်၊ ကျန်းမာရေးမှထုတ်ပြန်ထားတဲ့ စည်းကမ်းချက်များနှင့်အညီ နေထိုင်ကြရန်၊ ထူးချွန်ထက်မြက်တဲ့ အားကစားသမားကောင်းတွေ ဖြစ်လာစေဖို့အတွက် နည်းပြဆရာများရဲ့ လေ့ကျင့်သင်ကြားပေးမှုများကို ဇွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်ပြီး ကြိုးစား လေ့ကျင့်သင်ယူကြရန်၊ ဆရာ/ဆရာမများရဲ့ သင်ကြားပေးမှုကို အပတ်တကုတ် ကြိုးစားသင်ကြားနာယူကြရန်နှင့် ကျန်းမာကြံ့ခိုင်ပြီး ပညာရည် ထူးချွန်တဲ့ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်အောင် အစွမ်းကုန်ကြိုးစားကြပါလို့ တိုက်တွန်း မှာကြားလိုကြောင်း၊ နှုတ်ခွန်းဆက်အမှာစကား ပြောကြား

စာမျက်နှာ(၆၄)သို့







>>

နိဂုံးချုပ်အမှာစကားပြောကြားပြီး သင်တန်းသားများ ဆန္ဒပြု တောင်းဆိုတင်ပြထားသော ဟမ်ဘာဂါဖြင့် ဒါနပြုကျွေးမွေးခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)၊ ဒုတိယ ကျောင်းအုပ်ကြီးများနှင့် လက်ထောက် ညွှန်ကြားရေးမှူးများ၊ ဒုတိယသင်တန်းမှူး၊ အဆောင်မှူးများနှင့် သင်တန်းသား(၁၀၂)ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။








(၁/၂-၉-၂၀၂၂)ရက်နေ့တွင် အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးနှင့်တာဝန်ရှိသူတို့သည် ရေကူးကန်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ကျောင်းဝန်းအရှေ့ဘက်ခြမ်းနှင့် တောင်ဘက်ခြမ်း အုတ်တံတိုင်း ကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အမျိုးသားအိပ်ဆောင်၊ အမျိုးသမီးအိပ်ဆောင်နှင့် အားကစားကွင်း/အားကစားရုံများအား ကြည့်ရှုစစ်ဆေးပြီးနောက် အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)ရှိ အရာထမ်း/အမှုထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးစတုတ္ထအကြိမ် Booster ထိုးနှံနေမှုအား ကြည့်ရှု

စာမျက်နှာ(၆၃)…မှစာဆက်

သွားပါသည်။

ထို့နောက် မွန်ပြည်နယ် အစိုးရအဖွဲ့မှ ကြက်ဥ(၁၀၂၀)လုံးအား အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်) သင်တန်းသား/သူများအား ထောက်ပံ့ ပေးအပ်ခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စားလူမှုရေးရာဝန်ကြီးမှ ပေးအပ်ခဲ့ပြီး သင်တန်းသားတစ်ဦးနှင့် သင်တန်းသူတစ်ဦးတို့မှ လက်ခံရယူခဲ့ပါသည်။ ၎င်းနောက် သင်တန်းသား/သင်တန်းသူများနှင့် အတူ နေ့လယ်စာ အတူ သုံးဆောင်ခဲ့ကြပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားများ ပြောကြားခဲ့ပါသည်။

## အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အိမ်ရှင်ကမ္ဘောဒီးယားက ဆုတံဆိပ်များကို မလျော်ကန်သောနည်းဖြင့် ရယူမည်မဟုတ်ကြောင်း ကတိပြု

ရန်ကုန်၊ စက်တင်ဘာလ(၂၇)ရက်။

ကမ္ဘောဒီးယားနိုင်ငံအရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ အတွင်းရေးမှူး Cham-roean က ကမ္ဘောဒီးယားနိုင်ငံတွင် ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပွဲစဉ်ဇယားများကို ယခင်သတ်မှတ်ဆုံးဖြတ်ထားသည့်အတိုင်း မှန်မှန်ကန်ကန်၊ မျှမျှတတ၊ ပွင့်လင်းမြင်သာမှုရှိသော စည်းမျဉ်း၊ စည်းကမ်းများဖြင့်တိကျစွာ သတ်မှတ်ပြဋ္ဌာန်း ရေးဆွဲဆောင်ရွက်ထားရှိပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယ ဝန်ကြီးချုပ် Tea Banh ၏ လမ်းညွှန်ချက်များကို လိုက်နာလျက် ကော်မတီအနေဖြင့် နည်းစနစ်ပိုင်းဆိုင်ရာလုပ်ငန်းများတွင် ရိုးသားမှု၊ တရားမျှတမှုတို့ကို အခြေခံလျက် အကောင်းဆုံး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ၊

ထို့အပြင် " Fair Play " ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့် အားကစားပွဲဆိုင်ရာ စည်းမျဉ်းများကို လေးစားလိုက်နာကြရမည်ဖြစ်ပါကြောင်းနှင့် ဆုတံဆိပ်များ ဆွတ်ခူးရရှိစေရန်အတွက် အခြားနိုင်ငံများမှ အားကစားသမားများနှင့် ပြိုင်ပွဲယှဉ်ပြိုင်ရာတွင် ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုဆိုင်ရာ အခြေခံမှုများကို လေးနက်စွာ ထိန်းသိမ်း လိုက်နာရန် လိုအပ်ပါကြောင်း၊ ၂၀၂၃ ခုနှစ်၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင် ယှဉ်

စာမျက်နှာ(၆၆)သို့

# အားကစားမှာ အခြေပြုရာ

ကျော်ဇင်မိုး

ကျင်လည်ကြံ့ရ လူ့ဘဝမှာ
လာဘ်ရယ်တစ်ပါး ကျန်းမာခြားဟု
ဖွဲ့ဆိုတင်စား စာဆိုများနဲ့
အသို့ဆိုသွား လုစ်ဖော်ထားလည်း
အသိခေါက်ခက် အဝင်နက်ကြောင့်
စုပုံဆုံကြ ငွေအလှုနဲ့
ဆေးရုံဆေးခန်း ဂိလနန်းမှာ
ပြိုင်ကာတိုးဝေ့ အသိမွေ့သော်
ချိန်မတန်ခင် သောကနင်သည်
မဝေသေးမီ ကြွေလေပြီ။

တို့များနုနယ် ကလေးရွယ်က
ပညာလည်းသင် ဆော့ပြေးနင်လို့
မျှတတေးချင်း ပေါင်းဖက်နှင်းတော့
ကျောင်းနေလည်းပျော်
စာလည်းတော်၍
လူ့ရွာဘောင်သစ် ပြည့်ရင်နှစ်သည်
ကျန်းမာရွှင်လန်း တက်ကြွလုမ်းဖြင့်
သူဟုတတ်စွမ်း ရင်ဘောင်တန်းကာ
ထူးချွန်ထက်မြက် ပဥ္စလက်နှင့်
ပြည့်ဖြိုးဝေစည် လူငယ့်ဂုဏ်သည်
ထွန်းလင်းတောက်ပ ရှိခဲ့သည်။



ယနေ့လူငယ် ဖိုးတန်ရွယ်မူ
စာအုပ်မျက်နှာ မခွာရာဟု
လွဲမှားယူဆ တထစ်ချနဲ့
ဘာသာဂုဏ်ထူး ပြိုင်ကာဦးအောင်
အံ့သေပုံခွက် ထဲ့ကာနက်သော်
နုနယ်ပျိုမြစ် ရှေ့ပုံဖြစ်သည်
ကျုံ့လိုသေးနုတ် မျက်မှောင်ကြုတ်နှင့်
ချိနဲ့ခြေလှမ်း စမ်းဝါးလမ်းကို
စိုက်စိုက်ဦးသွင် ခရီးနှင်သည်
လူ့ရင်းမြစ်တို့ ဆုံးလေပြီ။

ရင်သပ်ဖွေ့ရှာ တုမှားရာကို
ကျန်းမာကြံ့ခိုင် ပြည့်မလျှိုင်ဟု
ဆရာပုံပြောင်း ပန်းပုကောင်းနဲ့
ဖွေ့ကာထုဆစ် သိဉာဏ်သစ်ဖြင့်
စာတွင်လည်းတော် ဘဝပျော်၍
ခံယူနှလုံး စွဲမှတ်ထုံးအောင်
ငွေကုန်သက်နှင်း ချိနဲ့ခြင်းကို
ရိုက်ကာဖြိုခွင်း ကျန်းမာခြင်းဖြင့်
ပြုံးပျော်ရွှင်လန်း ပန်းခင်းလမ်းသို့
တက်ကြွလှုပ်ရှား အားကစားနဲ့
ဆင်နွှဲလျှောက်လှမ်းကြပါစို့။

ကျော်ဇင်မိုး
ညွှန်ကြားရေးမှူး
အားကစားနှင့်ကာယပညာဦးစီးဌာန

# အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ညွှန်ကြားရေးမှူး နှင့် ဝန်ထမ်းများတွေ့ဆုံပွဲနှင့် ဝန်ထမ်းသက်သာထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနား ကျင်းပ

● ရန်ကုန်၊ စက်တင်ဘာလ(၉)ရက်။

အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ တွေ့ဆုံပွဲနှင့်ဝန်ထမ်းသက်သာထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက်(၁၀း၃၀) နာရီတွင် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ဒုတိယကျောင်းအုပ်ကြီးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဌာနစိတ်အလိုက် အရာထမ်း၊ အမှုထမ်း စုစုပေါင်း (၂၅၈)ဦး တက်ရောက်ခဲ့ပါသည်။

ပထမဦးစွာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေမှ အဖွင့်အမှာစကား ပြောကြားရာတွင် ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် ဌာနစိတ်အလိုက် စနစ်တကျ စည်းစည်းလုံးလုံး ဆောင်ရွက်ကြရန်နှင့် ကျင့်ဝတ်နှင့်အညီ ပြောဆိုနေထိုင်ကြပြီး လမ်းညွှန်ချက်များကို အချိန်နှင့်တစ်ပြေးညီ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ရန်ကုန်တွင် ကိုဗစ်-၁၉ ကူးစက်မှုနှုန်း မြင့်မားလာသည့်အတွက် ဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ စည်းကမ်းများကို လိုက်နာပြီး၊ မဖြစ်မနေ Mask တပ်ခြင်း၊ လက်ဆေးခြင်း၊ အပူချိန်တိုင်းတာခြင်း၊ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ် အကွာအဝေး အတိုင်း ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လုံခြုံရေးသတိ အမြဲရှိပြီး အထူးဂရုစိုက်ကြရန်လိုအပ်ကြောင်း ပြောကြားသွားပါသည်။

ထို့နောက် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ဌာနစိတ်အလိုက် ဝန်ထမ်းများမှ တင်ပြစရာရှိသည့် အကြောင်းအရာများကို ဆွေးနွေး တင်ပြကြရာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေမှ ဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် နိဂုံးချုပ် အမှာစကားပြောကြားပြီး ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပစ္စည်း(၅)မျိုးအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ ■











▶ စာမျက်နှာ(၆၄)မှ စာဆက်

ပြိုင်မည့် အမျိုးသားအားကစားအဖွဲ့ချုပ်အားလုံးကို ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုဆိုင်ရာမူများနှင့်အညီ ဆုတံဆိပ်များရယူရန်၊ မရိုးမသားပြုမူခြင်း(သို့) ပွဲစဉ်ဇယားများကို လုပ်ကြံဖန်တီး ရေးဆွဲခြင်းမပြုလုပ်ရန် ကြိုတင် အသိပေးထားပြီးဖြစ်ပါကြောင်း၊ သြဂုတ်လ(၁၁)ရက်နေ့က NOCC ရုံးချုပ်၌ ကျင်းပပြုလုပ်သည့် အစည်းအဝေးတွင်လည်း ၂၀၂၃ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ စွမ်းရည်ပြ အားကစားနည်းတစ်နည်းအပါအဝင် အားကစားနည်း (၃၉)မျိုးအတွက် ပွဲစဉ်ဇယားပေါင်း(၅၀၀)ကျော်ကို ရေးဆွဲအတည်ပြုထားပြီးဖြစ်ပါကြောင်းနှင့် မိမိတို့အနေဖြင့် ပြိုင်ပွဲတွင် ပွဲစဉ်ပေါင်း(၅၀၀)ကျော်နှင့် ညီမျှသော ရွှေတံဆိပ်ဆုပေါင်း(၅၀၀)ကျော်ကို ချီးမြှင့်ပေးအပ်ရန် စီစဉ်ထားရှိပါကြောင်း၊ အားကစားအဖွဲ့ချုပ်များအနေဖြင့် အောင်မြင်မှုရရှိရေး ဦးတည်လျက် ထူးချွန်မှုနှင့် အလားအလာ ကောင်းမွန်မှုဆိုင်ရာနည်းဗျူဟာ ချမှတ်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့လိုအပ်ချက်များကိုလည်း အသေးစိတ်စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။




ကမ္ဘောဒီးယား အားကစားအာဏာပိုင်အဖွဲ့မှလည်း လက်ရွေးစင်အားကစားသမားများသည် ကမ္ဘောဒီးယားနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင် ဆုတံဆိပ်များရယူကြမည့် စံပြပုဂ္ဂိုလ်များဖြစ်သည်နှင့်အညီ နည်းစနစ်ပိုင်းဆိုင်ရာပိုင်းတွင် အဆင့်လိုက်မြင့်မားတိုးတက်စေမည့်စိတ်ပိုင်းဆိုင်ရာ၊ နည်းစနစ်ပိုင်းဆိုင်ရာ နှင့် ကာယလေ့ကျင့်ရေးဆိုင်ရာများ ပါဝင်သည့် လေ့ကျင့်ရေးပိုင်းကို အထူးအာရုံစိုက်ဆောင်ရွက်စေလိုပါကြောင်း တိုက်တွန်း ပြောကြားခဲ့ကြောင်း သိရှိရသည်။

ဘာသာပြန်သူ -
ဦးအောင်သူ(ဌာနခွဲစာရေး)
ဦးမျိုးကိုကို(စာကူး/စက်လည့်အကူ)

# ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်မှ အားကစားနှင့်ကာယပညာသိပ္ပံ(လွိုင်ကော်)သို့ ထောက်ပံ့ငွေနှင့်ထောက်ပံ့ပစ္စည်း ပေးအပ်ခြင်း အခမ်းအနားကျင်းပ

ကယား၊ စက်တင်ဘာလ(၁၀)ရက်။

ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်(၀၉:၀၀)နာရီအချိန်တွင် အားကစား နှင့် ကာယပညာသိပ္ပံ (လွိုင်ကော်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ သင်တန်းသား/သင်တန်းသူများအတွက် ဆန်နှင့်စားသောက်ရေးအတွက် ထပ်ဆောင်းထောက်ပံ့ငွေများ ပေးအပ်ခဲ့ပါသည်။

ရှေးဦးစွာ အားကစားနှင့်ကာယပညာသိပ္ပံ(လွိုင်ကော်)မှ သင်တန်းသား/သင်တန်းသူများ၏ ဘောလုံး၊ ပြေးခုန်ပစ်၊ ဂျူဒို အားကစားနည်းများ လေ့ကျင့်နေမှု၊ တိုက်ကွမ်ဒိုအားကစားသမားများ၏ ကိုယ်ကာယကြံ့ခိုင်ရေးအတွက် GYM လေ့ကျင့်နေမှုများအား ကြည့်ရှုအားပေးပြီး အားကစားကွင်း/အားကစားရုံနှင့် သင်တန်းသား/သင်တန်းသူများ၏ အိပ်ဆောင်များ၊ သုံးရေ လုံလောက်စွာ ထားရှိပေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်ပြီး ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာ ဝန်ထမ်းများက ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများ၊ ချုံနွယ်ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းနေမှုများ၊ ကျောင်းဝင်းအတွင်း စိုက်ပျိုးထားသော စားသုံးသီးနှံစိုက်ခင်းများကို ကြည့်ရှုခဲ့ပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသား/သင်တန်းသူများအား စားသောက်မှု ပြည့်စုံစေရေးနှင့် ထပ်ဆောင်း အာဟာရများ ကျွေးမွေးနိုင်ရန်အတွက် တစ်လလျှင် ဆန်(၁၀)အိတ်နှင့် ငွေကျပ် (၁၀)သိန်းဖြင့် (၃)လအတွက် ဆန်အိတ်(၃၀)နှင့် ထောက်ပံ့ငွေကျပ်သိန်း(၃၀)ကို ပေးအပ်ရာ အားကစား နှင့် ကာယပညာသိပ္ပံ (လွိုင်ကော်) ကျောင်းအုပ်ကြီး ဒေါ်စိုးစိုးမြာက လက်ခံရယူခဲ့ပါသည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာ ဝန်ကြီး ဦးအောင်ဝင်းဦးက ကျောင်းတွင်း အခြေခံမြန်မာ့ရိုးရာ သိုင်းနှင့်ကျွမ်းဘားအားကစားနည်း အခြေခံသင်တန်းများတွင် ထူးချွန်ဆုရရှိသူများကို ဆုချီးမြှင့်ရာ ဆုရရှိသော သင်တန်းသား/သင်တန်းသူများက လက်ခံရယူခဲ့ပြီး၊ ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အားကစားနှင့် ကာယပညာသိပ္ပံ(လွိုင်ကော်)တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၌ တက်ရောက်နေသော သင်တန်းသား/သင်တန်းသူ(၆၄)ဦး၊ နည်းပြဆရာ/ဆရာမများနှင့်စုပေါင်းနေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရှိရသည်။

■















# ၂၀၂၂ ခုနှစ်၊ ကိုရီးယားသံအမတ်ကြီးဖလား တိုက်ကွမ်ဒိုပြိုင်ပွဲတွင် Dragon အသင်းနှင့် YCDC အသင်းတို့ ပထမတံခွန်စိုက်ဆုများ ဆွတ်ခူး

● ရန်ကုန်၊ စက်တင်ဘာလ(၄)ရက်။

မြန်မာနိုင်ငံ တိုက်ကွမ်ဒို အဖွဲ့ချုပ်နှင့် ကိုရီးယားသံရုံးတို့ ပူးပေါင်းကျင်းပသော ၂၀၂၂ခုနှစ်၊ ကိုရီးယားသံအမတ်ကြီးဖလား တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏ(ဘူရောင်း) တိုက်ကွမ်ဒို လေ့ကျင့်ရေးစင်တာ၌ ကျင်းပပြီး ညနေပိုင်းတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ Dragon အသင်းနှင့် YCDC အသင်းတို့က ပထမ တံခွန်စိုက်ဆုများ ဆွတ်ခူးရရှိကြသည်။










၂၀၂၂ ခုနှစ်၊ ကိုရီးယားသံအမတ်ကြီးဖလား တိုက်ကွမ်ဒိုပြိုင်ပွဲ ဖွင့်ပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး H.E. Kang Kmygu နှင့် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမြဟန်တို့က အမှာစကား ပြောကြားကြပြီး ပြိုင်ပွဲဝင် အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြသည်။ ထို့နောက် အမျိုးသား/ အမျိုးသမီး သက်ငယ်တန်းအဆင့်၊ ဂျူနီယာတန်းအဆင့် ၊ "က" ကွက် ၊ အတိုက်ပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲ၌ သက်တမ်းအမျိုးအစားအလိုက် အတိုက်(Kyorugi) နှင့် "က"ကွက်(Poomsae)ပြိုင်ပွဲများ ကျင်းပရာ အသက်(၁၄)နှစ်အောက် အမျိုးသား/အမျိုးသမီးပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆုဖလားအား ရွှေ(၄)ခု၊ ငွေ(၅)ခု၊ ကြေး(၂)ခုဖြင့် Dragon အသင်း ကလည်းကောင်း၊ ဒုတိယဆုကို ရွှေ(၃)ခု၊ ကြေး(၂)ခုဖြင့် ရွှေပြည်သာအသင်းကလည်းကောင်း၊ တတိယဆုကို ရွှေ(၂)ခု၊ ငွေ(၄)ခု၊ ကြေး(၇)ခုဖြင့် အောင်ဆန်းအသင်းကလည်းကောင်း အသီးသီးရရှိကြသည်။

အလားတူ အသက်(၁၇)နှစ်အောက် အမျိုးသား/အမျိုးသမီးပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဆုဖလားကို ရွှေ(၆)ခု၊ ငွေ(၃)ခု၊ ကြေး(၃)ခုဖြင့် YCDC အသင်းကလည်းကောင်း၊ ဒုတိယဆုကို ရွှေ(၂)ခု၊ ငွေ(၁)ခု၊ ကြေး(၂)ခုဖြင့် Dragon အသင်းကလည်းကောင်း၊ တတိယဆုကို ရွှေ(၁)ခု၊ ငွေ(၂)ခု၊ ကြေး(၅)ခုဖြင့် အောင်ဆန်းအသင်းကလည်းကောင်း ရရှိခဲ့ကြသည်။

ဆုရရှိကြသည့် အားကစားအသင်းများနှင့် အားကစားသမားတို့အား မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က တံခွန်စိုက်ဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းပြိုင်ပွဲတွင်ကလပ်အသင်းများမှ ကစားသမား ၁၀၀ ကျော် ပါဝင်ကြပြီးပြိုင်ပွဲပေါင်း၁၀၀ကျော် ကျင်းပခဲ့ကြောင်း မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ သိရသည်။

၁၉၇၉ ခုနှစ်၊ ဇွန်(၁၂)ရက်တွင် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်ကို ဖွဲ့စည်းတည်ထောင်ကာ မြန်မာနိုင်ငံတစ်ဝန်း တိုက်ကွမ်ဒိုအားကစားနည်း ပြန့်ပွားရေးအတွက် ပိုမို ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် ကိုရီးယားသံအမတ်ကြီးဖလား တိုက်ကွမ်ဒိုပြိုင်ပွဲကို ၂၀၀၆ ခုနှစ်မှ စတင်ကျင်းပခဲ့ကြောင်းလည်း သိရသည်။ ■




ကမ္ဘာ့လူငယ်များနေ့ဆောင်ပုဒ်

သက်ရှယ်စုံညီ ကမ္ဘာသစ်ဆီ
မျိုးဆက်သစ်အားလုံး ပူးပေါင်းပါဝင်ကူညီ





နောက်ကျောဖုံးသတင်း ••• မှ စာဆက်

အားကစားကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး Ayeyawaddy United FC မှ ဘောလုံးအားကစားသမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စကားပြောကြားရာတွင် အသင်းအဖွဲ့စိတ်ဓာတ်ထားရှိရန်နှင့် စုပေါင်းညီညွတ်မှုရှိမှ အောင်မြင်မှု ရရှိနိုင်မည်ဖြစ်ကြောင်း၊ နောက်ဆုံးအချိန်အထိ ဇွဲမလျှော့ဘဲ မဆုတ်မနစ်သောစိတ်ဓာတ်ဖြင့် အားသွန် ခွန်စိုက်ကြိုးစားလေ့ကျင့်ကြရန်လိုကြောင်း၊ နည်းပြများကလည်း အားကစားသမားများအပေါ် မိသားစုသဖွယ် စေတနာ၊




မေတ္တာထားပြီး ပြုစုပျိုးထောင်၍ ဆုံးမသွန်သင်ပေးရန် လိုကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အားကစားနှင့်ကာယပညာဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများနှင့်တွေ့ဆုံကာ အဖွဲ့အစည်းဖြင့် လုပ်ဆောင်ရသည့် လုပ်ငန်းဖြစ်သည့်အတွက် စည်းလုံးညီညွတ်မှုရှိရန်နှင့် မိသားစုစိတ်ဓာတ်ထားရှိပြီး တစ်ဦးနှင့်တစ်ဦး အထက်အောက် အပြန်အလှန် လေးလေးစားစားပြောဆိုဆက်ဆံ၍ ကူညီဖေးမ ဆောင်ရွက်လုပ်ကိုင်ကြရန်လိုကြောင်း၊ စာအုပ်စာပေများများဖတ်မှသာ စဉ်းစားတွေးခေါ်ဝေဖန် ပိုင်းခြားနိုင်ပြီး ဗဟုသုတ

စာမျက်နှာ(၇၀)သို့

# ကမ္ဘောဒီးယားအားကစားသမား(၁၆၁)ဦးသည် ယခုလအတွင်း တရုတ်နိုင်ငံသို့ လေ့ကျင့်ရန် ထွက်ခွာမည်

● ရန်ကုန်၊ စက်တင်ဘာလ(၂၇)ရက်။

၂၀၂၃ ခုနှစ်တွင် ကျင်းပ ပြုလုပ်မည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမတိုင်မီ ပိုမိုထိရောက်စွာ လေ့ကျင့်နိုင်ရေးအတွက် ယခုလအတွင်း ကမ္ဘောဒီးယားနိုင်ငံမှ အားကစားသမား (၁၆၁)ဦးသည် တရုတ်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်ပါသည်။ အဆိုပါအစီအစဉ်ကို ယခင်နှစ်ကတည်းက ဆောင်ရွက်ရန် အဆိုပြုထားသော်လည်း ကိုဗစ်(၁၉) ရောဂါဆိုင်ရာ မူဝါဒများချမှတ်ဆောင်ရွက်ထားမှုကြောင့် လပေါင်းများစွာ ကြန့်ကြာခဲ့ပြီးနောက်ဆုံးတွင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ကမ္ဘောဒီးယား အထွေထွေအတွင်းရေးမှူး Vath Chamroeun က "ကိုဗစ်နှင့်ပတ်သက်သည့် ကန့်သတ်ချက်အချို့ကို ဖြေလျှော့လိုက်သည့်အတွက် ယခုအချိန်သည် အားကစားသမားများကို ပြည်ပသို့ စေလွှတ်ရန် အကောင်းဆုံးအချိန်ဖြစ်ပါကြောင်း၊ ကစားသမားများအတွက် ဗီဇာရရှိရေးလုပ်ငန်းစဉ်များ အဆင်ပြေစေရေးနှင့် တရုတ်နိုင်ငံသို့ အမြန်ဆုံးထွက်ခွာနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိအနေဖြင့် လေယာဉ်လက်မှတ်၊ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် ဆေးကုသမှုအပါအဝင် လေ့ကျင့်ရေးဆိုင်ရာ ထောက်ပံ့မှုများအား အပြည့်အဝ ကူညီပေးခဲ့သည့် တရုတ် ပြည်သူ့သမ္မတနိုင်ငံအစိုးရ၊ တရုတ်နိုင်ငံ အိုလံပစ် ကော်မတီနှင့် တရုတ်အားကစားအာဏာပိုင်များကို ကျေးဇူးတင်ရှိပါကြောင်း" အလေးအနက် ပြောကြားခဲ့ပါသည်။



ကမ္ဘောဒီးယား အိုလံပစ်ကော်မတီ (NOCC) ၏ ထုတ်ပြန်ချက်တွင် လေ့ကျင့်မည့်နေရာနှင့်ကာလကို ဖော်ပြထားခြင်းမရှိသော်လည်း ကမ္ဘောဒီးယား အထွေထွေအတွင်းရေးမှူး Vath Chamroeun ၏ ပြောကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၃ ခုနှစ်၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို မေလ(၅)ရက်နေ့မှ (၁၆)ရက်နေ့အထိ အိမ်ရှင်အဖြစ် လက်ခံ ကျင်းပမည် ဖြစ်ပါကြောင်း၊ အားကစားသမားများသည် ၂၀၂၃ ခုနှစ်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲမတိုင်မီအထိ တရုတ်နိုင်ငံတွင် လေ့ကျင့်မှု ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ လေ့ကျင့်ရေးနှင့်ပတ်သက်သည့် ကုန်ကျစရိတ် အားလုံးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကျခံပေးမည်ဖြစ်ပါကြောင်း၊ ကမ္ဘောဒီးယား အိုလံပစ်ကော်မတီမှ ပြောကြားခဲ့ပါသည်။

အဆိုပါ သွားရောက်မည့် အားကစားအဖွဲ့များတွင် ရေကူး၊ ဘတ်စကက်ဘော၊ ဝူရှူး၊ အလေးမ၊ ဘော်လီဘော၊ ကြက်တောင် ၊ နပန်း၊ ဂျူဒို၊ စားပွဲတင်တင်းနစ်နှင့်ကျွမ်းဘား၊ အမျိုးသမီးဘောလုံးသမား(၂၅)ဦး အပါအဝင် အားကစားနည်း(၁၂)နည်းမှ အားကစားသမားများ ပါဝင်ကြမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် ကမ္ဘောဒီးယား နပန်းကစားသမား(၅)ဦးနှင့် ကျွမ်းဘား အားကစားသမား (၁)ဦး တို့သည် ၂၀၁၉ ခုနှစ်၊ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမတိုင်မီ ငါးလတာ လေ့ကျင့်ရန်အတွက် တရုတ်နိုင်ငံသို့ သွားရောက်လေ့ကျင့်ခဲ့ဖူးပြီး ကမ္ဘောဒီးယားရွက်လှေနှင့် အခြားသော အားကစားသမားများလည်း တရုတ်နိုင်ငံတွင် ယခင်က လေ့ကျင့်မှုများ ပြုလုပ်ခဲ့ပါကြောင်းနှင့် ကမ္ဘောဒီးယားနိုင်ငံသည် လေ့ကျင့်မှုအရှိန်အဟုန်ကို မြှင့်တင်နိုင်ရန်အတွက် တရုတ်၊ တောင်ကိုရီးယား၊ ထိုင်း၊ ဗီယက်နမ်၊ ဂျပန်၊ ပြင်သစ်နှင့် အခြားနိုင်ငံများသို့လည်း အားကစားသမားများ စေလွှတ်ထားခဲ့ကြောင်း သိရှိရသည်။

ဘာသာပြန် - အား/ကာ ဦးစီးဌာန၊ စီ/သုရုံးအဖွဲ့





















စာမျက်နှာ(၆၉)…မှစာဆက်

များစွာ ရရှိလာမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မခံရအောင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကာကွယ်ထိန်းချုပ်ရေး စည်းမျဉ်း၊ စည်းကမ်းများအတိုင်း သွားလာ နေထိုင်၍ ကျန်းမာရေးကို အထူး ဂရုစိုက်ကြရန် လိုကြောင်း၊ ကျန်းမာရေးကောင်းမွန်မှသာ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ပျော်ပျော်ရွှင်ရွှင်ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများတွင် အခက်အခဲများနှင့် အခြားလိုအပ်သည်များရှိပါက တာဝန်ရှိသူများမှတစ်ဆင့် အချိန်မရွေး တင်ပြနိုင်ပြီး မိမိအနေဖြင့် အတတ်နိုင်ဆုံး ကူညီဖြည့်ဆည်း ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြောင်းမြမြို့နယ်၊


















မြို့မအားကစားကွင်းအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဘောလုံး အားကစားကွင်း စိမ်းလန်းစိုပြေမှုရှိစေရေး၊ သန့်ရှင်းသာယာမှုရှိစေရေး၊ တောင်ဘက်တွင် ပွဲကြည့်စင်အသစ် ပြန်လည်တည်ဆောက်နိုင်ရေး၊ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေး နှောင်ရိုးအားကစားခန်းမ(၂)နှင့် မြရောရေကူးကန်တို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် ရေကူးကန်အား စနစ်တကျထိန်းသိမ်းရန်၊ ရေများမကြာခဏလဲလှယ်ပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိမ်မဲမြို့နယ်၊ ရွှေလင်းယုန်အားကစားခန်းမနှင့် ဘောလုံးအားကစားကွင်းတို့အား လည်းကောင်း၊ သာပေါင်းမြို့နယ် ဘောလုံးအားကစားကွင်းတို့အား လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားခန်းမအတွင်း ခိုငှက်များမဝင်နိုင်စေရန် သံဇကာများ ကာရံထားရန်လိုကြောင်း၊ ဘောလုံးအားကစားကွင်းများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ အားကစားကွင်း/အားကစားရုံများ ရေရှည်တည်တံ့စေရေးအတွက် စနစ်တကျထိန်းသိမ်းပြုပြင်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပြီး သာပေါင်းမြို့နယ်ဘောလုံးကွင်းတွင် ပွဲကြည့်စင်အသစ်တစ်ခု ထပ်မံ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်းနှင့် ထူးချွန် ထက်မြက်သည့် မျိုးဆက်သစ်အားကစားသမားများ ထွက်ပေါ်လာစေရန်အတွက် လိုအပ်သည့် အားကစားအထောက်အကူပြုပစ္စည်းများကိုလည်း ပံ့ပိုးကူညီဖြည့်ဆည်းပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ရောဝတီတိုင်းဒေသကြီးအတွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ တည်ဆောက်မည့်မြေနေရာနှင့် အားကစားကွင်း/အားကစားရုံများအား ကြည့်ရှုစစ်ဆေး

နေပြည်တော်၊ စက်တင်ဘာလ(၂၉)ရက်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် အောင်အောင် နှင့် အားကစားကွင်းအရှေ့ဘက်(၁၂၀ ပေ × ၂၀ပေ) (၂)ထပ် ပွဲကြည့်စင်တည်ဆောက်နေမှုနှင့် အိပ်ဆောင်တည်ဆောက်မည့် မြေနေရာတို့အားလည်းကောင်း၊ ဘောလုံးကွင်းနှင့် Synthetic ပြေးလမ်းတွင် ရေမတင်စေရေး တာဝန်ရှိသူများမှ စနစ်တကျ ကြပ်မတ်

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ဝန်ကြီးချုပ်နှင့်တွေ့ဆုံ၍ အားကစားလောက ဖွံ့ဖြိုးတိုးတက်စေရေး၊ လူငယ်ရေးရာကဏ္ဍနှင့်ပတ်သက်၍ အခြေခံပညာကျောင်းများမှစ၍ အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်နေမှု အခြေအနေများ၊ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် လိုအပ်သည့်အားကစားအထောက်အကူပြုပစ္စည်းများအား ပေးအပ် လှူဒါန်းခဲ့ရာ ဝန်ကြီးချုပ်မှ လက်ခံရယူခဲ့ပြီးနောက် ယခင်က ရောဝတီတိုင်းဒေသကြီးမှ မျိုးဆက်သစ်အားကစားသမားများစွာ ပေါ်ထွက်လာခဲ့ပြီး လေ့လော့်အားကစားသမား များစွာကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ယခုအခါတွင် မျိုးဆက်သစ် အားကစားသမား များစွာ ပေါ်ထွက်လာစေရေးအတွက် စနစ်တကျသင်ကြားပေးနိုင်ရန် နည်းပြဆရာများ နှင့် လေ့ကျင့်ရန်အတွက် အားကစားအထောက်အကူပြုပစ္စည်းများ လိုအပ်ပါကြောင်း ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားခဲ့ရာ ပြည်ထောင်စုဝန်ကြီးမှ လိုအပ်သည်များ ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်တိုင်ဘောလုံး

စာမျက်နှာ(၆၉)သို့




တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်(၈)နာရီမှစတင်၍ ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ် သစ်ပုတ်ကုန်းကျေးရွာအုပ်စုအတွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံ တည်ဆောက်မည့် ဧက(၅၀) မြေနေရာနှင့် ကန်သုံးဆင့် အဆင့်မြင့်ရေကူးကန် တည်ဆောက်မည့် မြေနေရာတို့အားလည်းကောင်း၊ ပုသိမ်မြို့ ကိုးသိန်း အားကစားပြိုင်ကွင်းရှိ ဘောလုံး ဆောင်ရွက်သွားရန်နှင့် မိုးလုံလေလုံ(ပြည်သူ့အားကစားရုံ)တို့အား လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားရုံ ရေရှည်တည်တံ့စေရေးနှင့် ခိုငှက်များ မဝင်နိုင်စေရန် ဝင်ပေါက်များအား စနစ်တကျ ကာရံသွားရန်၊ ကြမ်းခင်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေး လေဝင်ပေါက်များထားရှိရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပါသည်။





